ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန

တိပိဋက
ပါဠိ-မြန်မာအဘိဓာန်

အ - ဝဂ်

အတွဲ - ၂၁

(သံသ- သန္ဒာဟယာမသေ)

(အဘိဓာန်ဝင်ပုဒ်ပေါင်း ၇၈၈၅ ပါဝင်သည်)

မန္တလေးမြို့၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်မှ ရေးသားပြုစုသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၅၈ ကောဇာ ၁၃၇၆ ၂၀၁၄

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန

တိပိဋက
ပါဠိ-မြန်မာအဘိဓာန်

အ - ဝဂ်

အတွဲ - ၂၁

(သံသ- သန္နာဟယာမသေ)

(အဘိဓာန်ဝင်ပုဒ်ပေါင်း ၇၈၈၅ ပါဝင်သည်)

မန္တလေးမြို့၊ ဓမ္မိကာရာမ ဘုရားကြီးတိုက်မှ ရေးသားပြုစုသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၅၈ ကောဇာ ၁၃၇၆ ၂၀၁၄

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်

အတွဲ (၂၁)

အကြိမ်	အုပ်ရေ	ခုနှစ်
ပထမအကြိမ်	၁၀၀၀	၂၀၁၄

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်
ညွှန်ကြားရေးမှူး ဦးဝင်းထင်အောင်
(မှတ်ပုံတင်အမှတ် - ၀၃၈၄၃/၀၂၄၀၅)
ပုံနှိပ်ထုတ်ဝေသည်။

ကျမ်းစာအုပ် ဓမ္မဒါနအလှူရှင်

တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးများကို အဆက်မပြတ်

လည်ပတ်ပုံနှိပ်ထုတ်ဝေနိုင်ရန် ရည်မှန်း၍ ငွေပဒေသာပင်စိုက်ထူကာ

ပညာသံဝဏ္ဏနိကကုသိုလ်ပြုကြသော ဓမ္မဒါနဒါယကာများ

ဦးကျော်ညွန့် + ဒေါ်သန်းမြင့်

သားသမီးမြေးတစ်စု

ငွေကြာယံရိပ်သာ၊ ပါရမီလမ်း

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ကောင်းမှု

နတ်လူသာခုခေါ်စေသော်။ ။

တိပိဋက ပါဠိ – မြန်မာ အဘိဓာန်ကျမ်းကြီး

စဉ်	အဘိဓာန်ကျမ်းစာအုပ်တွဲ	ပါဝင်သည့် အက္ခရာပုဒ်	ပြုစုသည့် အဖွဲ့	ကုသိုလ်ရှင် အမည်
၁	အတွဲ (၁)	အ-မှ အနိဋ္ဌက ထိ	ဇမ္ဗူဒီပ အဖွဲ့	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၂	အတွဲ (၂)	အန- မှ အဗ္ဗောက္ကဏ ထိ	ဇမ္ဗူဒီပ အဖွဲ့	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၃	အတွဲ (၃)	အဗျဂ္ဂ- မှ အဋ္ဌာရသ-ထိ	ဇမ္ဗူဒီပ အဖွဲ့	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၄	အတွဲ (၄) အပိုင်း(၁)	အာ- မှ ဥတ္တရာသေယျ-ထိ	ဇမ္ဗူဒီပ အဖွဲ့	ဦးတေဇ မိသားစု၊ (Htoo Trading Co.,Ltd.)
၅	အတွဲ (၄) အပိုင်း(၂)	ဥဒ(၁)မှ ဥဠုရာသ- ထိ	မစိုးရိမ် အဖွဲ့	သာသနာရေးဌာန၊
၆	အတွဲ (၄) အပိုင်း(၃)	ဦ- ဩဠုမ္ပိက	မစိုးရိမ် အဖွဲ့	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၇	အတွဲ (၅)	က- မှ ကိလေဒေတွာ-ထိ	မစိုးရိမ် အဖွဲ့	ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး+ဒေါ်မြမြစန်း သားသမီးမြေး တစ်စု၊
၈	အတွဲ (၆)	ကိလေသ- မှ ခကာရ-ထိ	မစိုးရိမ် အဖွဲ့	ကမ္ဘာ့အောက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း+ ဒေါ်နန်းသန်းထွေး မိသားစု၊
၉	အတွဲ (၇)	ခ- မှ ဆိန္ဒေယျ-ထိ	ဝိသုဒ္ဓါရုံ အဖွဲ့	စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း+ဒေါ်ခင်ခင်ရီ သားသမီးမြေး တစ်စု၊
၁၀	အတွဲ (၈)	ဆိဒ္ဒ- မှ ဉာပစ္စယတ္တ-ထိ	ဝိသုဒ္ဓါရုံ အဖွဲ့	ဦးတင်ထွန်း+ဒေါ်ချိုချိုအောင် မိသားစု၊
၁၁	အတွဲ (၉)	တ- မှ ထောမေသာမိ-ထိ	ပဋ္ဌာန် အဖွဲ့	ဦးဝင်းမြင့်+ဒေါ်မြင့်မြင့်သန်း မိသားစု၊
၁၂	အတွဲ (၁၀)	ဒ- မှ ဒွေဠှကပုစ္ဆာ-ထိ	ပဋ္ဌာန် အဖွဲ့	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၁၃	အတွဲ (၁၁)	ဓ- မှ နိက္ခာမေသုံ-ထိ	ပဋ္ဌာန် အဖွဲ့	ဒေါက်တာကိုကိုကြီးနှင့် ဇနီး မိသားစု၊
၁၄	အတွဲ (၁၂)	နိက္ခတ္တ- မှ နှာရုသုတ္တနိဗန္ဓန-ထိ	ပဋ္ဌာန် အဖွဲ့	ချင်စု(မြန်မာ)ကုမ္ပဏီလီမိတက်၊
၁၅	အတွဲ (၁၃)	ပ- မှ ပဋိဂြုဟာန-ထိ	ဝိသုဒ္ဓါရုံ အဖွဲ့	ဦးကျော်စိန် (JLC Co.,Ltd.) မိသားစု၊
၁၆	အတွဲ (၁၄) အပိုင်း(၁)	ပဋိဘံသု- မှ ပမဒ္ဒေယျ-ထိ	ဝိသုဒ္ဓါရုံ အဖွဲ့	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၁၇	အတွဲ (၁၄) အပိုင်း(၂)*	*	ဝိသုဒ္ဓါရုံ အဖွဲ့	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၁၈	အတွဲ (၁၄) အပိုင်း(၃)*	*	ဝိသုဒ္ဓါရုံ အဖွဲ့	ချင်စု(မြန်မာ)ကုမ္ပဏီလီမိတက်၊
၁၉	အတွဲ (၁၅)	ဖ- မှဗောဓိဒီ-ထိ	မစိုးရိမ် အဖွဲ့	ဦးမောင်ကို+ဒေါ်ရွှေဥ မိသားစု၊
၂၀	အတွဲ (၁၆)	မ- မှ မုတပုဗ္ဗ-ထိ	မစိုးရိမ် အဖွဲ့	ဦးကျော်စိန် (JLC Co.,Ltd.) မိသားစု၊
၂၁	အတွဲ (၁၇)	ယ- မှ ရောဟိသ-ထိ	ဘုရားကြီး အဖွဲ့	ဒေါ်ခင်ညို၊ သား မောင်ဝိတ် မိသားစု၊
၂၂	အတွဲ (၁၈)	လ- မှ ဝဠဝါရထ-ထိ	ဘုရားကြီး အဖွဲ့	ဒေါ်ခင်ညို၊ သား မောင်ဝိတ် မိသားစု၊
၂၃	အတွဲ (၁၉)	ဝါ- ဝိဝေကာဓိမုတ္တိ	ဘုရားကြီး အဖွဲ့	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၂၄	အတွဲ (၂၀)	ဝိဝေကနိဿိတ-မှ သံဝေါဟာရ	ဘုရားကြီး အဖွဲ့	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၂၅	အတွဲ (၂၁)	သံသ – သန္နာဟယာမသေ	ဘုရားကြီး အဖွဲ့	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊

မန္တလေးမြို့၊ ဓမ္မိကာရာမဘုရားကြီးတိုက်
ပါဠိပဒ တိပိဋက ကျမ်းညွှန်းနှင့် တိပိဋက ပါဠိ မြန်မာအဘိဓာန်အဖွဲ့ ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ
ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ၊ ဝင့်သကာ သိရောမဏိ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘီအေ)

ရှေ့တန်းဝဲမှယာ – ဦးကုသလာစာရာဘိဝံသ၊ ဦးစက္ကပါလ၊ ဦးခေသာဘဏာဘိဝံသ၊ ဦးကုမာရာဘိဝံသ (ဥက္ကဋ္ဌ)၊
ဦးသုန္ဒရ၊ ဦးဩဘာသာဘိဝံသ၊ ဦးပဇ္ဇောဘာသာဘိဝံသ။

နောက်တန်းဝဲမှယာ – ဦးသဒ္ဓမ္မာနန္ဒ၊ ဦးနန္ဒိယ၊ ဦးနေမိန္ဒာဘိဝံသ၊ ဦးကဋ္ဌန၊ ဦးအဂ္ဂည။

မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်ကပြုစုသော
တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်း
အ–ဝဂ် အတွဲ– ၂၁

နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကမ္ဘာဦးလူသားတို့သည် နေ,လနှစ်ပါးကိုမျှော်လင့်တောင့်တစောင့်စား၍နေကြသကဲ့သို့ ရဟန်းရှင်လူပညာရှိအားလုံးတို့က မျှော်လင့်တောင့်တ၍နေသော ဤတိပိဋကပါဠိမြန်မာအဘိဓာန်အတွဲ ၂၁-ကို ယခုအခါ ဒက္ခိဏာရာမဘုရားကြီးတိုက် တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့က အောင်မြင်စွာ ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့ပါပြီ။

ဤတိပိဋကပါဠိမြန်မာအဘိဓာန် အတွဲ ၂၁-ထွက်ရှိချိန်တွင် အဘိဓာန်ကျမ်းပြုအဖွဲ့ကို ဦးဆောင်တော်မူခဲ့ကြသော အမရပူရဆရာတော်ဘုရားကြီး, နယားဆရာတော်ဘုရားကြီးတို့သည်ကား ဘဝနတ်ကျောင်း ရွှေပြောင်းသွားတော်မူခဲ့ကြသည်မှာ အချိန်အတော်ကြာမြင့်ခဲ့ပြီဖြစ်လေသည်။ သို့သော် ထိုဆရာတော်ဘုရားကြီးများ၏ တပည့်ကြီးဖြစ်တော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ နဝမဇန်းမော်ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူတော်မူကာ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆင်မင်းဆရာတော်ဘုရားက ကြံ့သင်းမျှုးတို့၏အကျင့်ကို မကျင့်သုံးမူ၍ ဆင်သင်းမျှုးတို့၏ အကျင့်ကို ကျင့်သုံးတော်မူလျက် ပန်းတိုင်ရောက်အောင် ခရီးဆက်လို့နေတော်မူလေသည်။

ဆင်သင်းမျှုးအသွင် ထေရ်အရှင်

ကြံ့သတ္တဝါတို့၏သဘောကား ရှေ့ဆောင်ကြံ့ကြီး ကြံ့သင်းမျှုးကြီးသည် ကြံ့ပေါက်ငယ်လေးများနှင့်အတူ သွားလာသည့်အခါ နောက်မှလိုက်ပါလာကြသော ကြံ့ပေါက်ငယ်လေးများကို လုံးဝအမှုမထား၊ ငဲ့ကွက်ရှုကြည့်ရကောင်းမှန်းမသိ၊ သူ့ရှေ့တွင်မြင်မြင်သမျှ တုံး, တိုင်, ကျောက်ခဲစသည့် လေးလံသောအရာဝတ္ထုများကိုသော်လည်း မရှောင်မလွှဲ ဖွဲ့နှင့်ချိမ နောက်သို့ချ၍ သူ့ဗလ, သူ့စွမ်းအင်, သူ့ထာမကို အများမြင်အောင်ပြသလေသည်။ ထိုကြောင့် နောက်မှမှီခိုလိုက်ပါလာကြသော ကြံ့ပေါက်ငယ်လေးများကား တုံး, တိုင်, ကျောက်ခဲစသည်ပိ၍သော်လည်းကောင်း၊ ဖရိုဖရဲဖြစ်၍သော်လည်းကောင်း၊ ဘေးရန်အန္တရာယ် တွေ့ကြုံ၍သော်လည်းကောင်း ခရီးမတွင်ဘဲ အတိဒုက္ခရောက်ကြရပေသည်။

ဆင်သတ္တဝါတို့၏သဘောကား ခေါင်းဆောင်ဆင်ကြီး ဆင်သင်းမှူးကြီးသည် ဆင်ထီး, ဆင်မ, ဆင်ပေါက်စလေးများနှင့်အတူ သွားလာသည့်အခါ လမ်းတွင်တွေ့ကြုံသမျှ ရှေ့နောက်ဝန်းကျင် တွေ့ရှိသမျှ အန္တရာယ်အဝဝကို ဖယ်ရှားသုတ်သင်လျက် နောက်ပါဆင်များ၏ ဘေးရန်လုံခြုံမှုကို အမြဲစောင့်ရှောက်၏၊ သူ့တစ်ကိုယ်ကောင်း နှာမောင်းပင့်ကာ ဝင့်ကာ စွင့်ကာဖြင့် ဘယ်တော့မှ သွားသည်မရှိ။ ထို့ကြောင့် နောက်ပါဆင်များလည်း ဘေးရန်အန္တရာယ်ကင်းခြင်း, ချမ်းသာခြင်း, ကြီးပွားခြင်းတို့ဖြင့် ပန်းတိုင်အရောက် ချီတက်ခွင့်ရကြလေသည်။ ထိုနည်းတူစွာ ဆင်သင်းမှူးနှင့်တူတော်မူသော ဆင်မင်း ဆရာတော်ဘုရားသည် နောက်ပါ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင် ရဟန်းငယ်များအား သူနှင့်အတူ ကြိုးစားရေးသားစေတော်မူခြင်း, ပညာအရပ်ရပ် ဖြန့်ဝေတော်မူခြင်း, နည်းပေးလမ်းပြပြုလုပ်တော်မူခြင်း တို့ဖြင့် ပန်းတိုင်အရောက် ချီတက်နေတော်မူပါသည်။ ယင်းသို့ပန်းတိုင်အရောက်ချီတက်နေသည်ကို ယခု ဤတိပိဋကပါဠိမြန်မာအဘိဓာန် အတွဲ ၂၁- ထွက်ရှိလာခြင်းကပင် သက်သေခံလို့နေပေပြီ။

ဤသို့လက်ဆင့်ကမ်း၍ အဆင့်ဆင့်ပြုစုရလောက်အောင် တန်ဖိုးကြီးမားသော အဘိဓာန်ကျမ်းများကား နိုင်ငံတိုင်း နိုင်ငံတိုင်း, လူမျိုးတိုင်း လူမျိုးတိုင်း, ပညာရှိတိုင်း ပညာရှိတိုင်းက အလေးအနက် တန်ဖိုးထားနှစ်သက်ကြသော ရနံ့သင်းသည့် ပျိုတိုင်းကြိုက်နှင်းဆီခိုင်သဖွယ် ဖြစ်လို့နေပေ၏။ ယင်းသို့ ဖြစ်နေသည်ကို သိသာထင်ရှားရန် ဤနေရာဝယ် ကျမ်းတစ်ကျမ်း၏ အရည်အသွေးများကို တင်ပြပေးမှ သာလျှင် ပို၍သင့်တော်ပေလိမ့်မည်။

ကျမ်းစာအရည်အသွေးအကဲဖြတ်နည်း

၁။ ပညာရှိတို့ အလေးဂရုထားခြင်း။
၂။ ကျမ်းပြုပုဂ္ဂိုလ်၏ အရည်အသွေးကို ကြည့်ခြင်း။
၃။ ကျမ်းဖြစ်ပေါ်လာပုံ အကြောင်းအရာကိုကြည့်ခြင်း။
၄။ ကျမ်းပြုထားပုံ အခြင်းအရာကို ဖတ်ရှုလေ့လာခြင်း။
၅။ ကျမ်း၏ အသုံးဝင်မှုတန်ဖိုးကို ကြည့်ရှုတိုင်းတာခြင်းတို့ဖြစ်ကြလေသည်။

ပညာရှိတို့ အလေးဂရုထားခြင်း

အဘိဓာန်ကျမ်းကို ပညာရှိတို့ အလေးဂရုထားခြင်းရှိသည်, မရှိသည်ဟူသောမေးခွန်းကိုကား မေးမြန်းဖွယ်ရာမလိုလောက်အောင်ပင် သမိုင်းအထောက်အထားတို့က သက်သေခံလို့နေပေပြီ မည်သည့် ခေတ်က စတင်ပေါ်ထွန်းလာ၍ မည်ကဲ့သို့သော ပညာရှင်များက တန်ဖိုးထားခဲ့ကြပါသနည်း? ဟူမူ ဗုဒ္ဓမြတ်စွာ မပွင့်မီခေတ်ကပင် ပေါ်ထွန်းနေပြီဖြစ်၍ ဗုဒ္ဓမြတ်စွာ သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားသခင် ကပင်လျှင် အလေးဂရုထားတော်မူခဲ့ပါသည်ဟုသာ ဖြေဆိုရမည်ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဒီဃနိကာယ် (သီလက္ခန္ဓဝဂ္ဂပါဠိ) ၈၂-တွင် "တေန ခေါ ပန သမယေန ဗြာဟ္မဏဿ ပေါက္ခရသာတိဿ အမ္ဗဋ္ဌော နာမ မာဏဝေါ အန္တေဝါသီ ဟောတိ အဇ္ဈာယကော

မန္တမရော တိက္ကံ ဝေဒါနံ ပါရဂူ သနိဃဏ္ဍုကေဋုဘာနံ သာက္ခရပ္ပဘေဒါနံ ဣတိဟာသပဉ္စမာနံ ပဒကော ဝေယျာကရဏော လောကာယတမဟာပုရိသလက္ခဏေသု အနဝယော အနုညာတပဋိညာတော သကေ အာစရိယကေ တေဝိဇ္ဇကေ" ဟူသောပါဠိရပ်၌ ကောသ-ခေါ် သော အဘိဓာန်ကျမ်းများစတင်ရာကို " ဝေဒိကနိဃဏ္ဍု " မှ စခဲ့သည်ဟုဆိုထားကြသည်ဖြစ်ရာ " နိဃဏ္ဍု " ဟူသော စကားဖြင့်ပင် အဘိဓာန်ကျမ်းသည် ဗုဒ္ဓမြတ်စွာမပွင့်သေးမီခေတ်ကပင် ပေါ် ထွန်းနေပြီဖြစ်ကြောင်း သိသာထင်ရှား လှပေသည်။

အဘိဓာန်အမျိုးမျိုး

ဘုရားရှင်မပွင့်မီခေတ်ကပင် ပညာရှိတို့အလေးဂရုထားမှုကြောင့် ပေါ် ထွန်းလာခဲ့သော အဘိဓာန်ကျမ်းများသည် ဘာသာရပ်အလိုက် နိုင်ငံအလိုက် အသိပညာဘဏ္ဍာတိုက်ကြီးတစ်ခုသဖွယ် ဖြစ်နေပါသည်။ ထို့ကြောင့် အမြော်အမြင်ကြီးမားသောပညာရှင်တို့က တစ်ဦးတစ်ယောက်အနေဖြင့်ဖြစ်စေ, ပညာရှင်များစုပေါင်း၍ဖြစ်စေ ပညာလိုလားသော နောင်လာနောက်သားတို့အတွက် ငဲ့ကွက်၍ ပြုစုခဲ့ကြပေသည်။ ယင်းသို့ ပညာရှင်များရေးသားပြုစုထားသော အဘိဓာန်များကား ဂုဏ်ယူအံ့သြ ဖွယ်ရာကောင်းလောက်အောင် ထွန်းကားပြန့်ပွားခဲ့ပေသည်။ ဆိုဗီယက်ယူနီယံ (ရုရှား) နိုင်ငံတွင် ပညာရှင်ပေါင်း ၅၀၀-တို့က စုပေါင်း၍ အဘိဓာန်အတွဲပေါင်း ၅၀၀-ကျော် ပြုစုခဲ့ကြသည်ဟု သတင်း မှတ်တမ်းများက အဆိုပြုထားကြ၏။ ထိုနည်းတူစွာ အိန္ဒိယ, အင်္ဂလန်, အမေရိကန်, တရုတ်စသော နိုင်ငံကြီးများတွင်လည်း ပညာရှင်အသီးသီးတို့က အဘိဓာန်ကျမ်းများကို ပြုစုထားခဲ့ကြပေသည်။ ထိုအဘိဓာန်ကျမ်းများကို အမျိုးအစားတူရာပေါင်းစု၍ နာမည်ပေးခဲ့သော်-

၁။ သမာနတ္ထကောသ အဘိဓာန်။

၂။ အနေကတ္ထကောသ အဘိဓာန်။

၃။ ဝေါဟာရ အဘိဓာန်ဟူ၍ သုံးမျိုးသုံးစားရှိပြီး အင်္ဂလိပ်ဘာသာအားဖြင့် Dictionary ဟူ၍ လည်းကောင်း, Lexicon ဟူ၍လည်းကောင်း, Glossary ဟူ၍လည်းကောင်း, Vocabulary ဟူ၍လည်းကောင်း ခေါ် ဝေါ် သုံးနှုန်းလေ့ရှိကြပြီး မြန်မာဘာသာအားဖြင့်မူ အတတ်ပညာနှင့်စပ်လျဉ်း၍ အက္ခရာအစီအစဉ်အားဖြင့် အမည်အမျိုးမျိုးကို ပြဆိုသော ဝေါဟာရစကားတို့၏အနက်ကိုပြသောကျမ်း ဟု အဓိပ္ပါယ်ရလေသည်။ (ဒေါက်တာဘဟန်)

သမာနတ္ထကောသ အဘိဓာန်

အနက်တူ, အရတူ, ပရမတ္ထတူညီကြသော ပရိယာယ်ဝေဝုစ် ပုဒ်အမျိုးမျိုးတို့ကို တပေါင်းတစုတည်း ရေးသားဖော်ပြရာကျမ်းကို သမာနတ္ထကောသအဘိဓာန်ဟုခေါ် ဆို၏။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဤသမာနတ္ထကောသအဘိဓာန်ပုဒ်မျိုးကို ဒေသနာတော်၏ တင့်တယ်စမွာယ်ကွန့်မြူးစေလိုခြင်း, ကျွတ်သင့် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့၏ အလိုအဇ္ဈာသယကိုငဲ့ညှာသနား ကရုဏာထားတော်မူခြင်း တို့ကြောင့် ထိုထိုဒေသနာတော်တို့၌ စုဏ္ဏိယ, ဂါထာနှစ်မျိုးတို့ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

အနည်းငယ်မျှပြဆိုရပါမူကား အဘိဓမ္မပိဋက၊ ဓမ္မသင်္ဂဏီပါဠိတော်ဝယ်------"ယော တသ္မိံ သမယေ စေတသိကော ဝီရိယာရမ္ဘော နိက္ကမော ပရက္ကမော ဥယျာမော ဝါယာမော ဥဿာဟော ဥဿောဠှီ ထာမော ဓိတိ အသိထိလပရက္ကမတာ အနိက္ခိတ္တဆန္ဒတာ အနိက္ခိတ္တဓုရတာ ဓုရသမ္ပဂ္ဂါဟော ဝီရိယံ ဝီရိယိန္ဒြိယံ ဝီရိယဗလံ သမ္မာဝါယာမော" ဟုဟောကြားထားတော်မူခဲ့၏။ (အဘိ၊ ၁။ ၂၁) ဤအဘိဓမ္မာစုဏ္ဏိယဒေသနာတော်၌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ပရမတ္ထအားဖြင့် ကြိုးစားအားထုတ်ခြင်း " ဝီရိယ " တစ်ပါးတည်းကိုပင် နိက္ကမ-စသော ပရိယာယ်ဝေဝုစ်တို့ဖြင့် များစွာတန်ဆာဆင်၍ ဟောကြားထားတော်မူခဲ့ပါသည်။ ထို့ကြောင့် ယင်းဒေနာတော်ကို သမာနတ္ထကောသအဘိဓာန်အသွင်ဆောင်နေသော စုဏ္ဏိယဒေသနာတော်များ ဖြစ်သည်ဟု ဆိုရပါမည်။ ထိုဒေသနာတော်မျိုးကို စုဏ္ဏိယအနေဖြင့်သာ တွေ့မြင်ရသည်မဟုတ် ဂါထာအနေဖြင့်လည်း တွေ့မြင်ရပါ၏။ ဥပမာပြဆိုရပါမူကား သံယုတ္တနိကာယ်၊ အသင်္ခတသံယုတ် ၌-------

အမတံ ပဏီတဉ္စ သိဝဉ္စ ခေမံ၊ တဏှက္ခယော အစ္ဆရိယဉ္စ အဗ္ဘုတံ။

အနီတိကံ အနီတိကဓမ္မံ၊ နိဗ္ဗာနမေတံ သုဂတေန ဒေသိတံ။

အဗျာဗဇ္ဈော ဝိရာဂေါ စ၊ သုဒ္ဓိ မုတ္တိ အနာလယော။

ဒီပေါ လေဏဉ္စ တာဏဉ္စ၊ သရဏဉ္စ ပရာယန" န္တိ (သံ၊ ၂။ ၅၄၃) ဟူ၍ ဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းချက်ပန်းတိုင်တစ်ခုဖြစ်သော " နိဗ္ဗာန် " တစ်မျိုးတည်းကိုပင် အမတ, ပဏီတ-စသော ပရိယာယ် ဝေဝုစ်အမျိုးမျိုးတို့ဖြင့် တန်ဆာဆင်၍ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် သမာနတ္ထကောသ အဘိဓာန်အသွင်ဆောင်သော ဂါထာဒေသနာတော်များဖြစ်သည်ဟု ဆိုရပါမည်။

ထို့အတူ ပါဠိတော်ကိုဖွင့်ဆိုသော အဋ္ဌကထာဆရာကြီးများကလည်း--------

မဒ္ဒံ ဝုစ္စတိ သိနိဒ္ဓံ မဋ္ဌံ။ (အဘိ၊ဋ္ဌ၊၁။၁၉၄။)

ဥပပတ္တီတိ နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ။ (အဘိ၊ ဋ္ဌ၊ ၁။ ၂၀၇။)

ဘာဝေတီတိ ဇနေတိ ဥပ္ပါဒေတိ ဝဍ္ဎေတိ။ (အဘိ၊ဋ္ဌ၊၁။ ၂၀၇။) အစရှိသည်ဖြင့် ဖွင့်ဆိုတော်မူခဲ့ကြပါသည်။ သို့ဖြစ်၍ သမာနတ္ထကောသအဘိဓာန်ပြုစုတော်မူခဲ့ကြသည်ဟုသာ ဆိုရပါမည်။

ယနေ့မြန်မာနိုင်ငံတွင် အသုံးတွင်ကျယ်နေပြီးဖြစ်သော အဘိဓာနပ္ပဒီပိကာကျမ်းတွင် သဂ္ဂကဏ္ဍမှ သံကိဏ္ဏဝဂ်တိုင်အောင်ပါဠိရပ်တို့သည် အနက်တူ ပရိယာယ်ဝေဝုစ်တို့ကိုပေါင်းစု၍ ပြထားသည်ဖြစ်ရာ သမာနတ္ထကောသအဘိဓာန်အမျိုးအစား၌ ပါဝင်ကြလေသည်။

ထို့ပြင် (၁) သာသနာတော်နှစ် ၁၈၅၉-ခုနှစ်၊ တမ္ဗဒီပတိုင်း ဝိဇယပုရပြည်၊ ပင်းယမြို့ဝယ်၊ စတုရင်္ဂဗလအမတ်ကြီး စီရင်ရေးသားအပ်သော အဘိဓာနပ္ပဒီပိကာဋီကာကျမ်းကို သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) အရှင်သုဘူတိမထေရ်သည် (အ,အာ-စသောအက္ခရာအစဉ်ဖြင့်) စီရင်ရေးသားအပ်သော အဘိဓာနပ္ပဒီပိကာသူစိကျမ်း။ (၂) မြန်မာနိုင်ငံ၊ ပုဂံခေတ် အရိမဒ္ဒနမြို့၊ အရှင်အဂ္ဂဝံသမထေရ် ရေးသားပြုစုအပ်သော သဒ္ဒနီတိဓာတုမာလာကျမ်း။ (၃) မန္တလေးရတနာပုံခေတ် မဟာဝိသုဒ္ဓါရုံဆရာတော်

ဘုရားကြီးရေးသားအပ်သော ဓာတ္တွတ္ထသင်္ဂဟခေါ် ဓာတ်အဘိဓာန်ကျမ်း။ (၄) မုံရွာခရိုင်၊ ပုလဲမြို့နယ်၊ ဗန့်ကျီတိုက်၊ ရွာသာရွာ ဖွားရာဇာတိရှိသော အရှင်ဝရသမ္ဘောဓိ ရေးသားအပ်သော ဓာတုပစ္စယဒီပနီ ဓာတ်အဘိဓာန်ကျမ်းတို့သည် အက္ခရာအစီအစဉ်တကျ ဖွင့်ဆိုထားကြသည်ဖြစ်ရာ သမာနတ္ထကောသ အဘိဓာန်၏ အခြံအရံကျမ်းများ၌ ပါဝင်ကြလေသည်။

အနေကတ္ထကောသအဘိဓာန်

အသီးအသီးသောပုဒ်တို့၏ ဟောနိုင်စွမ်းရှိသော အနက်တို့ကို အတ္ထုဒ္ဓါရ၏အစွမ်းဖြင့် ထုတ်ပြရာ အဘိဓာန်ကို အနေကတ္ထကောသအဘိဓာန်ဟုခေါ်ဆိုကြ၏။ ဘုရားရှင်ကိုယ်တော်တိုင် အနေကတ္ထ-ကောသအဘိဓာန်အသွင်ဆောင်သော ဒေသနာတော်များကို ဟောကြားတော်မူခဲ့ပါသည်။ အနည်းငယ် ထုတ်ဖော်ပြရပါမူ- အဘိဓမ္မပိဋက၊ ဓမ္မသင်္ဂဏီ ပါဠိတော်ဝယ်---

စက္ခုန္ဒြိယံပေတံ လောကောပေသော၊

သောတိန္ဒြိယံပေတံ လောကောပေသော၊

ဃာနိန္ဒြိယံပေတံ လောကောပေသော၊

ဇိဝှိန္ဒြိယံပေတံ လောကောပေသော၊

ကာယိန္ဒြိယံပေတံ လောကောပေသော။ (အဘိ၊၁၊၁၅၉။) ဟူ၍ "အဖန်တလဲလဲပျက်ခြင်း" အနက်ဟောသော လောကပုဒ်တစ်ခုတည်းဖြင့် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ-တို့ကို ဟောကြားထားတော်မူရာ အနေကတ္ထကောသအဘိဓာန်အသွင်ဆောင်သော ဒေသနာတော်များဖြစ်ပါ၏။ (အမှန်စင်စစ်အားဖြင့် မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်သည်အားလျော်စွာ လောကပုဒ်တစ်ပုဒ်တည်းဖြင့်ပင် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ-တို့ကိုသာမက အခြားတရားများကိုလည်း ဟောနိုင်စွမ်းရှိကြောင်း ဥပလက္ခဏအားဖြင့် မိန့်ကြားထားတော်မူခဲ့ပါသည်။)

ဘုရားရှင်ကိုယ်တော်မြတ်သည်သာ အနေကတ္ထကောသအဘိဓာန်အသွင်ဆောင်သော ဒေသနာတော်များကို ဟောကြားတော်မူသည်မဟုတ်၊ အရှင်မဟာဗုဒ္ဓဃောသ, အရှင်ဗုဒ္ဓဒတ္တ, အရှင်ဓမ္မပါလ-စသော အဋ္ဌကထာဆရာကြီးများကလည်း ဖွင့်ဆိုတော်မူကြပါသည်။ ထိုအဋ္ဌကထာဆရာကြီးတို့ ဖွင့်ဆိုကြောင်းကို အောက်ပါအမြွက်မျှဖြင့်ပင်သိရှိရပေသည်။

(က) ဓမ္မသဒ္ဒေါ ပနာယံ ပရိယတ္တိဟေတုဂုဏနိဿတ္တနိဇ္ဇီဝတာဒီသု ဒိဿတိ။ (အဘိ႒၊၁၊၈၁။)

(ခ) သုခသဒ္ဒေါ တာဝ သုခဝေဒနာသုခမူလသုခါရမ္မဏသုခဟေတုသုခပစ္စယဋ္ဌာနအဗျာပဇ္ဈ-နိဗ္ဗာနာဒီသု ဒိဿတိ။ (အဘိ႒၊၁၊၈၃။)

(ဂ) ဒုက္ခသဒ္ဒေါ ဒုက္ခဝေဒနာဒုက္ခဝတ္ထုဒုက္ခာရမ္မဏဒုက္ခပစ္စယဒုက္ခပစ္စယဋ္ဌာနာဒီသု ဒိဿတိ။ (အဘိ႒၊၁၊၈၄။)

(ဃ) သမယသဒ္ဒေါ သမဝါယေ ခဏေ ကာလေ၊ သမူဟေ ဟေတုဒိဋ္ဌိသု။

ပဋိလာဘေ ပဟာနေ စ၊ ပဋိဝေဓေ စ ဒိဿတိ။ (ဝိ႒၊၁၊၇၉။ ဒီ႒၊၁၊၃၂။ အဘိ႒၊၁၊ ၉၉။)

အထက်ပါဖွင့်ဆိုချက်တို့တွင် ဓမ္မသဒ္ဒါ, သုခသဒ္ဒါ, ဒုက္ခသဒ္ဒါတို့၏ ဟောနိုင်စွမ်းရှိသော အနက်များစွာကို စုဏ္ဏိယဝါကျအနေဖြင့် ဖွင့်ဆို၍ သမယသဒ္ဒါ၏ ဟောနက်များစွာကို ဂါထာစီ၍ ဖွင့်ဆိုထားသည်ဖြစ်ရာ အနေကတ္ထကောသအဘိဓာန်အသွင်ဆောင်သော ဖွင့်ဆိုချက်များ ဖြစ်ကြပေသည်။

ထိုနည်းတူစွာ (၁) အဘိဓာနပ္ပဒီပိကာကျမ်းဝယ် အနေကတ္ထဝဂ်၊ (၂) ရန်ကုန်မြို့ ဦးသာသနဓဇ စီရင်ရေးသားအပ်သော သီဟဠအဘိဓာနကွရာဝလိကျမ်း၊ (၃) လယ်တီဆရာတော်ဘုရားကြီး၏တပည့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေးသားပြုစုအပ်သော ပါဠိအဘိဓာန်ချုပ် (၄)မန္တလေးမြို့ မဇိုးရိမ်တိုက် ဆရာတော် ဦးသောမာဘိသီရိ, ဦးသူရိယာဘိဝံသ- အစရှိသော ဆရာတော်ကြီးများ ရေးသားပြုစု အပ်သော သဒ္ဒတ္ထရတနာဝလိအဘိဓာန် အပိုင်း -၁၊ အတွဲ -၁။ သဒ္ဒတ္ထရတနာဝလိအဘိဓာန် အပိုင်း- ၂၊ အတွဲ-၁။ သဒ္ဒတ္ထရတနာဝလိအဘိဓာန် အပိုင်း-၃၊ အတွဲ-၁။ သဒ္ဒတ္ထရတနာဝလိအဘိဓာန် အပိုင်း-၄၊ အတွဲ- ၁။ (၅) မန္တလေးမြို့၊ အနောက်ပြင်၊ မဟာဝိသုဒ္ဓါရုံတိုက်၊ အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော် ဦးကောသလ္လာဘိဝံသ-ရေးသားပြုစုအပ်သော ဝိသုဒ္ဓါရုံတိပိဋကအဘိဓာန်။ ဤများစွာသော အဘိဓာန်တို့သည် အနေကတ္ထကောသအဘိဓာန် အမျိုးအစား၌ ပါဝင်ကြလေသည်။

ဝေါဟာရအဘိဓာန်

သမာနတ္ထကောသအဘိဓာန်, အနေကတ္ထကောသအဘိဓာန်တို့မှ မြစ်ဖျားခံဆင်းသက်လာ၍ ဝေါဟာရတစ်ခုမှ ဝေါဟာရတစ်ခုသို့ လဲလှယ်သောကျမ်း, ဘာသာရပ်ဆိုင်ရာ, ပညာရပ်ဆိုင်ရာ ဝေါဟာရအမျိုးမျိုးကို ပြဆိုသော ကျမ်းများကို ဝေါဟာရအဘိဓာန်ဟုခေါ် ဆိုကြပေသည်။

ဘုရားရှင်ကိုယ်တော်မြတ်သည် ဝေနေယျသတ္တဝါတို့အား တရားဟောတော်မူရာ၌ သမ္မုတိ- ဒေသနာ, ပရမတ္ထဒေသနာဟူ၍ နှစ်မျိုးနှစ်စားအားဖြင့် ဟောကြားတော်မူပါသည်။ သမ္မုတိဒေသနာ ဟူသည် ပရမတ္ထဒေသနာကဲ့သို့ တိကျမှန်ကန်မှုမရှိပေ။ ထိုကြောင့် သမ္မုတိဒေသနာ ဟောကြားတော် မူသော ဘုရားရှင်အား မုသာဝါဒအပြစ်မသင့်ဘဲရှိပါမည်လော?ဟု ကဲ့ရဲ့သဖြိုလ် အပြစ်တင်စကား ဆိုငြားအံ့. . .

တသ္မာ ဝေါဟာရကုသလဿ၊ လောကနာထဿ သတ္ထုနော။
သမ္မုတိံ ဝေါဟရန္တဿ၊ မုသာဝါဒေါ န ဇာယတိ။ (အံ၊ဋ္ဌ၊၁။၇၄။)

ဝေါဟာရအရာ၌ ကျွမ်းကျင်လိမ္မာတော်မူ၍ သမ္မုတိပညတ်ဒေသနာကို ဟောကြားတော်မူသော လောက၏ ကိုးကွယ်အားထားရာဖြစ်သော ဘုရားရှင်ကိုယ်တော်မြတ်အား မုသာဝါဒမဖြစ်နိုင်ပါဟု ဖြေရှင်းချက်ပေးခဲ့ကြပါသည်။ ဤသို့ ဝေါဟာရအရာဝယ် ကျွမ်းကျင်တော်မူသဖြင့် သမ္မုတိဒေသနာတော်ကို မုသာဝါဒမဖြစ်အောင် ဟောကြားတော်မူနိုင်ခြင်းကြောင့်ပင်လျှင် နောင်လာနောက်သားများအနေဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကို ဝေါဟာရအဘိဓာန်ပညာရှင်အဖြစ် ကြည်ညိုဦးခိုက်သင့်လှပေသည်။ အမှန်စင်စစ်အားဖြင့် ဝေါဟာရတို့မည်သည် အချိန်ကာလခြားနားသွားသောကြောင့်ဖြစ်စေ, အရာဌာန

ခြားနားသွားသောကြောင့်ဖြစ်စေ အမျိုးမျိုးအဖုံဖုံပြောင်းလဲ၍ တိမ်မြုပ်ကွယ်ပျောက်နေတတ်ပေသည်။ ထိုအချက်ကို ဘုရားအစရှိသော ဝေါဟာရပညာရှင်တို့က ဖော်ထုတ်ညွှန်ပြပေးတော်မူခဲ့ကြသဖြင့် ထာဝရဦးခိုက်နေသင့်သော ကျေးဇူးရှင်ကြီးများဖြစ်ကြပေ၏။ ဤသို့ ညွှန်းဆိုရသည်မှာ အကြောင်းမဲ့ မဟုတ်ပါ၊ အောက်ပါဒေသနာတော်များက သက်သေခံနေသောကြောင့်ဖြစ်ပါသည်။

ဝေပုလ္လတောင်

" တောင်ငါးလုံးကာခို ရာဇဂြိုဟ် " ဟူ၍ အမည်ရှိသော ရာဇဂြိုဟ်ရွှေမြို့တော်ကြီးကို ဝိုင်းရံနေသော တောင်ငါးလုံးရှိပေသည်။ ထိုတောင်ငါးလုံးတို့မှာ. . .

၁။ ဝေဘာရတောင်။

၂။ ဝေပုလ္လတောင်။

၃။ ဣသိဂိလိတောင်။

၄။ ပဏ္ဍဝတောင်။

၅။ ဂိဇ္ဈကုဋ်တောင်-တို့ဖြစ်ကြပါသည်။

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဂိဇ္ဈကုဋ်တောင်တော်၌ သီတင်းသုံးတော်မူစဉ် ဝေပုလ္လတောင်ကို ကြည့်ရှုတော်မူ၍ ရဟန်းတော်တို့ကို မိန့်တော်မူသည်မှာ. . .

ဘူတပုဗ္ဗံ ဘိက္ခဝေ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ "ပါစီနဝံသော"တွေဝ သမညာ ဥဒပါဒိ၊ တေန ခေါ ပန ဘိက္ခဝေ သမယေန မနုဿာနံ "တိဝရာ"တွေဝ သမညာ ဥဒပါဒိ။ တေန ခေါ ပန ဘိက္ခဝေ သမယေန ကကုသန္ဓော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ လောကေ ဥပ္ပန္နော ဟောတိ။

ဘူတပုဗ္ဗံ ဘိက္ခဝေ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ "ဝင်္ကကော"တွေဝ သမညာ ဥဒပါဒိ၊ တေ ၂န ခေါ ပန ဘိက္ခဝေ သမယေန မနုဿာနံ "ရောဟိတဿာ"တွေဝ သမညာ ဥဒပါဒိ။ တေန ခေါ ပန ဘိက္ခဝေ သမယေန ကောဏာဂမနော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ လောကေ ဥပ္ပန္နော ဟောတိ။

ဘူတပုဗ္ဗံ ဘိက္ခဝေ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ "သုပဿော"တွေဝ သမညာ ဥဒပါဒိ၊ တေန ခေါ ပန ဘိက္ခဝေ သမယေန မနုဿာနံ "သုပ္ပိယာ"တွေဝ သမညာ ဥဒပါဒိ။ တေန ခေါ ပန ဘိက္ခဝေ သမယေန ကဿပေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ လောကေ ဥပ္ပန္နော ဟောတိ။

(သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ၊ ၄-သံယုတ်၊ ၁၀-သုတ်။) (သံ၊၁။၃၉၆-၇။)

ဤဘဒ္ဒကမ္ဘာဝယ် ဘုရားရှင်တို့ပွင့်တော်မူရာ ကကုသန်ဘုရားရှင်လက်ထက် ဤဝေပုလ္လတောင်ကြီး၏ အမည်မှာ "ပါစီနဝံသ" ဟု နာမည်တွင်၍ လူတို့၏အမည်ကို "တိဝရ" ဟူ၍လည်းကောင်း, ကောဏာဂုံဘုရားရှင်လက်ထက် ဤဝေပုလ္လတောင်ကြီး၏ အမည်မှာ "ဝင်္ကက" ဟု နာမည်တွင်၍ လူတို့၏အမည်ကို "ရောဟိတဿ" ဟူ၍လည်းကောင်း, ကဿပဘုရားရှင်လက်ထက် ဤဝေပုလ္လ

တောင်ကြီး၏အမည်မှာ "သုပဿ" ဟု နာမည်တွင်၍ လူတို့၏အမည်ကို "သုပ္ပိယ"ဟူ၍လည်းကောင်း ခေါ်ဝေါ်ပြောဆိုကြောင်း မိန့်တော်မူပါသည်။ ဤသို့ ဘုရားရှင်တို့ပွင့်တော်မူရာကာလ ခြားနား သွားသောကြောင့် ဤဝေပုလ္လတောင်ကြီး၏ ပါစီနဝံသ, ဝင်္ကက, သုပဿ-ဟူသော ဝေါဟာရအမျိုးမျိုး ကိုလည်းကောင်း, လူတို့၏ တိဝရ, ရောဟိတဿ, သုပ္ပိယ-ဟူသော ဝေါဟာရအမျိုးမျိုးကိုလည်းကောင်း မိန့်ကြားတော်မူသောကြောင့် ဘုရားရှင်ကိုယ်တော်မြတ်၏ ဝေါဟာရအဘိဓာန်ပညာရှင်ကြီးအဖြစ်ကို ပူဇော်ခွင့်ရရှိကြပေသည်။

ထိုနည်းတူစွာ အဋ္ဌကထာဆရာ, ဋီကာဆရာစသည်တို့ကိုလည်း သဒ္ဒတ္ထ, ဝေါဟာရတ္ထ မျိုးစုံတို့ဖြင့် အသီးအသီးဖွင့်ဆိုတော်မူခဲ့ကြသဖြင့် ခေတ်ကာလအားလျော်စွာ ပေါ်ထွန်းတော်မူလာကြသော ဝေါဟာရ အဘိဓာန်ပညာရှင်များဟုဆိုပါက လွန်အံ့မထင်။

ခေတ်ကာလခြားနား၍ ဝေါဟာရကွဲပြားသွားသည်မှာ ပါဠိဘာသာ၌သာမဟုတ်၊ မြန်မာဘာသာ၌ လည်း ကွဲပြားသွားလေ့ရှိပါသည်။ အခါတစ်ပါး မန္တလေးမြို့ ရပ်ကွက်တစ်ခု၌ နှစ်သစ်ကူးသင်္ကြန်ပွဲတော် နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးပူဇော်ပွဲကျင်းပကြပါသည်။ ထိုပူဇော်ပွဲတွင် အပူဇော်ခံ အဘိုးကြီး တစ်ယောက်သည် ကျန်းမာရေးကောင်းမွန်သည့်အလျောက် သွက်သွက်လက်လက် ဝတ်စားတန်ဆာ ဆင်ယင်လာရာ (အဝတ်ကောင်းအစားကောင်းဝတ်ဆင်လာရာ) လူငယ်တစ်ဦးက "ယနေ့ပွဲမှာ ဒီအဘိုးက အမိုက်ဆုံးပဲ" ဟု ပြောမိလိုက်လေသည်။ ဤတွင် ယင်းအဘိုးက သူ့ကို "အမိုက်ဆုံး"ဟု ပြောရပါမည်လားဟု စိတ်ဆိုးကာ အိမ်ပြန်သွားသဖြင့် ဝိုင်း၍တောင်းပန်ခဲ့ရလေသည်။

ဤဖြစ်ရပ်တွင် အဘိုးကြီးတို့ခေတ်ကာလဝယ် "အမိုက်ဆုံး" ဟူသောစကားသည် "ရိုင်းစိုင်း သည်, ယုတ်မာသည်" ဟူသော အဓိပ္ပါယ်သက်ရောက်နေ၍ ယနေ့လူငယ်လေးတို့ခေတ်ဝယ် "ကောင်းမွန် သည်, ခန့်ငြားသည်, လှပသည်" ဟူသောအဓိပ္ပါယ်များ သက်ရောက်နေသောကြောင့်ဖြစ်ပါ၏။ ထိုကဲ့သို့သော အခက်အခဲမျိုးကို ဖြေရှင်းနိုင်သော ဝေါဟာရအဘိဓာန်များ စဉ်ဆက်မပြတ် ထွက်ပေါ် စေကာ အရှိန်အဟုန်ကောင်းကောင်းဖြင့် အဘိဓာန်ရေစီးကြောင်းကြီး စီးဆင်းနေရန် အထူးပင် လိုအပ်လှပေ၏။

မြန်မာနိုင်ငံနှင့် အဘိဓာန်ရေစီးကြောင်း

မြန်မာနိုင်ငံသည် အဘိဓာန်ပညာရပ်တွင် နောက်ကျမကျန်ခဲ့ပေ။ ထိုသို့နောက်ကျမကျန်ခဲ့ကြောင်း အရှိန်အဟုန်ကောင်းကောင်းဖြင့် ထွက်ပေါ်လာခဲ့သော အဘိဓာန်ကျမ်းများက သက်သေခံလို့နေပါသည်။ ပြည့်စုံချင်မှ ပြည့်စုံမည်ဖြစ်သော်လည်း မှတ်သားမိသမျှ အဘိဓာန်ရေစီးကြောင်းကို တင်ပြရသော် မြန်မာအဘိဓာန်ဟူ၍ မပေါ်ပေါက်သေးမီကပင် သက္ကတအဘိဓာန်, ပါဠိအဘိဓာန်တို့ကို မြန်မာဘာသာ နိဿယပြန်ဆိုခဲ့ကြပေသည်။

ကုန်းဘောင်ခေတ် သက္ကရာဇ် ၁၁၃၁-ခုနှစ်တွင် ဒုတိယကျော်အောင်စံထားဆရာတော် အရှင်ဂုဏရေ-သည် ဝေါဟာရတ္ထပကာသနီအဘိဓာန်ကို ပြုစုတော်မူခဲ့သည်။ ထို့နောက် တွင်းသင်းတိုက်ဝန် မဟာစည်သူ-နှင့် မောင်းထောင်ဆရာတော် အရှင်ပညာသာမိ-စသည့် ပုဂ္ဂိုလ်များက ပေါရာဏအဘိဓာန်ကျမ်းများကို ပြုစုတော်မူခဲ့ကြပြန်သည်။ ကုန်းဘောင်ခေတ် သက္ကရာဇ် ၁၁၆၁-ခုနှစ်တွင် မောင်းထောင်ဆရာတော် အရှင်ဉာဏာဘိဝံသ-သည် အမရကောသသက္ကတအဘိဓာန်ကို နိဿယ ပြန်ဆိုတော်မူခဲ့ပေသည်။

ဤသို့ကုန်းဘောင်ခေတ်မှ စီးဆင်းလာခဲ့သော အဘိဓာန်ရေစီးကြောင်းကြီးသည် ဗြိတိသျှ အစိုးရလက်ထက်တွင်လည်း ရပ်တန့်မသွားပါ။ ၁၂၇၆-ခုနှစ်တွင် မန္တလေးမြို့ အဘယာရာမရွှေဂူတိုက် ဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ-သည် အမရကောသနိဿယကို ထပ်မံပြုစုတော်မူခဲ့၏။

ထို့ပြင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် အဘိဓာန်ကျမ်းများ ဆက်လက်ထွက်ပေါ်လာခဲ့ရာ ၁၉၄၈-ခုနှစ်တွင် ရန်ကုန်မြို့ သရက်တောကျောင်းတိုက်၊ ဖျာပုံဆရာတော် အရှင်ဩဘာသာဘိဝံသ-သည် မြန်မာအဘိဓာန် ပထမတွဲ, ဒုတိယတွဲတို့ကို ထုတ်ဝေခဲ့၍၊ ၁၉၅၅-ခုနှစ်တွင် သုတေသနသရုပ်ပြ အဘိဓာန်ကိုလည်း ထုတ်ဝေခဲ့သည်။ ၁၉၆၈-ခုနှစ်တွင် ဦးထွန်းမြင့်သည် ပါဠိသက်ဝေါဟာရအဘိဓာန်ကို ပြုစုခဲ့သည်၊ ၁၃၇၄-ခုနှစ်တွင် ဓမ္မဗိမာန်စာပေပညာရှင်များက ပိဋကသုံးပုံသရုပ်စုံအဘိဓာန်ကျမ်းကို ပြုစုခဲ့ကြသည်။ ဤသို့ ပါဠိဘာသာမှ မြန်မာဘာသာ မြန်မာဝေါဟာရသို့ အဆင့်ဆင့်ကူးပြောင်းသော အဘိဓာန်များထွက်ပေါ်ခဲ့ကြပါသည်။

မက္ခရာမင်းသားကြီး

အင်းဝခေတ်တွင် မက္ခရာမင်းသားကြီး ဦးဖြူဆိုသူသည် အင်္ဂလိပ်စာတတ်မြောက်မှ မြန်မာနိုင်ငံကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မည်ဟု ထင်မြင်ယူဆသဖြင့် အင်းဝရောက်ကုန်သည်ကြီး မစ္စတာလိန်ရောဂျာထံမှ အင်္ဂလိပ်စာကိုသင်ယူခဲ့သည်။ ထို့နောက် ဂျွန်ဆင်အဘိဓာန်ကိုလေ့လာ၍ အင်္ဂလိပ်-မြန်မာအဘိဓာန် တစ်စောင် ပြုစုခဲ့သည်။ ထိုအဘိဓာန်ကို ၁၈၄၀-ပြည့်နှစ်၊ ကာလကတ္တားမြို့ သာသနာ့ပြုပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထို့ကြောင့် သမိုင်းသုတေသီတို့က "အင်္ဂလိပ်-မြန်မာအဘိဓာန်အစ မက္ခရာမင်းသားကြီးက" ဟု ဂုဏ်ယူ မှတ်တမ်းတင်ခဲ့ကြ၏။ ထို့အတူ ဒေါက်တာဘဟန်၊ ဦးထွန်းငြိမ်း၊ တက်တိုး စသော ပညာရှင်များကလည်း အင်္ဂလိပ်-မြန်မာအဘိဓာန်များ ထုတ်ဝေခဲ့ကြလေသည်။

အဘိဓာန်ဟူသည် ပညာရပ်နယ်ပယ်ကျယ်ဝန်းလျှင် ကျယ်ဝန်းသလောက်၊ ကွဲပြားလျှင် ကွဲပြားသလောက် အမျိုးမျိုးရှိတတ်သည်ဖြစ်ရာ နိုင်ငံရေးနယ်ပယ်အတွက် နိုင်ငံရေးဝေါဟာရအဘိဓာန်၊ ဆေးလောကအတွက် ဆေးအဘိဓာန်၊ ဥပဒေလောကအတွက် ဥပဒေဝေါဟာရအဘိဓာန်၊ အင်ဂျင်နီယာလောကအတွက် အင်ဂျင်နီယာဝေါဟာရအဘိဓာန် စသည်စသည်အားဖြင့် ပေါ်ထွက်လာခဲ့ကြသည်မှာ အဘိဓာန်ရေစီးကြောင်းကြီး တသွင်သွင်စီးဆင်းလို့နေပါသည်။

“တိပိဋကပါဠိမြန်မာအဘိဓာန်”

ထိုတသွင်သွင်စီးဆင်းနေသော အဘိဓာန်ရေစီးကြောင်းကြီးထဲတွင် ဤ “တိပိဋကပါဠိမြန်မာအဘိဓာန်ကြီး”သည်လည်း တစ်တွဲပြီးတစ်တွဲ တစ်အုပ်ပြီးတစ်အုပ် ပြီးမြောက်၍ အောင်လံအဆင့်ဆင့် လွှင့်ထူလို့နေပါ၏။ ဤတိပိဋကပါဠိမြန်မာအဘိဓာန်ကြီးသည် (၁) သမာနတ္ထကောသအဘိဓာန် (၂)အနေကတ္ထကောသအဘိဓာန် (၃) ဝေါဟာရအဘိဓာန်ဟူ၍ သုံးမျိုးရှိရာ မည်သည့်အဘိဓာန်အမျိုးအစား၌ ပါဝင်နေသနည်း? ဟုဆိုပါမူ သုံးမျိုးလုံး၌ ပါဝင်နေသည်ဟုသာ ဖြေဆိုရမည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပိဋကတ်သုံးပုံလာ ပါဠိတော် (ပါဠိဘာသာ) ကို အဋ္ဌကထာ, မူလဋီကာ, အနုဋီကာ, မဓု, ဂဏ္ဌိ, ယောဇနာစသည်တို့နှင့် ညှိနှိုင်း၍ မြန်မာဘာသာ ပြန်ဆိုထားခြင်းကြောင့် ဝေါဟာရအဘိဓာန်၌ ပါဝင်နိုင်၍ အနက်တူပုဒ်များကို ညွှန်းပြထားခြင်းကြောင့် သမာနတ္ထကောသအဘိဓာန်၌လည်း ပါဝင်နိုင်ပေသည်။ အနေကတ္ထကောသအဘိဓာန်၌ ပါဝင်နိုင်ကြောင်းကိုမူ “သန္ဓိ” ဟူသောပုဒ်ကို ကြည့်ရှုယုံမျှဖြင့်ပင် ကွက်ကွက်ကွင်းကွင်း သိမြင်နိုင်မည်ဖြစ်ပါသည်။

ယင်း “သန္ဓိ” ဟူသော အသံကိုကြားလိုက်လျှင် သာသနာ့ဝန်ထမ်းရဟန်း,သာမဏေများနှင့် ပါဠိသဒ္ဒါလိုက်စားသော ပညာရှင်တို့က ကစ္စည်းသဒ္ဒါကြီးလာ “သန္ဓိ”ကျမ်းကို ပြေးမြင်လေ့ရှိကြပါသည်။ ထို့ထက်အနည်းငယ်ပို၍ သိသူတို့ကား “ပုဒ်နှစ်ပါးတို့၏ အကြားကို မမြင်စေမူ၍ ကောင်းစွာစပ်အပ်သော သန္ဓိ” ဟုသာ သိရှိကြမည်ဖြစ်ပါ၏။ သို့သော် သန္ဓိဟူသောပုဒ်၏ အနက်များစွာဟောဆိုနိုင်ကြောင်းကို အောက်ပါရေးသားထားချက်ဖြင့်ပင် သိမြင်နိုင်ပါသည်။

သန္ဓိ (ထီ၊ ပု) [သံ + ဓာ + က္က။ သံ ပုဗ္ဗော ဓာ ဓာရဏေ၊ က္က။ သန္ဓနံ သန္ဓိ။ ဓာန်၊ ဋီ။ ၇၆၃။ သန္ဓိယတိ သန္ဓာတီတိ ဝါ သန္ဓိ။ နီတိ၊ သုတ္တ။ ၁၁၃၈၊ သန္ဓိယတေ သန္ဓိ။ နိရုတ္တိ။ ၇၉၂။ ဒွေ ပဒါနိ သုဋ္ဌု ဓီယတီတိ သန္ဓိ။ ဂဋ္ဌုန်ပံ့။ ၅၅၁။ ဒွိန္နံ ပဒါနံ အန္တရံ အဒဿေတွာ သမ္မာ ဓီယတီတိ သန္ဓိ။ သဒ္ဒါပုဒ်စစ်။ သန္ဓိသဒ္ဒေါ ဟိ သရသန္ဓိ အာဒိဝါစကော ပုလ္လိင်္ဂေါ, ပဋိသန္ဓိယာဒိဝါစကော ကြတ္ထိလိင်္ဂေါ သန္ဓိနော သန္ဓိယာတိ အာဒိဒဿနတော၊ နီတိ၊ ပဒ။ ၃၃၄။ သံမိ-သံ၊ပ၊၁၊အဒ္ဓမာဂဓိ]

၁။ (က) အစပ်၊ အကြား၊ အပေါက်။
(ခ) လက်ဆစ် ခြေဆစ်စသော -အဆစ်အပိုင်း-အဆက်အစပ်။
(ဂ) (တစ်ရာ့ရှစ်ဆယ်သော) ရိုးဆက်၊ အရိုးဆက်။
၂။ ပိတ်ဆို့တတ်သော (တံခါးရွက်)။
၃။ (က) စပ်ခြင်း၊ ပုဒ်နှစ်ခု စသည်တို့၏-စပ်-ဆက်စပ်-ခြင်း၊ တစ်ပုဒ်နှင့် တစ်ပုဒ်ဆက်စပ်ခြင်း။
(ပဒသန္ဓိ စသည် ၅-ခု၊ တစ်နည်း ၆-ခု)
(ခ) အက္ခရာပုဒ်စသည်တို့ကို ပေါင်းခြင်း။
၄။ ပုဒ်နှစ်ပါးတို့၏ အကြားကိုမမြင်စေမူ၍ ကောင်းစွာ စပ်အပ်သောသန္ဓိ။ (သရသန္ဓိစသည်)။
၅။ (သဒ္ဒါကျမ်းလာ) သန္ဓိကျမ်း။

၆။ (က)အိမ်ခြံစပ်။
(ခ) အိမ်အစပ်၊ နံရံစပ်။
(ဂ) သံသရာဝဋ်ဆင်းရဲဟူသော နှောင်အိမ်အစပ်။
(ဃ) တစ်အိမ်နှင့် တစ်အိမ်ဆက်စပ်ရာအရပ်။
၇။ လမ်းလေးခွ၊လမ်းလေးခုအဆုံ၊ လမ်းလေးခုတို့၏ ပေါင်းဆုံရာအရပ်။
၈။ ဆက်စပ် ဆုံစည်းရာဌာန၊ (ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်း "မနသိကာရ"နှင့် ကမ္မဋ္ဌာန်းထင်လာခြင်း "ဥပဋ္ဌာန" ကို ဆက်သွယ်ရာ (ဥဂ္ဂဟ)
၉။ ပဋိသန္ဓေ။
၁၀။မိတ်ဖွဲ့- ပေါင်းသင်း-ဆက်ဆံ-ပေါင်းဖော်-ခြင်း။(ချစ်သည်၏အဖြစ်။ ဇာတ်၊ဝဏ္ဏ)
၁၁။သစ္စာ၊ ဝစီသစ္စာ၊ မှန်ကန်သော စကား။
၁၂။အကြောင်း (သလ္လေခပရိယာယ စသော-၅-ပါး)။
၁၃။အပိုင်းအခြား။
၁၄။ပဒပူရဏ။

ဤသို့ များစွာသောအနက်တို့ကို ဟောဆိုနိုင်သည်ဖြစ်ရာ ထိုများစွာသောအနက်တို့ကို တစ်နေ့ရဲ့တည်း တစ်စုတစ်ဝေးတည်း လေ့လာကြည့်ရှုခွင့် ရရှိခြင်းကပင်လျှင် တန်ဖိုးဖြတ်၍မရနိုင်သော မဟာအခွင့်အရေးကြီးတစ်ရပ်ဖြစ်ပေ၏။ (အဘိဓာန်အတွဲ -၂၁။ နှာ။ ၈၈၁-၂။ကြည့်)

ကောင်းကင်ပုံဟန် အဘိဓာန်

မိုးကုတ်စက်ဝိုင်းကြီးဖြင့် အနားသတ်ထားသော မိုးကောင်းကင်ကြီးသည် မရေမတွက်နိုင်အောင် များပြားလှသည့် နက္ခတ်ကြယ်တာရာအမျိုးမျိုးတို့၏ တည်ရာဖြစ်သကဲ့သို့ ဤတိပိဋကပါဠိမြန်မာအဘိဓာန် ကျမ်းကြီးသည် ပုဒ်အဆုံးအဖြတ်, လိင်အဆုံးအဖြတ်, ပုဒ်အနက်အဆုံးအဖြတ်, ဗဟုသုတဆိုင်ရာ အဆုံးအဖြတ်-စသည်တို့၏ တည်ရာဖြစ်ပေ၏။ သို့ဖြစ်၍ နက္ခတ်ကြယ်တာရာတို့သည် ညအခါ ခရီးသွားသူ တို့အား လမ်းမှားမရောက်အောင် ညွှန်ပြနေသကဲ့သို့ ဤတိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီး၌ ပါဝင်သော အဆုံးအဖြတ်များစွာတို့သည် တိပိဋကပါဠိစာပေခရီးသွားများစွာတို့အား လမ်းမှား မရောက်အောင် ညွှန်ပြနေပေလိမ့်မည်။

ထို့ကြောင့် မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းပြု အဖွဲ့က အလွန်ကျယ်ပြန့်သော ပင်လယ်သမုဒ္ဒရာကြီးနှင့် လွန်စွာတူသော ပါဠိတော်, အဋ္ဌကထာ, မူလဋီကာ, အနုဋီကာ, မဓု, ဂဏ္ဌိ, ယောဇနာ-တို့မှ အဆင့်ဆင့်ထုတ်နုတ်ရေးသား၍ ဤတိပိဋကပါဠိမြန်မာ အဘိဓာန် အတွဲ ၂၁-ဟူသော ရတနာထုပ်ကြီးကို ပါဠိစာပေပညာရှင်များ၏လက်ထဲသို့ ထည့်ပေးလိုက်ပါပြီ၊ ပြုံးရွှင်ပျော်မြူး ကြည်နူးဝမ်းသာစွာအသုံးပြုနိုင်ကြပါစေသတည်း . . . .။

နိဒါန်း

တိပိဋက ပါဠိ မြန်မာအဘိဓာန်၌ အသုံးပြုသော ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းစဉ်ပုံနှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်	သင်္ကေတ
	ဝိနည်း ၅-ကျမ်း	
၁	ပါရာဇိကပါဠိ	ဝိ၊ ၁။
၂	ပါစိတ္တိယပါဠိ	ဝိ၊ ၂။
၃	မဟာဝဂ္ဂပါဠိ	ဝိ၊ ၃။
၄	စူဠဝဂ္ဂပါဠိ	ဝိ၊ ၄။
၅	ပရိဝါရပါဠိ	ဝိ၊ ၅။
	ဒီဃနိကာယ် ၃-ကျမ်း	
၆	သီလက္ခန္ဓဝဂ္ဂပါဠိ	ဒီ၊ ၁။
၇	မဟာဝဂ္ဂပါဠိ	ဒီ၊ ၂။
၈	ပါထိကဝဂ္ဂပါဠိ	ဒီ၊ ၃။
	မဇ္ဈိမနိကာယ် ၃-ကျမ်း	
၉	မူလပဏ္ဏာသပါဠိ	မ၊ ၁။
၁၀	မဇ္ဈိမပဏ္ဏာသပါဠိ	မ၊ ၂။
၁၁	ဥပရိပဏ္ဏာသပါဠိ	မ၊ ၃။
	သံယုတ္တနိကာယ် ၃-ကျမ်း	
၁၂	သံယုတ္တပါဠိ (ပ)	သံ၊ ၁။
၁၃	သံယုတ္တပါဠိ (ဒု)	သံ၊ ၂။
၁၄	သံယုတ္တပါဠိ (တ)	သံ၊ ၃။
	အင်္ဂုတ္တရနိကာယ် ၃-ကျမ်း	
၁၅	အင်္ဂုတ္တရပါဠိ (ပ)	အံ၊ ၁။
၁၆	အင်္ဂုတ္တရပါဠိ (ဒု)	အံ၊ ၂။
၁၇	အင်္ဂုတ္တရပါဠိ (တ)	အံ၊ ၃။

တိပိဋက ပါဠိ မြန်မာအဘိဓာန်
ပါဠိတော်ကျမ်းစဉ်ပုံ နှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်	သင်္ကေတ
	အဘိဓမ္မာ ၇-ကျမ်း	
၁၈	ဓမ္မသင်္ဂဏီပါဠိ	အဘိ၊ ဓ။
၁၉	ဝိဘင်္ဂပါဠိ	အဘိ၊ ဝိ။
၂၀	ဓာတုကထာ, ပုဂ္ဂလပညတ်	အဘိ၊ ပု။
၂၁	ကထာဝတ္ထုပါဠိ	အဘိ၊ က။
၂၂	ယမကပါဠိ (ပ)	ယမက၊ ၁။
၂၃	ယမကပါဠိ (ဒု)	ယမက၊ ၂။
၂၄	ယမကပါဠိ (တ)	ယမက၊ ၃။
၂၅	ပဋ္ဌာနပါဠိ (ပ)	ပဋ္ဌာန၊ ၁။
၂၆	ပဋ္ဌာနပါဠိ (ဒု)	ပဋ္ဌာန၊ ၂။
၂၇	ပဋ္ဌာနပါဠိ (တ)	ပဋ္ဌာန၊ ၃။
၂၈	ပဋ္ဌာနပါဠိ (စ)	ပဋ္ဌာန၊ ၄။
၂၉	ပဋ္ဌာနပါဠိ (မ)	ပဋ္ဌာန၊ ၅။
	ခုဒ္ဒကနိကာယ်ကျမ်းများ	
၃၀	ပဋိသမ္ဘိဒါမဂ္ဂပါဠိ	ပဋိသံ။
၃၁	(က) ခုဒ္ဒကပါဌပါဠိ	ခုဒ္ဒက။
	(ခ) ဓမ္မပဒပါဠိ	ဓမ္မပဒ။
	(ဂ) ဥဒါနပါဠိ	ဥဒါန။
	(ဃ) ဣတိဝုတ္တကပါဠိ	ဣတိဝုတ်။
	(င) သုတ္တနိပါတပါဠိ	သုတ္တနိ။
၃၂	(က) ဝိမာနဝတ္ထုပါဠိ	ဝိမာန။
	(ခ) ပေတဝတ္ထုပါဠိ	ပေတ။
	(ဂ) ထေရဂါထာပါဠိ	ထေရ။
	(ဃ) ထေရီဂါထာပါဠိ	ထေရီ။
၃၃	အပါဒါနပါဠိ (ပ)	အပ၊ ၁။

နိဒါန်း

တိပိဋက ပါဠိ မြန်မာအဘိဓာန်
ပါဠိတော်ကျမ်းစဉ်ပုံ နှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်		ကျမ်းအမည်		သင်္ကေတ
		ခုဒ္ဒကနိကာယ်ကျမ်းများ		
၃၄	(က)	အပဒါနပါဠိ	(ဒု)	အပ၊ ၂။
	(ခ)	ဗုဒ္ဓဝံသပါဠိ		ဗုဒ္ဓဝံ။
	(ဂ)	စရိယာပိဋကပါဠိ		စရိယာ။
၃၅		မဟာနိဒ္ဒေသပါဠိ		မဟာနိ။
၃၆		စူဠနိဒ္ဒေသပါဠိ		စူဠနိ။
၃၇		ဇာတကပါဠိ	(ပ)	ဇာ၊ ၁။
၃၈		ဇာတကပါဠိ	(ဒု)	ဇာ၊ ၂။
၃၉	(က)	နေတ္တိပါဠိ		နေတ္တိ။
	(ခ)	ပေဋကောပဒေသပါဠိ		ပေဋကော။
၄၀		မိလိန္ဒပဉှာပါဠိ		မိလိန္ဒ။

နိဒါန်း

တိပိဋက ပါဠိ မြန်မာအဘိဓာန် အဋ္ဌကထာကျမ်းစဉ်ပုံ နှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်	သင်္ကေတ
	ဝိနယအဋ္ဌကထာ	
၁	ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပ)	ဝိ၊ ဋ္ဌ၊ ၁။
၂	ပါရာဇိကကဏ္ဍအဋ္ဌကထာ (ဒု)	ဝိ၊ ဋ္ဌ၊ ၂။
၃	ပါစိတျာဒိ ။	ဝိ၊ ဋ္ဌ၊ ၃။
၄	စူဠဝဂ္ဂါဒိ ။	ဝိ၊ ဋ္ဌ၊ ၄။
၅	ကင်္ခါဝိတရဏီ ။	ကင်္ခါ။
၆	ဝိနယသင်္ဂဟ ။	ဝိ၊ သင်္ဂဟ။
	ဒီဃနိကာယအဋ္ဌကထာ	
၇	သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ	ဒီ၊ ဋ္ဌ၊ ၁။
၈	မဟာဝဂ္ဂဋ္ဌကထာ	ဒီ၊ ဋ္ဌ၊ ၂။
၉	ပါထိကဝဂ္ဂဋ္ဌကထာ	ဒီ၊ ဋ္ဌ၊ ၃။
	မဇ္ဈိမနိကာယအဋ္ဌကထာ	
၁၀	မူလပဏ္ဏာသ အဋ္ဌကထာ (ပ)	မ၊ ဋ္ဌ၊ ၁။
၁၁	မူလပဏ္ဏာသ ။ (ဒု)	မ၊ ဋ္ဌ၊ ၂။
၁၂	မဇ္ဈိမပဏ္ဏာသ ။	မ၊ ဋ္ဌ၊ ၃။
၁၃	ဥပရိပဏ္ဏာသ ။	မ၊ ဋ္ဌ၊ ၄။
	သံယုတ္တနိကာယအဋ္ဌကထာ	
၁၄	သံယုတ္တ အဋ္ဌကထာ (ပ)	သံ၊ ဋ္ဌ၊ ၁။
၁၅	သံယုတ္တ ။ (ဒု)	သံ၊ ဋ္ဌ၊ ၂။
၁၆	သံယုတ္တ ။ (တ)	သံ၊ ဋ္ဌ၊ ၃။

နိဒါန်း

တိပိဋက ပါဠိ မြန်မာအဘိဓာန် အဋ္ဌကထာကျမ်းစဉ်ပုံ နှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်	သင်္ကေတ
	အင်္ဂုတ္တရနိကာယအဋ္ဌကထာ	
၁၇	အင်္ဂုတ္တရ အဋ္ဌကထာ (ပ)	အံ၊ ဋ္ဌ၊ ၁။
၁၈	အင်္ဂုတ္တရ ။ (ဒု)	အံ၊ ဋ္ဌ၊ ၂။
၁၉	အင်္ဂုတ္တရ ။ (တ)	အံ၊ ဋ္ဌ၊ ၃။
	အဘိဓမ္မာအဋ္ဌကထာ	
၂၀	အဋ္ဌသာလိနီအဋ္ဌကထာ	အဘိ၊ ဋ္ဌ၊ ၁။
၂၁	သမ္မောဟဝိနောဒနီအဋ္ဌကထာ	အဘိ၊ ဋ္ဌ၊ ၂။
၂၂	ပဉ္စပကရဏအဋ္ဌကထာ	အဘိ၊ ဋ္ဌ၊ ၃။
	ခုဒ္ဒကနိကာယအဋ္ဌကထာ	
၂၃	ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ (ပ)	ပဋိသံ၊ ဋ္ဌ၊ ၁။
၂၄	ပဋိသမ္ဘိဒါမဂ္ဂ ။ (ဒု)	ပဋိသံ၊ ဋ္ဌ၊ ၂။
၂၅	ဝိသုဒ္ဓိမဂ္ဂ ။ (ပ)	ဝိသုဒ္ဓိ၊ ဋ္ဌ၊ ၁။
၂၆	ဝိသုဒ္ဓိမဂ္ဂ ။ (ဒု)	ဝိသုဒ္ဓိ၊ ဋ္ဌ၊ ၂။
၂၇	ခုဒ္ဒကပါဌ ။	ခုဒ္ဒက၊ ဋ္ဌ။
၂၈	ဓမ္မပဒ ။ (ပ)	ဓမ္မ၊ ဋ္ဌ၊ ၁။
၂၉	ဓမ္မပဒ ။ (ဒု)	ဓမ္မ၊ ဋ္ဌ၊ ၂။
၃၀	ဥဒါန ။	ဥဒါန၊ ဋ္ဌ။
၃၁	ဣတိဝုတ္တက ။	ဣတိဝုတ်၊ ဋ္ဌ။
၃၂	သုတ္တနိပါတ ။ (ပ)	သုတ္တနိ၊ ဋ္ဌ၊ ၁။
၃၃	သုတ္တနိပါတ ။ (ဒု)	သုတ္တနိ၊ ဋ္ဌ၊ ၂။
၃၄	ဝိမာန ။	ဝိမာန၊ ဋ္ဌ။
၃၅	ပေတဝတ္ထု ။	ပေတ၊ ဋ္ဌ။
၃၆	ထေရဂါထာ ။ (ပ)	ထေရ၊ ဋ္ဌ၊ ၁။
၃၇	ထေရဂါထာ ။ (ဒု)	ထေရ၊ ဋ္ဌ၊ ၂။

တိပိဋက ပါဠိ မြန်မာအဘိဓာန်
အဋ္ဌကထာကျမ်းစဉ်ပုံ နှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်	သင်္ကေတ
	ခုဒ္ဒကနိကာယအဋ္ဌကထာ	
၃၈	ထေရီဂါထာ အဋ္ဌကထာ	ထေရီ၊ ဋ္ဌ။
၃၉	အပဒါန ။ (ပ)	အပ၊ ဋ္ဌ၊ ၁။
၄၀	အပဒါန ။ (ဒု)	အပ၊ ဋ္ဌ၊ ၂။
၄၁	ဗုဒ္ဓဝံသ ။	ဗုဒ္ဓဝံ၊ ဋ္ဌ။
၄၂	စရိယာပိဋက ။	စရိယာ၊ ဋ္ဌ။
၄၃	မဟာနိဒ္ဒေသ ။	မဟာနိ၊ ဋ္ဌ။
၄၄	စူဠနိဒ္ဒေသ ။	စူဠနိ၊ ဋ္ဌ။
၄၅	ဇာတက ။ (ပ)	ဇာ၊ ဋ္ဌ၊ ၁။
၄၆	ဇာတက ။ (ဒု)	ဇာ၊ ဋ္ဌ၊ ၂။
၄၇	ဇာတက ။ (တ)	ဇာ၊ ဋ္ဌ၊ ၃။
၄၈	ဇာတက ။ (စ)	ဇာ၊ ဋ္ဌ၊ ၄။
၄၉	ဇာတက ။ (မ)	ဇာ၊ ဋ္ဌ၊ ၅။
၅၀	ဇာတက ။ (ဆ)	ဇာ၊ ဋ္ဌ၊ ၆။
၅၁	ဇာတက ။ (သ)	ဇာ၊ ဋ္ဌ၊ ၇။
၅၂	နေတ္တိအဋ္ဌကထာ	နေတ္တိ၊ ဋ္ဌ။

နိဒါန်း

တိပိဋက ပါဠိ မြန်မာအဘိဓာန် ဋီကာကျမ်းစဉ်ပုံနှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်	သင်္ကေတ
	ဝိနယဋီကာ	
၁	ဝဇိရဗုဒ္ဓိ ဋီကာ	ဝဇိရ။
၂	သာရတ္ထဒီပနီ ဋီကာ (ပ)	သာရတ္ထ၊ ၁။
၃	သာရတ္ထဒီပနီ ဋီကာ (ဒု)	သာရတ္ထ၊ ၂။
၄	သာရတ္ထဒီပနီ ဋီကာ (တ)	သာရတ္ထ၊ ၃။
၅	ဝိမတိဝိနောဒနီ ဋီကာ (ပ)	ဝိမတိ၊ ၁။
၆	ဝိမတိဝိနောဒနီ ဋီကာ (ဒု)	ဝိမတိ၊ ၂။
၇	ကင်္ခါဝိတရဏီ ဋီကာ	ကင်္ခါ၊ ဋီ။
၈	ကင်္ခါဝိတရဏီဋီကာသစ်	ကင်္ခါ၊ ဋီ၊သစ်။
	ဒီဃနိကာယဋီကာ	
၉	သီလက္ခန္ဓဝဂ္ဂဋီကာ	ဒီ၊ ဋီ၊ ၁။
၁၀	သီလက္ခန္ဓဝဂ္ဂဋီကာသစ် (ပ)	သီ၊ဋီ၊သစ်၊၁။
၁၁	သီလက္ခန္ဓဝဂ္ဂဋီကာသစ် (ဒု)	သီ၊ဋီ၊သစ်၊၂။
၁၂	မဟာဝဂ္ဂဋီကာ	ဒီ၊ ဋီ၊ ၂။
၁၃	ပါထိကဝဂ္ဂဋီကာ	ဒီ၊ ဋီ၊ ၃။
	မဇ္ဈိမနိကာယဋီကာ	
၁၄	မူလပဏ္ဏာသဋီကာ (ပ)	မ၊ ဋီ၊ ၁။
၁၅	မူလပဏ္ဏာသဋီကာ (ဒု)	မ၊ ဋီ၊ ၂။
၁၆	မဇ္ဈိမ-ဥပရိ-ပဏ္ဏာသဋီကာ	မ၊ ဋီ၊ ၃။
	သံယုတ္တနိကာယဋီကာ	
၁၇	သံယုတ္တဋီကာ (ပ)	သံ၊ ဋီ၊ ၁။
၁၈	သံယုတ္တဋီကာ (ဒု)	သံ၊ ဋီ၊ ၂။

တိပိဋက ပါဠိ မြန်မာအဘိဓာန်
ဋီကာကျမ်းစဉ်ပုံနှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်	သင်္ကေတ
	အင်္ဂုတ္တရနိကာယဋီကာ	
၁၉	အင်္ဂုတ္တရဋီကာ (ပ)	အံ၊ ဋီ၊ ၁။
၂၀	အင်္ဂုတ္တရဋီကာ (ဒု)	အံ၊ ဋီ၊ ၂။
၂၁	အင်္ဂုတ္တရဋီကာ (တ)	အံ၊ ဋီ၊ ၃။
	အဘိဓမ္မပိဋကဋီကာ	
၂၂	မူလဋီကာ၊ အနုဋီကာ (ပ)	မူလဋီ၊၁။ အနုဋီ၊၁။
၂၃	မူလဋီကာ၊ အနုဋီကာ (ဒု)	မူလဋီ၊၂။ အနုဋီ၊၂။
၂၄	မူလဋီကာ၊ အနုဋီကာ (တ)	မူလဋီ၊၃။ အနုဋီ၊၃။
	ကျန်ဋီကာကျမ်းများ	
၂၅	ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပ)	ဝိသုဒ္ဓိ၊ ဋီ၊ ၁။
၂၆	ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ဒု)	ဝိသုဒ္ဓိ၊ ဋီ၊ ၂။
၂၇	နေတ္တိဋီကာ	နေတ္တိ၊ ဋီ။
၂၈	နေတ္တိဝိဘာဝိနီ	နေတ္တိ၊ ဝိ။

ယခုလက်ရှိ အဘိဓာန်ကျမ်းပြု ဆရာတော်များ

၁။ ဆရာတော် ဦးကုမာရာဘိဝံသ၊ သကျသီဟဓမ္မာစရိယ ဝံ့သကာ၊ အစိုးရ သီရိပဝရဓမ္မာစရိယ၊ ပါဠိသိရောမဏိ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘီအေ၊ ဖန်းမော်တိုက်။

၂။ ဆရာတော် ဦးသောဘဏာဘိဝံသ၊ သကျသီဟ မူလဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဦးဇာဂရကြီးကျောင်း။

၃။ ဆရာတော် ဦးသုန္ဒရ၊ အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဇမ္ဗူအေးကျောင်း၊ မိုးထိတိုက်။

၄။ ဆရာတော် ဦးဩဘာသာဘိဝံသ၊ သကျသီဟဓမ္မာစရိယ၊ အစိုးရဓမ္မာယစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အတုလကာရီဆင်မင်းကျောင်း။

၅။ ဆရာတော် ဦးစက္ကပါလ၊ အစိုးရဓမ္မာစရိယ၊ အတုလကာရီဆင်မင်းကျောင်း။

၆။ ဆရာတော် ဦးကုသလာစာရာဘိဝံသ၊ သကျသီဟမူလဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဂုဏဝတီတိုက်ကျောင်း။

၇။ ဆရာတော် ဦးပညောဘာသာဘိဝံသ၊ သကျသီဟဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မဂုဏ်ရည်ကျောင်း။

၈။ ဆရာတော် ဦးနန္ဒိယ၊ အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဇမ္ဗူအေးကျောင်း၊ မိုးထိတိုက်။

၉။ ဆရာတော် ဦးသဒ္ဓမ္မာနန္ဒ၊ အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ပုသိမ်ကျောင်း။

၁၀။ ဆရာတော် ဦးကဋ္ဌန၊ အစိုးရဓမ္မာစရိယ၊ အတုလကာရီဆင်မင်းကျောင်း။

၁၁။ ဆရာတော် ဦးအဂ္ဂည၊ အစိုးရဓမ္မာစရိယ၊ ဂုဏဝတီတိုက်ကျောင်း။

၁၂။ ဆရာတော် ဦးနေမိန္ဒာဘိဝံသ၊ စေတိယင်္ဂဏအဘိဝံသ၊ အစိုးရဓမ္မာစရိယ၊ ဂုဏဝတီတိုက်ကျောင်း

တိပိဋက

ပါဠိ – မြန်မာအဘိဓာန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သံသ (ကြိ) ‌| သံသ + အ + ဟိ။ နီတိ၊ ဓာတု။ ၁၇၆။ နိရုတ္တိ။ ၄၉၇-နှာ။ ဓာတွတ္ထ။ ဂံသတိ - သံ။ | (ချီးမွမ်း) - ပြောကြား- ပြောဆို - လျှောက်ထား - လော။ တမဟံ ဒဿနမာဂတော။ ယဒိ ဇာနာသိ သံသ မေ။ ဇာ၊ ၂။ ၃၄၃။ ဇာ၊ ဋ္ဌ၊ ၇။ ၃၀၉။ နေတ္တိ၊ ဝိ။ ၂၉၃)။

သံသဂ္ဂ (ပု) | သံ + သဇ္ဇ + ဏျ။ ကစ္စည်း။ ၅၄၄။ ရူ။ ၅၅၆။ ဓာတွတ္ထ။ သံ + သဇ + ယက်။ နိရုတ္တိ။ ၅၄၁ - နှာ။ သံသဂ် - သံ။ (ထီ၊ ပု) သံသဂ္ဂ-ပြာ၊ အဒ္ဓမာဂဓီ။ | (၁) ရောနှော- နှီးနှော- ရောယှက်- သုံးသပ်- ပေါင်းသင်း-ဆက်ဆံ-စပ်ယှက်-ခြင်း။ (၂) ရောနှော- နှီးနှော - ရောယှက်- သုံးသပ်- ပေါင်းသင်း- ဆက်ဆံ-စပ်ယှက်-ဆုတ်နစ်-ကြောင်း ရာဂ, တဏှာ။ (၃) ရောနှော-နှီးနှော-ရောယှက်- သုံးသပ် - ပေါင်းသင်း - ဆက်ဆံ - တတ်သော။ (၄) အာရုံ၌ စိတ်ကို စွန့်လွှတ်ခြင်း။ (၁) ရာဇရာဇမဟာမတ္တေဟိ သဒ္ဓိံ သံသဂ္ဂေါ ဖြဟ္မစရိယန္တရာယံ ကရောတိ။ အဘိ၊ ဋ္ဌ၊ ၂။ ၃၂၆။ ဉာတီဟိ ပန မေ သံသဂ္ဂေါ နာမ နတ္ထိ ဘန္တေ။ ဓမ္မ၊ ဋ္ဌ၊ ၁။ ၁၈၀။ အာဝုသော အာစရိယေန သဒ္ဓိံ သံသဂ္ဂေ သတိ ဂတော မှိ၊ က္ကဒါနိ ပန မေ ဆိန္နော သံသဂ္ဂေါ။ ဓမ္မ၊ ဋ္ဌ၊ ၂။ ၅၄။ (-ကခ်ါ။ ၂၂၆။ အဘိ၊ ဋ္ဌ၊ ၁။ ၃၉၇။ အဘိ၊ ဋ္ဌ၊ ၂။ ၃၂၆။ ဓမ္မ၊ ဋ္ဌ၊ ၁။ ၁၉၆။ ဓမ္မ၊ ဋ္ဌ၊ ၂။ ၄၁၄။ က္ကတိဝုတ်၊ ဋ္ဌ။ ၂၃၃)။ (၂) သဝနသံသဂ္ဂေါ ---- ကာယသံသဂ္ဂေါတိ ပဉ္စဝိဓော သံသဂ္ဂေါ။ မ၊ ဋ္ဌ၊ ၂။ ၅၀။ သံသီဒတိ ဧတေနာတိ သံသဂ္ဂေါ၊ ရာဂေါ။ မ၊ ဋီ၊ ၂။ ၁၁၂။ ပဉ္စဝိဓေန သံသဂ္ဂေနာ (အံ၊ ဋ္ဌ၊ ၃။ ၃၇) တိ " သဝနသံသဂ္ဂေါ---- ကာယသံသဂ္ဂေါ "တိ ဧဝံ ဝုတ္တေန ပဉ္စဝိဓေန သံသဂ္ဂေန။ သံသဇ္ဇတိ ဧတေနာတိ သံသဂ္ဂေါ၊ ရာဂေါ။ အံ၊ ဋ္ဌ၊ ၃။ ၃၁။ (-သံ၊ ၁။ ၃၇၁။ သံ၊ ဋ္ဌ၊ ၂။ ၁၃၁။ သံ၊ ဋီ၊ ၂။ ၁၃၉)။ (၃) သံသဂ္ဂဘာဝဒဿန-ကြည့်။ (၄) အပရေ ပန " အာရမ္မဏေ စိတ္တဿ ဝေါဿဂ္ဂေါ သံသဂ္ဂေါ "တိ ဘဏန္တိ။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၆၃။

" သံသဂ္ဂ ၅-မျိုး "

(၁) ဒဿနသံသဂ္ဂ=ယောကျ်ား, မိန်းမတို့ အချင်းချင်း တွေ့မြင်ရခြင်းကြောင့် ဖြစ်သောရာဂ။ (၂) သဝနသံသဂ္ဂ=ယောကျ်ား, မိန်းမတို့ အချင်းချင်း သူတစ်ပါးတို့ ပြောဆိုအပ်သော အဆင်းစသည်တို့၏ ပြည့်စုံခြင်းကို ကြား၍ ဖြစ်စေ, မိမိကိုယ်တိုင် ရယ်မောသံ, စကားပြောသံ, သီချင်းသံကိုကြား၍ဖြစ်စေ ဖြစ်ပေါ်

လာသော ရာဂ။ (၃) ကာယသံသဂ္ဂရာဂ= ယောကျ်ား, မိန်းမတို့အချင်းချင်း လက်ချေအင်္ဂါစသည်တို့ကို သုံးသပ်ခြင်းကြောင့် ဖြစ်သော ရာဂ။ (၄) သမုလ္လပနသံသဂ္ဂ = ယောကျ်ား, မိန်းမတို့ အချင်းချင်း ရှေးဦးစွာ ပြောဆိုခြင်း, အဖန်တလဲလဲ ပြောဆိုခြင်းကြောင့်ဖြစ်သော ရာဂ။(၅) သမ္ဘောဂသံသဂ္ဂ=ရဟန်းယောကျ်ား, ရဟန်းမိန်းမတို့ အချင်းချင်း တစ်ဦးပိုင် ပစ္စည်းဝတ္ထုကို တစ်ဦးက ယူ၍သုံးဆောင်ခြင်း, သုံးစွဲခြင်းကြောင့် ဖြစ်သောရာဂ ဟူ၍ ၅ - ပါး အပြားရှိ၏။ (စူဠနိ။ ၂၃၄။ မ၊ ဋ္ဌ၊ ၂။ ၅၀။ သံ၊ ဋ္ဌ၊ ၁။ ၁၁၃။ ဥဒါန၊ ဋ္ဌ။ ၂၁၀။ ဣတိဝုတ်၊ ဋ္ဌ။ ၂၃၃။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၆၂-၃။ အပ၊ ဋ္ဌ၊ ၁။ ၁၇၃။ မဟာနိ၊ ဋ္ဌ။ ၂၈၉။ အံ၊ ဋီ၊ ၃။ ၂၇၉)။

သံသဂ္ဂကာရဏ (န) | သံသဂ္ဂ + ကာရဏ | ရောနှော-နှီးနှော-ရောယှက်-သုံးသပ်-ပေါင်းသင်း - ဆက်ဆံ- ခြင်းဟူသော အကြောင်း။ ယေန မိတ္တေန သံသဂ္ဂါ (ဇာ၊ ၁။ ၈၀) တိ ယေန ပါပမိတ္တေန သဒ္ဓိံ သံသဂ္ဂဟေတု သံသဂ္ဂကာရဏာ။ ဇာ၊ ဋ္ဌ၊ ၂။ ၃၂၂။ (-ဇာ၊ ဋ္ဌ၊ ၂။ ၃၂၃)။

သံသဂ္ဂကိရိယ (ထီ၊ န) | သံသဂ္ဂ + ကိရိယ | ရောနှော-နှီးနှော-ရောယှက်-သုံးသပ်-ပေါင်းသင်း -ဆက်ဆံ- စပ်ယှက်- ခြင်းကို ပြုခြင်း။ သံသဂ္ဂကိရိယသ္မိံ မုစ္ဆိတာ။ မဟာနိ၊ ဋ္ဌ။ ၉၃။

သံသဂ္ဂဂဟဏ (န) | သံသဂ္ဂ + ဂဟဏ | သံသဂ္ဂ-သဒ္ဒါ။ သံသဂ္ဂဂဟဏေန စေတ္ထ သံသဂ္ဂဝတ္ထုကာ တဏှာ ဂဟိတာ။ သံ၊ ဋီ၊ ၂။ ၁၃၉။

သံသဂ္ဂဂါထာ (ထီ) | သံသဂ္ဂ + လက္ခိတ + ဂါထာ | သံသဂ္ဂဂါထာ၊ သံသဂ္ဂ-သဒ္ဒါဖြင့်-မှတ်-မှတ်အပ် - မှတ်၍ ဟောအပ် - သော ဂါထာ။ အနုသန္ဓိယောဇနာပိ စေတ္ထ သံသဂ္ဂဂါထာယ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာ။ အပ၊ ဋ္ဌ၊ ၁။ ၁၈၆။ (-အပ၊ ၁။ ၉။ အပ၊ ဋ္ဌ၊ ၁။ ၁၇၅)။

သံသဂ္ဂဂါထာဝဏ္ဏနာ (ထီ) | သံသဂ္ဂဂါထာ+ ဝဏ္ဏနာ | သံသဂ္ဂဂါထာကို - ဖွင့်ရာ - ဖွင့်ကြောင်း - ဖြစ်သော အဋ္ဌကထာ။ သေသံ သံသဂ္ဂဂါထာဝဏ္ဏနာယံ ဝုတ္တသဒိသမေဝ။ အပ၊ ဋ္ဌ၊ ၁။ ၁၈၅။ (-သုတ္တနိ၊ ဋ္ဌ၊ ၁။ ၆၄)။

သံသဂ္ဂဇ (တိ) | သံသဂ္ဂ + ဇန + က္ဂိ။ ကစ္စည်း။ ၆၁၅။ ရူ။ ၅၈၆။ | ရောနှော-နှီးနှော-ရောယှက်-သုံးသပ်-ပေါင်းသင်း- ဆက်ဆံ- စပ်ယှက်-ခြင်းကြောင့်ဖြစ်သော။ ------ ကလျာဏာမိမုတ္တိကော အာရဒ္ဓဝီရိယော သေဝန္တေန အသံသဂ္ဂေန သံသဂ္ဂဇော ဝနထော ဆိန္နိတဗ္ဗော။ ဣတိဝုတ်၊ ဋ္ဌ။ ၂၃၄။

သံသဂ္ဂဇာတ (တိ) | သံသဂ္ဂ + ဇာတ | ဖြစ်သော - ရောနှော - နှီးနှော -ရောယှက်-ကြောင်း ရာဂရှိသော၊ သူ။ သံသဂ္ဂဇာတဿ ဘဝန္တိ သ္နေဟာ။ သုတ္တနိ။ ၂၈၅။ အပ၊ ၁။ ၉။ စူဠနိ။ ၂၃၄။ သံသဂ္ဂဇာတဿာတိ ဇာတသံသဂ္ဂဿ။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၆၂။ အပ၊ ဋ္ဌ၊ ၁။ ၁၇၃။ စူဠနိ၊ ဋ္ဌ။ ၁၀၂။ (-အဘိ၊ ဋ္ဌ၊ ၂။ ၃၂၅။ မဟာနိ၊ ဋ္ဌ။ ၄၀၀)။

သံသဂ္ဂဒေါသ (ပု) | သံသဂ္ဂ + ဒေါသ | ရောနှော-နှီးနှော-ရောယှက်-သုံးသပ်-ပေါင်းသင်း - ဆက်ဆံ - စပ်ယှက် - ခြင်းဟူသော အပြစ်။ ကေနစိ ပါပသဟာယေန သံသဋ္ဌော သံသဂ္ဂဒေါသေန ပါပဝိတက္ကာဒိဝသံ ဂတော။ အပ၊ ဋ္ဌ၊ ၂။ ၂၁၁။(-ဇာ၊ ဋ္ဌ၊ ၂။ ၈၉)။

သံသဂ္ဂနိဿိတ (တိ) | သံသဂ္ဂ + နိဿိတ |

(လူတို့နှင့်) ရောနှော -နှီးနှော - ရောယှက်-သုံးသပ်- ပေါင်းသင်း- ဆက်ဆံ - စပ်ယှက်-ခြင်း-၌-ကို-မှီသော၊ သူ (ရဟန်း)။ ဘဏ္ဍာနံ ကာရကော ဧကော၊ တလော သံသဂ္ဂ-နိဿိတော။ ဝိ၊ ၄။ ၈၀။

သံသဂ္ဂပစ္စယ (ပု) [သံသဂ္ဂ + ပစ္စယ] သံသဂ္ဂကာရဏ-ကြည့်။ ပဉ္စ သံသဂ္ဂပစ္စယာ (ဝိ၊ ၅။ ၃၆၄) တိ ---- ဣမာ ကာယသံသဂ္ဂ-ပစ္စယာ ပဉ္စာပတ္တိယော။ ဝိ၊ ၅၊ ၄။ ၂၂၆။

သံသဂ္ဂပဋိကွေပ (ပု) [သံသဂ္ဂ + ပဋိကွေပ] ရောနှော-နှီးနှော-ရောယှက်-သုံးသပ်-ပေါင်းသင်း - ဆက်ဆံ - စပ်ယှက် - ခြင်းကို ပယ်ကြောင်းဖြစ်သော။ အသံသဂ္ဂေန ဆိဋ္ဌတီတိ သံသဂ္ဂပဋိကွေပေန ကာယဝိဝေကာဒိနာ ပုဗ္ဗဘာဂေ ဆိဋ္ဌိတွာ။ ဣတိဝုတ်၊ ၅။ ၂၃၃။

သံသဂ္ဂပိဋ္ဌိတ (တိ) [သံသဂ္ဂ + ပိဋ္ဌိတ] ရောနှော-နှီးနှော-ရောယှက်-သုံးသပ်-ပေါင်းသင်း-ဆက်ဆံ-စပ်ယှက်-ခြင်းသည် နှိပ်စက်အပ်သော။ ဧကကော ဝနေ ရမ္မေ၊ ဝသိံ သံသဂ္ဂပိဋ္ဌိတော။ အပ၊ ၂။ ၁၆။ ထေရ၊ ၅၊ ၂။ ၁၇၈။

သံသဂ္ဂဘယဒဿိ (တိ) [သံသဂ္ဂ + ဘယဒဿိ။ ထိ-၌ ---ဒဿိနီ။] ရောနှော-နှီးနှော -ရောယှက် -သုံးသပ် - ပေါင်းသင်း-ဆက်ဆံ- စပ်ယှက်-ခြင်း၌ ဘေးဟု- ရှု-မြင်-လေ့ရှိ - တတ် - သော၊ သူ။ မနသော ဝူပကာသဿ၊ သံသဂ္ဂဘယဒဿိနော။ အပ၊ ၂။ ၁၆။ ထေရ၊ ၅၊ ၂။ ၁၇၈။

သံသဂ္ဂဘာဝဒဿန (န) [သံသဂ္ဂဘာဝ + ဒဿန] ရောနှော-နှီးနှော-ရောယှက်-စပ်ယှက်-သည်၏အဖြစ်ကိုပြခြင်း။ အဓိကရဏာနံ ဝုတ္တာနယေန အညမညပစ္စယတ္တေပိ သံသဂ္ဂ-ဘာဝဒဿနတ္ထံ။ ဝိမတိ၊ ၂။ ၂၈၃။

သံသဂ္ဂဘေဒ (ပု) [သံသဂ္ဂ + ပဝတ္တ + ဘေဒ] ရောနှော-နှီးနှော-ရောယှက်-စပ်ယှက်-ခြင်းကြောင့် ဖြစ်သော-အပြား-အထူးအပြား။ ဧတေသဥ္စ စတုန္နံ မူလကာရဏာနံ သံသဂ္ဂဘေဒတောပိ သုပိနဘေဒေါ ဟောတိယေဝ။ ဝိ၊ ၅၊ ၂။ ၁၀၈။ အဘိ၊ ၅၊ ၂။ ၃၉၀။ (-အံ၊ ၅၊ ၃။ ၇၂။ ဥဒါန၊ ၅။ ၂၇။ ဣတိဝုတ်၊ ၅။ ၃၂။ မဟာနိ၊ ၅။ ၃၆၅)။

သံသဂ္ဂမုတ္တက (တိ) [သံသဂ္ဂ + မုတ္တ + က] ရောနှော-နှီးနှော-ရောယှက်-သုံးသပ်-ပေါင်းသင်း -ဆက်ဆံ- စပ်ယှက်- ဆုတ်နစ်-ကြောင်း ရာဂမှ လွတ်မြောက်သော၊ သူ။ အရဟာ ------ ဂါဟမုတ္တကော စေဝ သံသဂ္ဂမုတ္တကော စ။ မဟာနိ၊ ၅။ ၂၉၀။

သံသဂ္ဂမူလက (တိ) [သံသဂ္ဂ + မူလ + က] ရောနှော-နှီးနှော-ရောယှက်-သုံးသပ်-ပေါင်းသင်း - ဆက်ဆံ - စပ်ယှက် -ကြောင်းရာဂလျှင် အကြောင်းရင်းရှိသော။ ဣတရေ သံသဂ္ဂမူလကာတိ တမေဝ ပဋိက္ခိပန္တော အာဟ " အဒဿနေနာ " တိ။ သံ၊ ဋီ၊ ၂။ ၁၃၉။

သံသဂ္ဂရတ (တိ) [သံသဂ္ဂ + ရတ] ရောနှော-နှီးနှော-ရောယှက်-သုံးသပ်-ပေါင်းသင်း- ဆက်ဆံ- စပ်ယှက်-ခြင်း၌-မွေ့လျော်-ပျော်ပိုက်-သော၊ သူ။ သံသဂ္ဂါရာမ-ကြည့်။

သံသဂ္ဂဝတ္ထု (န) [သံသဂ္ဂ + ဝတ္ထု] ရောနှော-နှီးနှော-ရောယှက်-သုံးသပ်-ပေါင်းသင်း- ဆက်ဆံ-စပ်ယှက်-ခြင်း (သံသဂ္ဂ) ၏ အကြောင်း(တဏှာ)။ သံသဂ္ဂဝတ္ထုနာ ဣမိနာ

တဿ ပရိဘောဂေါ ပရိဘောဂသံသဂ္ဂေါ။ သံ၊ ဋီ၊ ၁။ ၁၆၅။

သံသဂ္ဂဝတ္ထုက (တိ) [သံသဂ္ဂ + ဝတ္ထု + က] ရောနှော-နှီးနှော-ရောယှက်-သုံးသပ်-ပေါင်းသင်း - ဆက်ဆံ - စပ်ယှက် - ခြင်း (သံသဂ္ဂ) ၏အကြောင်း (တဏှာ)။ သံသဂ္ဂါ (သံ၊ ၁။ ၃၇၁) တိ ပဉ္စဝိဓေသံသဂ္ဂဟေတု။ သံသဂ္ဂကဏောန စေတ္ထ သံသဂ္ဂဝတ္ထုကာ တဏှာ ဂဟိတာ။ သံ၊ ဋီ၊ ၂။ ၁၃၉။ (-သံ၊ ဋ္ဌ၊ ၂။ ၁၃၁)။

သံသဂ္ဂဟေတု (ပု) [သံသဂ္ဂ + ဟေတု] သံသဂ္ဂကာရဏ-ကြည့်။

သံသဂ္ဂါတိက္ကမ (ပု) [သံသဂ္ဂ + အတိက္ကမ] ရောနှော - နှီးနှော - ရောယှက် - သုံးသပ်-ပေါင်းသင်း - ဆက်ဆံ - စပ်ယှက် - ခြင်းကို ကျော်လွန်ခြင်း။ ---- စေတောခိလဝိဝေစနံ အဘိန္ဒနနိဝါရဏံ သံသဂ္ဂါတိက္ကမော ဝိဝါဒမူလပရိစ္စာဂေါ။ သံ၊ ဋီ၊ ၁။ ၅၂။

သံသဂ္ဂါဘာဝ (ပု) [သံသဂ္ဂ + အဘာဝ] ရောနှော - နှီးနှော - ရောယှက် - သုံးသပ်-ပေါင်းသင်း-ဆက်ဆံ-စပ်ယှက်-ခြင်း၏မရှိခြင်း။ အထဿ ဘဂဝါ ကုလေသု သံသဂ္ဂါဘာဝံ ဒီပေန္တော။ မ၊ ဋ္ဌ၊ ၄။ ၂၃၃။ သံ၊ ဋ္ဌ၊ ၃။ ၁၉။

သံသဂ္ဂါရာမ (တိ) [သံသဂ္ဂ + အာရာမ] သံသဂ္ဂရတ-ကြည့်။ သံသဂ္ဂါရာမော ဟောတိ သံသဂ္ဂရတော သံသဂ္ဂါရာမတံ အနုယုတ္တော။ အံ၊ ၂။ ၂၅၉။ သံသဂ္ဂါရာမတာတိ ပဉ္စဝိဓေ သံသဂ္ဂေ အာရာမတာ။ အံ၊ ဋ္ဌ၊ ၃။ ၂၅၂။ (-အဘိ၊ ဝိ။ ၃၉၅။ အဘိ၊ ဋ္ဌ၊ ၂။ ၄၈၉)။

သံသဇ္ဇတိ (ကြိ) [သံ + သဇ + ယ + တိ။ နီတိ၊ ဓာတု။ ၂၂၄။ နိရုတ္တိ။ ၅၄၁-နှာ။ သံ + သဇ္ဇ + အ + တိ။ ဓာတွတ္ထ။ သံသဇတိ၊ သံသဇျတေ - သံ။ သံသဇ္ဇက္က - ပါကတ။] ကပ်ငြိ-ရောနှော-နှီးနှော-ရောယှက်-သုံးသပ်-ပေါင်းသင်း - ဆက်ဆံ - စပ်ယှက် - ၏။ သံသဇ္ဇတိ ဧတေနာတိ သံသဂ္ဂေါ။ အံ၊ ဋီ၊ ၃။ ၃၁။

သံသဇ္ဇန (န) [သံ + သဇ + ယ + ယု။ နီတိ၊ ဓာတု။ ၂၂၄။ နိရုတ္တိ။ ၅၄၁-နှာ။ သံ + သဇ္ဇ + ယု။ ဓာတွတ္ထ။ သံသဇ်န - သံ။] ရောနှော-နှီးနှော-ရောယှက်-ခြင်း။ သံသဂ္ဂတ္တိ သံသဇ္ဇနံ မိဿီကရဏံ " ရာဂသဒ္ဓါဓိရိယာ ဒေါသသဒ္ဓါဓိရိယာ " တိအာဒိနာ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၁၂၁။ (-အနုဋီ၊ ၃။ ၂၀၉)။

သံသဇ္ဇိယန္တိ (ကမ္မ၊ ကြိ) [သံ + သဇ + ယ + အန္တေ။ နီတိ၊ ဓာတု။ ၂၂၄။ နိရုတ္တိ။ ၅၄၁ - နှာ။ သံ + သဇ္ဇ + ယ + အန္တေ။ ဓာတွတ္ထ။] ကပ်ငြိ-ရောနှော-နှီးနှော-ရောယှက်-အပ်ကုန်၏။ အညထာ ဟိ ဥပ္ပါဒ-နိရောဓာ ပစ္စုပ္ပန္နာနာဂတကာလာ စ ကထံ သံသဇ္ဇိယန္တိ။ အနုဋီ၊ ၃။ ၂၀၉။

သံသဋ္ဌ (တိ) [သံ + သဇ္ဇ + တ။ ကစ္စည်း။ ၅၇၃။ ရူ။ ၆၂၆။ ဓာတွတ္ထ။ သံ + သဇ + တ။ နိရုတ္တိ။ ၄၉၃-နှာ။ သံသဃ္ဋ-သံ။ သံသဋ္ဌ-ပြာ၊ အဒ္ဓမာဂဓီ။] (၁) တူသော။ (၂)(ကိလေသာဖြင့်) စွတ်စိုသော။ (၃) (လူတို့နှင့်) နှီးနှော-ရောယှက်-ပေါင်းသင်း- ဆက်ဆံ- စပ်ယှက်-သော၊ အဆွေခင်ပွန်းဖွဲ့သော။ (၄) အညီအညွတ် ဧကုပ္ပါဒတာ အစရှိသော အကြောင်းတို့ဖြင့်ယှဉ်-အတူတကွဖြစ်- သဟဇာတ်ဖြစ်-သော။ (၅) ရောနှော-ရောယှက်-ပေါင်းစပ်-သော။ (၆) ရောနှော-ပေါင်းစပ်-နယ်-ဖြုပြင်စီရင် - အပ်သော။ (၇) (ရေစစ်စသည်ဖြင့်)

စစ် အပ်သော၊ စင်ကြယ်အောင် ပြုအပ်သော။ (၈) နှီးနှော- ရောယှက်- ပေါင်းသင်း- ဆက်ဆံ-စပ်ယှက်-ရာ။ (၉)ယှဉ်သော စိတ်ရှိသော။ (၁၀) ဆည်းပူးအပ်သော။

(၁) တူသော။ ကိသေ ထူလေ ဝိဝဇ္ဇေတွာ၊ သံသဋ္ဌာ ယောဇိတာ ဟယာ။ ဇာ၊ ၂။ ၁၅၄။ တသ္မတ္တော ကိသေ စ ထူလေ စ ဇေရူပေ အဿေ အဂ္ဂဏှိတွာ ဝယေန ဝဏ္ဏေန ဇဝေန ဗလေန သဒိသာ ဟယာ ယောဇိတာတိ။ ဇာ၊ ဋ္ဌ၊ ၆။ ၂၇။ အယဉ္ဟိ "ကိသေ ထူလေ ဝိဝဇ္ဇေတွာ၊ သံသဋ္ဌာ ယောဇိတာ ဟယာ" တိ ဧတ္ထ သဒိသေ အာဂတော။ အဘိ၊ ဋ္ဌ၊ ၁။ ၁၁၂။ (-မဟာနိ၊ ဋ္ဌ။ ၂၁)။ (၂) (ကိလေသာဖြင့်) စွတ်စိုသော။ သံသဋ္ဌာဝ အယျေ တုမှေ ဝိဟရထ။ ဝိ၊ ၂။ ၃၁၃-၅။ "သံသဋ္ဌာဝ တုမှေ အယျေ ဝိဟရထာ" တိ အဝဿုတေ။ အဘိ၊ ဋ္ဌ၊ ၁။ ၁၁၂။ (၃) (လူတို့နှင့်) နှီးနှော-ရောယှက်- ပေါင်းသင်း - ဆက်ဆံ - စပ်ယှက် - သော၊ အဆွေခင်ပွန်း ဖွဲ့သော။ ကထဉ္စ ဂဟပတိ ဂါမေ သန္ထဝဇာတော ဟောတိ။ ဣဓ ဂဟပတိ ဧကစ္စော ဂိဟီဟိ သံသဋ္ဌော ဝိဟရတိ။ သံ၊ ၂။ ၁၀။ (-မ၊ ၁။ ၁၇၃-၄။ သံ၊ ၁။ ၂၀၂။ မ၊ဋ္ဌ၊ ၂။ ၂။ ဝိသုဒ္ဓိ၊ ၁။ ၁၇၊ ၁၁၁။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၁၇၉။ ထေရ၊ ဋ္ဌ၊ ၂။ ၃၄၃။ အပ၊ ဋ္ဌ၊ ၂။ ၂၁၁။ ဇာ၊ ဋ္ဌ၊ ၅။ ၂၆၈။ သာရတ္ထ၊ ၃။ ၃၇။ ဒီ၊ ဋီ၊ ၂။ ၁၂၇။ မ၊ ဋီ၊ ၁။ ၄၃။ မ၊ ဋီ၊ ၂။ ၇၈။ သံ၊ ဋီ၊ ၁။ ၄၀)။ "ဂိဟီသံသဋ္ဌော ဝိဟရတိ" တိ မိတ္တသန္ထဝေ။ အဘိ၊ ဋ္ဌ၊ ၁။ ၁၁၂။ သံသဋ္ဌသဒ္ဒေါ "ဂိဟီဟိ သံသဋ္ဌော" တိ စ "ဇဝံ သံသဋ္ဌော ဘန္တေ"တိ စာတိ ဧဝမာဒီသု သံသဂ္ဂေ။ မဟာနိ၊ ဋ္ဌ။ ၂၁။ (၄) အညီအညွတ် ကေပ္ပဒတာ အစရှိသော အပြားတို့ဖြင့်ယှဉ်-အတူတကွဖြစ်-သဟဇာတ်ဖြစ်-သော။ ဣဒံ သုခံ ဣမာယ ပီတိယာ သဟဂတံ ဟောတိ သဟဇာတံ သံသဋ္ဌံ သမ္ပယုတ္တံ။ အဘိ၊ ဝိ။ ၂၆၈။ "ဣဒံ သုခံ ဣမာယ ပီတိယာ သဟဂတံ ဟောတိ သဟဇာတံ သံသဋ္ဌံ သမ္ပယုတ္တ" န္တိ သဟဇာတေ။ အဘိ၊ ဋ္ဌ၊ ၁။ ၁၁၂။ ကုသလံ ဓမ္မံ သံသဋ္ဌော (ပဋ္ဌာန၊ ၁။ ၁၁၁) တိ ကုသလံ ဓမ္မံ ဧကုပ္ပါဒါဒိလက္ခဏေန သမ္ပယောဂဋ္ဌေန ပစ္စယံ ကတွာတိ အတ္ထော။ အဘိ၊ ဋ္ဌ၊ ၃။ ၄၃၁။ သံသဋ္ဌာ (မ၊ ၁။ ၃၆၆) တိ ဧကုပ္ပါဒ-ဧကနိရောဓဧကဝတ္ထုကဧကာရမ္မဏတာယ သံသဋ္ဌာ။ မ၊ ဋ္ဌ၊ ၂။ ၂၄၂။ သံသဋ္ဌာတိ သမ္ပယုတ္တာ။ မ၊ ဋီ၊ ၂။ ၂၆၀။ (-ဝိ၊ ၅။ ၁၉၅။ အဘိ၊ က။ ၂၅၂ - ၃၊ ၂၆၇။ ပဋိသံ။ ၂၂၆၊ ၃၁၆၊ ၃၂၄။ မဟာနိ။ ၂၀၄။ သံ၊ ဋ္ဌ၊ ၃။ ၂၀၇။ အဘိ၊ ဋ္ဌ၊ ၁။ ၈၄၊ ၉၂။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၃၆၃)။ (၅) ရောနှော -ရောယှက် - ပေါင်းစပ်သော။ ယောပိ သော ဘိက္ခဝေ သတ္ထာ အာမိသဂရု အာမိသဒါယာဒေါ အာမိသေဟိ သံသဋ္ဌော ဝိဟရတိ။ မ၊ ၂။ ၁၄၆။ သံသဋ္ဌော (အံ၊ ၂။ ၂၀၂) တိ ဝဏ္ဏဘေဒကရဏဝသေန သံသဋ္ဌော။ အံ၊ ဋ္ဌ၊ ၃။ ၆၈။ (၆) ရောနှော-ပေါင်းစပ် - နယ် - ပြုပြင်စီရင် - အပ်သော။ အထေကဒိဝသံ သာ ဧကံ ခီဏာသဝတ္ထေရံ ---- တေလသံသဋ္ဌံ ဒေါဏိနိမ္မဇ္ဇနိံ ပိညာက-မဒါသိ။ ပေတ၊ ဋ္ဌ။ ၄၄။ တိလေန သံသဋ္ဌံ ဘောဇနံ တေလိကံ။ ကစ္စည်း။ ၃၅၀။ နီတိ၊ သုတ္တ။ ၇၆၄။ တိလေန သံသဋ္ဌန္တိ ဝိဂ္ဂဟေ--- တေလိကံ ဘောဇနံ၊ တိလေန အဘိသင်္ခတန္တိ အတ္ထော။ ရူ။ ၃၇၃။ (-မ၊ ၃။ ၄၇။ သံ၊ ၁။ ၃၃၂-၃။ သံ၊ ၃။ ၁၀၆)။ (၇) (ရေစစ်စသည်ဖြင့်) စစ်အပ်သော၊ စင်ကြယ်အောင် ပြုအပ်

သော။ သံသဋ္ဌ(ဝိ၊ ၃။ ၂၉၂) န္တိ ပရိဿာဝိတံ။ သာရတ္ထ၊ ၃။ ၃၀၄။ ဝိမတိ၊ ၂။ ၁၈၆။ (-ဝိ၊ ဋ္ဌ၊ ၂။ ၂၉၃။ ကင်္ခါ။ ၁၈၁။ ဝိမတိ၊ ၁။ ၃၅၂။ ကင်္ခါ၊ ဋီ၊ သစ်။ ၃၂၉)။ (၈) နှီးနှော-ရောယှက်- ပေါင်းသင်း- ဆက်ဆံ- စပ်ယှက်-ရာ။ သံသဋ္ဌကာလ-ကြည့်။ (၉) ယှဉ်သောစိတ် ရှိသော။ သံသဋ္ဌော(ဒီ၊ ၂။ ၁၇၃)တိ သမ္ပယုတ္တ-စိတ္တော။ ဒီ၊ ဋ္ဌ၊ ၂။ ၂၃၆။ သံသဋ္ဌောတိ သံသဂ္ဂံ ဥပဂတော သမင်္ဂီဘူတော၊ သော ပန တေဟိ သမန္နာဂတစိတ္တောပိ ဟောတီတိ ဝုတ္တံ “ သမ္ပယုတ္တစိတ္တော ” တိ။ ဒီ၊ ဋီ၊ ၂။ ၂၁၁။ (၁၀) ဆည်းပူးအပ်သော။ မူလံ မူလေန သံသဋ္ဌံ၊ သာခါ သာခါ နိသေဝရေ (ဇာ၊ ၁။ ၄၈) တိ ဇတ္တ ဥပစိတေ။ မဟာနိ၊ ဋ္ဌ။ ၂၁။

သံသဋ္ဌအာမိသပစ္စယ (ပု) [သံသဋ္ဌ + အာမိသ + ပစ္စယ] ရောနှော - ပေါင်းစပ်-နယ်-အပ်သော အာမိသ (တဏှာဖြင့် သုံးသပ်အပ်သော အရာဝတ္ထု) ဟူသော အကြောင်း။ သန္နိဟိတေန သံသဋ္ဌအာမိသပစ္စယာ ဇော်။ သာရတ္ထ၊ ၃။ ၆၈။

သံသဋ္ဌဥဒကသဒိသ (တိ) [သံသဋ္ဌဥဒက + သဒိသ] ရောနှော- ပေါင်းစပ် - အပ်သော ရေနှင့် တူသော။ ခီရောဒကီဘူတာတိ ခီရေန သံသဋ္ဌဥဒကသဒိသာ။ မဟာနိ၊ ဋ္ဌ။ ၂၂၃။

သံသဋ္ဌကာလ (ပု) [သံသဋ္ဌ + ကာလ] ရောနှော- နှီးနှော- ရောယှက်- ပေါင်းသင်း-ဆက်ဆံ-စပ်ယှက်-ရာ-အချိန်-အခါ-ကာလ။ န မဟာသမုဒ္ဒဥဒကေန သံသဋ္ဌကာလေ ဝိယ ဝိသဒိသံ။ ဒီ၊ ဋ္ဌ၊ ၂။ ၂၄၅။

သံသဋ္ဌင်္ဂုလိဟတ္ထ (တိ) [သံသဋ္ဌအင်္ဂုလိ + ဟတ္ထ] လက်ချောင်း အချင်းချင်း-ရောယှက် -ပူးကပ်-သည့် လက်ရှိသော၊ သူ။ ဖဏဟတ္ထကာတိ အညမညံ သံသဋ္ဌင်္ဂုလိဟတ္ထာ။ ဒီ၊ ဋီ၊ ၃။ ၁၀၉။

သံသဋ္ဌစရိတ (တိ) [သံသဋ္ဌ + စရိတ] ရောနှော - ရောယှက် - ပေါင်းစပ် - သည့်-စရိုက်-အလေ့- ဝါသနာ- ပင်ကိုယ်သဘော-ရှိသော၊ သူ။ သံသဋ္ဌစရိတဿ စ ပုဂ္ဂလဿ ဧကေဿဝ ဘိန္နလက္ခဏာ ဣရိယာ-ပထာဒယော န ဥပပဇ္ဇန္တိ။ ဝိသုဒ္ဓိ၊ ၁။ ၁၀၄။

သံသဋ္ဌပရိယာယ (ပု) [သံသဋ္ဌ + ပရိယာယ] သံသဋ္ဌသဒ္ဒါ၏ - ပရိယာယ်-ဝေဝုစ်-စကားလှယ်။ ဧဝံ အသမ္ပယုတ္တဿပိ သံသဋ္ဌပရိယာယော အသံသဋ္ဌဿ စ သမ္ပယုတ္တ-ပရိယာယော အတ္ထိ။ အနုဋီ၊ ၃။ ၂၉၂။

သံသဋ္ဌပ္ပဘာ (တိ) [သံသဋ္ဌာ + ပဘာ + အ] ရောနှော-ရောယှက်-သည့် အရောင်ရှိသော။ အညမညံ သံသဋ္ဌပ္ပဘာနံ ဒီပါနံ ဧကပ္ပဘာ-နိရောဓေပိ ဣတရိဿာ ဌာနံ ဝိယ။ ဝဇိရ၊ ၁၁၅။

သံသဋ္ဌဘောဇန (န) [သံသဋ္ဌ + ဘောဇန] ရောနှော- ပေါင်းစပ်-နယ်- ပြုပြင်စီရင်-အပ်သော - ဘောဇဉ် - စားဖွယ်။ သပ္ပိအာဒီဟိ သံသဋ္ဌဘောဇနာနိ ဝိညာပေန္တော ဣမိနာ ကာရေတဗ္ဗော။ ကင်္ခါ။ ၂၂၈။

သံသဋ္ဌရသ (တိ) [သံသဋ္ဌ + ရသ] ရောနှော- ပေါင်းစပ်- အပ်သည့် အရသာ ရှိသော၊ ဝတ္ထု။ န ဟိ ဒဓိဂုဠိကာဒိအာမိသေန သံသဋ္ဌရသံ နဝနီတံ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ သာရတ္ထ၊ ၂။ ၄၃၁။ (-ကင်္ခါ၊ ဋီ၊သစ်။ ၃၉၀)။

သံသဋ္ဌဝါရ (ပု) [သံသဋ္ဌ + လက္ခိတ + ဝါရ] သံသဋ္ဌဝါရ၊ သံသဋ္ဌသဒ္ဒါဖြင့်-မှတ်-

မှတ်၍ပောာ - အပ်သော - ဝါရ - ပါဠိုနည်း။ သံသဋ္ဌဝါရော နိဋ္ဌိတော သောဠသမော။ ဝိ၊ ၅။ ၁၉၅။ သံသဋ္ဌဝါရေ ပစ္စနီယဝိဘင်္ဂေ နကမ္မေ စ န ဝိပါကေ စ ပဋိသန္ဓိ နတ္ထိ။ ပဋ္ဌာန်၊ ၁။ ၁၁၅။ တေသံ ဣမာနိ နာမာနိ ပဋိစ္စဝါရော --- သံသဋ္ဌဝါရော သမ္ပယုတ္တဝါရော ပဉ္စာဝါရောတိ ---- တတော ပရံ "ကုသလံ ဓမ္မံ သံသဋ္ဌော ကုသလော ဓမ္မော" တိ ဇဝံ သံသဋ္ဌာဘိဓာနဝသေန ဝုတ္တော သံသဋ္ဌဝါရော နာမ။ အဘိ၊ ဋ္ဌ၊ ၃။ ၃၉၅။ (-မူလဋီ၊ ၃။ ၂၁၈။ အနုဋီ၊ ၃။ ၂၉၁)။

သံသဋ္ဌဝါရသဒိသ (တိ) [သံသဋ္ဌဝါရ + သဒိသ] သံသဋ္ဌဝါရနှင့် တူသော။ သမ္ပယုတ္တဝါရော သံသဋ္ဌဝါရသဒိသော။ ပဋ္ဌာန်၊ ၂။ ၂၁၂၊ ၂၅၈။

သံသဋ္ဌဝိဋပ (တိ) [သံသဋ္ဌ + ဝိဋပ] ရောနှော-ရောယှက်-အချင်းချင်း ဆက်စပ်၍ တည်-သော အခွ, အမြစ်ရှိသော၊ (သစ်ပင်)။ သံသဋ္ဌဝိဋပါ(ဝိ၊ ဋ္ဌ၊ ၃။ ၃၃၇။ ကင်္ခါ။ ၈၈) တိ အညမညံ သိဗ္ဗိတွာ ဌိတမဟာသာခမူလာ။ ဝိမတိ၊ ၂။ ၁၆၈။ သံသဋ္ဌဝိဋပါတိ အညမညံ အာသန္နတ္တာ သံသဋ္ဌော ဝိဋပေါ ဧတေသန္တိ သံသဋ္ဌဝိဋပါ။ "သံသဋ္ဌဝိဋပါ" တိ ဣဒံ ဥပလက္ခဏမတ္တံ၊ မူလာနိပိ သံသဋ္ဌာနိယေဝါတိ ဒဋ္ဌဗ္ဗံ။ ပါစိတ်၊ ယော။ ၃၀၂။

သံသဋ္ဌဝိဟာရ (ပု) [သံသဋ္ဌ + ဝိဟာရ] (လူတို့နှင့်) နှီးနှော-ရောယှက်-ပေါင်းသင်း-ဆက်ဆံ - သည်ဖြစ်၍ နေခြင်း။ ယော တတ္ထာတိ ယော တသ္မိံ သံသဋ္ဌဝိဟာရေ။ အဘိ၊ ဋ္ဌ၊ ၂။ ၄၇၃။ သံသဋ္ဌဝိဟာရတော နမုစ္စေယျ။ ဝိသုဒ္ဓိ၊ ၁။ ၈၀။ (-မဟာဋီ၊ ဋ္ဌ။ ၃၆၉။ မူလဋီ၊ ၂။ ၂၂၁)။

သံသံဋ္ဌဝိဟာရဝတ္ထု (န) [သံသဋ္ဌဝိဟာရ + ဝတ္ထု] (လူတို့နှင့်) နှီးနှော-ရောယှက်-ပေါင်းသင်း - ဆက်ဆံ - စပ်ယှက် - သည်ဖြစ်၍ နေခြင်းဟူသော အကြောင်း။ သမ္ဗဟုလာ ဘိက္ခုနိယော အာရဗ္ဘ သံသဋ္ဌဝိဟာရဝတ္ထုသ္မိံ ပညတ္တံ။ ကင်္ခါ။ ၃၀၄။ (-၃၂၉)။

သံသဋ္ဌဝိဟာရသိက္ခာပဒ (န) [သံသဋ္ဌဝိဟာရ + ပညတ္တ + သိက္ခာပဒ] သံသဋ္ဌဝိဟာရသိက္ခာပုဒ်၊ (လူတို့နှင့်)နှီးနှော-ရောယှက်- ပေါင်းသင်း- ဆက်ဆံ-စပ်ယှက်-သည်ဖြစ်၍ နေခြင်းကြောင့် ပညတ်အပ်သော သိက္ခာပုဒ်။ ဝိနယပိဋက၊ ပါစိတ္တိယပါဠိ၊ ဘိက္ခုနီဝိဘင်၊ ၂ - သံဃာဒိသေသကဏ္ဍ၊ ၉-သိက္ခာပုဒ်၊ ဝိ၊ ၂။ ၃၁၀။ သံသဋ္ဌဝိဟာရ-သိက္ခာပဒေ "သေသမေတ္ထ ပဌမအရိဋ္ဌ-သိက္ခာပဒေ ဝုတ္တဝိနိစ္ဆယသဒိသမေဝါ" တိ ပါဠော။ ကင်္ခါ၊ ဋီ။ ၁၁၅။

သံသဋ္ဌဝိဟာရာဘာဝ (ပု) [သံသဋ္ဌဝိဟာရ + အဘာဝ] နှီးနှော-ရောယှက်-ပေါင်းသင်း-ဆက်ဆံ - စပ်ယှက်- သည်ဖြစ်၍ နေခြင်း၏ မရှိခြင်း။ သံသဋ္ဌဝိဟာရာဘာဝတော စ အပရပေါသိတာ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၉၄။

သံသဋ္ဌဝိဟာရိက (တိ) [သံသဋ္ဌဝိဟာရ + ဣက] နှီးနှော - ရောယှက် - ပေါင်းသင်း-ဆက်ဆံ - စပ်ယှက် - သည်ဖြစ်၍ နေခြင်း ရှိသော၊ သူ။ မာတုဂါမော ကဿစိ သံသဋ္ဌဝိဟာရိကဿ ကုလူပကဘိက္ခုနော ပေသေတိ။ ဝိ၊ ဋ္ဌ၊ ၂။ ၁၁၆။

သံသဋ္ဌဝိဟာရီ (တိ) [သံသဋ္ဌ + ဝိ + ဟရ + ဏီ။ ထီ - ဌ် --ဝိဟာရိနီ။] နှီးနှော-ရောယှက်- ပေါင်းသင်း- ဆက်ဆံ-စပ်ယှက်-

သဖြင့် နေလေ့ရှိသော၊ သူ။ “ ပုဗ္ဗေ ကုလေသု သံသဋ္ဌဝိဟာရီ ”တိ သဗြဟ္မစာရီနံ ပညာတတာယပိ ဣမသ္မိံ ------ ဝုတ္တဋ္ဌာနေ အသံသဋ္ဌဘာဝေါ ပါကဋော အဟောသိ။ မ၊ ဋီ၊ ၃။ ၄၂၂။ (-သံ၊ ဋီ၊ ၂။ ၂၉၇)။

သံသဋ္ဌသဒ္ဒ (ပု) [သံသဋ္ဌ + သဒ္ဒ] သံသဋ္ဌ-သဒ္ဒါ။ သံသဋ္ဌသဒ္ဒေါပိ စေသ သဒိသေ အဝယုတေ မိတ္တသန္ထဝေ သဟဇာတေတိ ဗဟူသု အတ္ထေသု ဒိဿတိ။ အဘိ၊ ဋ္ဌ၊ ၁။ ၁၁၂။ (-မဟာနိ၊ ဋ္ဌ။ ၂၁။ အနုဋီ၊ ၃။ ၂၅၀၊ ၂၉၂)။

သံသဋ္ဌသဒ္ဒါပေက္ခ (တိ) [သံသဋ္ဌသဒ္ဒ + အပေက္ခာ + အ။ သံသဋ္ဌ + အပ + ဣက္ခ + အ။] သံသဋ္ဌသဒ္ဒါကို- ရှုငဲ့ခြင်းရှိ- ငဲ့တတ်- သော (သဒ္ဒါ)။ ဧဝံ သမ္ပယုတ္တသဒ္ဒေါပိ သံသဋ္ဌသဒ္ဒါပေက္ခော ဝေါကိဏ္ဏဋ္ဌတော ဝိနိဝတ္တိတွာ။ အနုဋီ၊ ၃။ ၂၉၂။

သံသဋ္ဌသဘာဝ (တိ) [သံသဋ္ဌ + သဘာဝ] နှီးနှော - ရောယှက် - ခြင်း သဘောရှိသော။ စတုန္နံပိ ခန္ဓာနံ အညမညံ သံသဋ္ဌသဘာဝတ္တာ ရူပနိဗ္ဗာနေဟိပိ သော သံသဋ္ဌသဘာဝေါ အတ္ထိ။ မူလဋီ၊ ၁။ ၅၄။

သံသဋ္ဌသမ္ပယုတ္တ (တိ) [သံသဋ္ဌ + သမ္ပယုတ္တ] နှီးနှော- ရောယှက်- သည်ဖြစ်၍ ယှဉ်သော။ တေဟိ သံသဋ္ဌသမ္ပယုတ္တော ------ မနော တေသံ မဇ္ဈာနံ ပဋ္ဌမံ ဥပ္ပဇ္ဇတိ။ အံ၊ ဋ္ဌ၊ ၁။ ၅၅။

သံသဋ္ဌသဟဂတ (တိ) [သံသဋ္ဌ + သဟဂတ] နှီးနှော- ရောယှက်- ပေါင်းသင်း - ဆက်ဆံ- စပ်ယှက် - သည်ဖြစ်၍ အတူတကွဖြစ်သော။ တတ္ထာဝသဟဂတံ ယထာ “ သနိဒဿနာ ဓမ္မာ ”တိ၊ န သံသဋ္ဌသဟဂတံ, နာပိ အာရမ္မဏသဟဂတံ။ သံ၊ ဋီ၊ ၂။ ၂၁၄။

သံသဋ္ဌသာခ (တိ) [သံသဋ္ဌာ + သာခါ + အ] ရောနှော-ရောယှက်-သည့် အခက်ရှိသော။ ရောဓန္တိ ယံ အညမညံ သံသဋ္ဌသာခံ ကောဗ္ဗံ မဟာဝနသဏ္ဍံ။ အံ၊ ဋ္ဌ၊ ၂။ ၁၃၉။

သံသဋ္ဌသာခါပသာခ (တိ) [သံသဋ္ဌသာခါ + ပသာခါ + အ] ရောနှော-ရောယှက်-သည့် အကိုင်း အခက်ကြီး, အကိုင်း အခက်ငယ် ရှိသော။ ဝံသော ဝဓိတဂ္ဂေါ ဝံသန္တရေသု သံသဋ္ဌသာခါပသာခေါ ဝေဠုဂုမ္ဗတော ဒုန္နိဟရဏီယော ဟောတိ။ ထေရ၊ ဋ္ဌ၊ ၁။ ၂၀၃။

သံသဋ္ဌသိက္ခာပဒ (နု) [သံသဋ္ဌ + သိက္ခာပဒ] သံသဋ္ဌသိက္ခာပုဒ်၊ ဝိနယပိဋကာ၊ ပါစိတ္တိယပါဠိ၊ ဘိက္ခုနီဝိဘင်၊ ပါစိတ္တိယကဏ္ဍ၊ ၄-ဝဂ်။ ၆-သိက္ခာပုဒ်။ ဝိ၊ ၂။ ၃၈၅။ ကင်္ခါ၊ ၅၆၊ ၃၂၉။ သံသဋ္ဌသိက္ခာပဒဝဏ္ဏနာ နိဋ္ဌိတာ။ ကင်္ခါ။ ၃၂၉။

သံသဋ္ဌာဒိပုစ္ဆာ (ထီ) [သံသဋ္ဌ + အာဒိ + ပုစ္ဆာ] (သမထ တရားတို့၏) နှီးနှော- ရောယှက် - မှုစသည်ကို မေးမြန်းခြင်း။ သံသဋ္ဌာဒိပုစ္ဆာနံ ဝိဿဇ္ဇနေ သံသဋ္ဌာတိ ---- ဣမေ ဓမ္မာ သံသဋ္ဌာ, နော ဝိသံသဋ္ဌာ။ ဝိ၊ ဋ္ဌ၊ ၄။ ၁၉၈။

သံသဋ္ဌာဘိဓာန (နု) [သံသဋ္ဌ + ဣတိ + အဘိဓာန] သံသဋ္ဌ-ဟူသော အမည်။ သံသဋ္ဌာဘိဓာနဝသေန ဗုဒ္ဓိနုကာနံ ဝသေန ပန ပဋ္ဌမော ဝုတ္တော။ အဘိ၊ ဋ္ဌ၊ ၃။ ၃၉၅။

သံသတိ[၁] (ကြိ) [သံသ + အ + တိ။ နိုတိ၊ ဓာတု။ ၁၇၆။ ;ၐံသတိ-သံ။ သံသဣ-ပြာ။] (ချီးမွမ်း)-ပြောကြား-ပြောဆို- လျှောက်ထား-၏။ သံသေယျာ (မ၊ ၃။ ၄၁) တိ ကထေယျ။

မ၊ ၄၊ ၄။ ၃၅။ နပိ မေ ကောစိ သံသတိ။ ဇာ၊ ၁။ ၂၁၁။ သံသတီတိ အာစိက္ခတိ။ ဇာ၊ ၄၊ ၄။ ၄၂။ (-ဇာ၊ ၁။ ၃၈၀၊ ၃၈၇။ ဇာ၊ ၄၊ ၅။ ၆၇၊ ၈၁) ။ သံသထ-လည်းကြည့်။

သံသတိ၂ (ထီ) | သံသာ + သို။ မောဂ်၊ ၂။ ၁၀၄-သုတ်ဖြင့် ပရိသတိ-ကဲ့သို့ သံသတိ-ရုပ်ပြီးသည်။ (သံသဒ•) သံသဒ် = သံသာ။ သံသဒ် + သို။ သို-ကို က္က-ပြုလျှင် သံသဒ် + က္က = သံသဒိ-ဟု ရုပ်ပြီးသည်။ အနန္တဇန-သံသဒိ။ အပ၊ ၂။ ၁၅၆။ သံသဒိ = သံသတိ။ ဒ - ကို တ - ပြု။ | သဘင်-ပရိသတ်-၌။ မေတ္တိ သံသတိ သန္တဝေါ (ဇာ၊ ၁။ ၁၈၉) တိ သဒိဘာဝေါ စ မေတ္တိ စ ပရိသမဇ္ဈေ သန္တဝေါ ဓာတိ တယာ မိတ္တံ ကတံ သာဓု ဟောတိ။ ဇာ၊ ၄၊ ၃။ ၄၆၉။

သံသတ္တ (တိ) | သံ + သန္ဇ + တ။ ကစ္စည်း။ ၅၇၈။ ရူ။ ၅၆၀။ နီတိ၊ ဓာတု။ ၄၄။ သံသတ္တ-သံ။ သံသတ္တ-ပြာ၊ အဒ္ဓမာဂဓီ။ | ဆက်စပ် - ငြိတွယ် - သော။ အန္ဓဝေဏိ ပရမ္ပရသံသတ္တာ ပုရိမောပိ န ပဿတိ။ ဒီ၊ ၁။ ၂၂၅။ မ၊ ၂။ ၃၈၂။ ပရမ္ပရသံသတ္တာတိ အညမညံ လဂ္ဂါ။ ဒီ၊ ၄၊ ၁။ ၃၃၃။ မ၊ ၄၊ ၃။ ၂၉၀။

သံသထ (ကြိ) | သံသ + အ + ထ။ သံသတိ-မှ။ | (ချီးမွမ်း) ပြောကြား-ပြောဆို-လျှောက်ထား-ကြကုန်လော။ အာဝါသပရမ္ပရဉ္စ ဘိက္ခဝေ သံသထာ (ဝိ၊ ၄။ ၇၉) တိ သဗ္ဗာဝါသေသု အာရောစေထ။ ဝိ၊ ၄၊ ၄။ ၄။ သံသထာတိ ဧတ္ထ သံသဓာတုယာ ကထနတ္ထံ ဒဿေန္တော အာဟ " အာရောစေထာ " တိ။ တုမှေ သံသထ၊ ကထေထာတိ အတ္ထော။ ပါစိတ်၊ ယော။ ၄၁၄။ (-ဇာ၊ ၂။ ၃၇၃။ ဇာ၊ ၄၊ ၇။ ၃၇၅)။

သတယောဇနဝိတ္ထိဏ္ဏ (တိ) [သတယောဇန + ဝိတ္ထိဏ္ဏ] ယူဇနာတစ်ရာအပြောကျယ်သော၊ အချင်း ယူဇနာ တစ်ရာတိုင်တိုင်ကျယ်သော။ သတယောဇနဝိတ္ထိဏ္ဏာ၊ တာဝဒေဝ စ ဥဂ္ဂတာ။ ဝိ၊ ဋ္ဌ၊ ၁။ ၉၂။ အဘိ၊ ဋ္ဌ၊ ၁။ ၃၃၇။ ဝိသုဒ္ဓိ၊ ၁။ ၂၀၀။

သတယောဇနာနုဖရဏာစ္စိဝေဂ (တိ) [သတယောဇန + အနုဖရဏ + အစ္စိ + ဝေဂ] ယူဇနာ တစ်ရာအရပ်သို့-ယူဇနာတစ်ရာတိုင်အောင်-ပျံ့နှံ့သောမီးလျှံအဟုန် ရှိသော။ သမန္တာ သတယောဇနာနုဖရဏာစ္စိဝေဂါ ကဒရိယာ တပနာ မဟာနိရယာ။ မိလိန္ဒ။ ၁၅၀။

သတယောဇနိက (တိ) [သတယောဇန + ဣက] ယူဇနာ တစ်ရာရှိသော။ သမ္ပရာယေပိ သတယောဇနိကေ အဝီစိမဟာနိရယေ ---- ပစ္စတိ။ မိလိန္ဒ။ ၃၃၈။

သတယောဇနုဗ္ဗေဓဇမ္ဗုရုက္ခ (ပု) [သတယောဇန + ဥဗ္ဗေဓ + ဇမ္ဗုရုက္ခ] ယူဇနာတရာ - အမြင့်- အစောက် - ရှိသော သပြေပင်။ သတယောဇနုဗ္ဗေဓဇမ္ဗုရုက္ခတော ယဋ္ဌိပ္ပမာဏံ ဇမ္ဗုဖလံ----အာနေန္တိ။ အပ၊ ဋ္ဌ၊ ၁။ ၂၄၅။

သတရံသမိ (ထီ၊ ပု) [သတ + ရသမိ-ရသ္မိ။ ဂါထာအရာ ဆန်းဂိုဏ်းအတွက် ရံသမိ-ရှိသည်။] သတရံသိ (၁) အနက်ကြည့်။ နိဟန္တွာ တိမိရံ လောကေ၊ ဥဒိတော သတရံသမိ။ အနုဋီ၊ ၃။ ၂၇၀။

သတရံ (သီ) သိ (တိ) [သတ + ရံ (သီ)သိ။ သတံ ဗဟဝေါ ရံသယော ယဿ သတရံသိ။ ဓာန်၊ ဋီ။ ၆၂။] (၁) အရာမက-အထောင်မက -များသော -အရောင် -ရောင်ခြည် -ရှိသော၊ ရောင်ခြည်တစ်ထောင် ဆောင်သော (နေမင်း)။ (၂) သတရံသိ မည်သော ဘုရားရှင်။(၃) သတရံသိထေရ်။ (၁) သတရံသိ (အပ၊ ၁။ ၁၉၅) တိ ဒေသနာသီသမတ္တံ၊ အနေကသတသဟဿပဘံ သူရိယံ က္လဝါတိ အတ္ထော။ အပ၊ ဋ္ဌ၊ ၂။ ၁၆၄။ ဗျာမပ္ပဘာ-ပရိဝုတော၊ သတရံသိ ဒိဝါကရော။ အပ၊ ၂။ ၁၆၅။ သတ-သဒ္ဒေါ ဗဟုပရိယာယော " သတဠ္ဌိ သတရံသိ သူရိယော "တိအာဒီသု ဝိယ အနေကသဉ္ဇာဘာဝတော။ သီ၊ ဋီ၊ သစ်၊ ၂။ ၁၃၉။ (-အပ၊ ၁။ ၁၆၀။ အပ၊ ဋ္ဌ၊ ၂။ ၁၂၇-၈။ အနုဋီ၊ ၃။ ၂၇၀)။ (၂) သတရံသိ နာမ ဘဂဝါ၊ သယမ္ဘူ အပရာဇိတော။ အပ၊

၂။ ၄၁။ (၃) အာယသ္မာ သတရံသိ ထေရော ဣမာ ဂါထာယော အဘာသိတ္ထ။ အပ၊ ၁။ ၁၁၆။

သတရံသိတ္ထေရအပဒါန (န) [သတရံသိ + ထေရ + အပဒါန] သတရံသိ ထေရ်၏- အပဒါန် - အကြောင်းအရာ - အဋ္ဌုပ္ပတ္တိ။ ခုဒ္ဒကနိကာယ၊ ထေရာပဒါနပါဠိ၊ ၆-ဝဂ်၊ ၂- အပဒါန်။ အပ၊ ၁။ ၁၁၅။ အပ၊ ဋ္ဌ၊ ၂။ ၇၈-၉။

သတရသဘောဇန (န) [(သတ + ရသ) သတရသ + ဘောဇန] သတရသဘောဇဉ်၊ (က) အကြိမ်တစ်ရာ-အကြိမ်များစွာ-ချက် အပ်ပြီးသော ထောပတ် စသည်တို့ဖြင့်-ချက်-ပြုတ်-ပြုပြင်- စီရင်-အပ်သော ဘောဇဉ်။ (ခ) အထူးထူး - အမျိုးမျိုး - သော အရသာ- ရှိသော ဘောဇဉ်။ (က) (ခ) အထဿ သတရသဘောဇနံ ဒတွာ။ ဓမ္မ၊ ဋ္ဌ၊ ၂။ ၆၀-၁။ သတရသ(ထေရ၊ ၂၃၉)န္တိ သတရသဘောဇနံ၊ " သတရသဘောဇနံ နာမ သတပါကသပ္ပိ- အာဒီဟိ အဘိသင်္ခတံ ဘောဇနံ " န္တိ ဝဒန္တိ။ အထ ဝါ အနေကတ္ထော သတ-သဒ္ဒေါ----တံ အနေကရသတာယ " သတရသ "န္တိ ဝုစ္စတိ၊ နာနာရသဘောဇနန္တိ အတ္ထော။ ထေရ၊ ဋ္ဌ၊ ၁။ ၂၄၁။

သတရာဇ (ပု) [သတ + ရာဇ] တစ်ရာသော မင်း၊ မင်းတစ်ရာ။ သတ္တာဟဗ္ဘန္တရေယေဝ သတရာဇာနော အာနေတွာ။ စရိယာ၊ ဋ္ဌ။ ၂၄၁။

သတရာဇိ (ထီ) [သတ + ရာဇိ] အရာမက-များစွာ-သော-အရေး-အကြောင်း။ သတရာဇိစိတ္တိတ-ကြည့်။

သတရာဇိက (တိ) [သတ + ရာဇိ + က] များသော အနားရေး ရှိသော၊ များသော- အရေး - အကြောင်း - ရှိသော။ ဟိတွာ သတပလံ ကံသံ၊ သောဝဏ္ဏံ သတရာဇိကံ။ ထေရ၊ ၂၄၀။ သတရာဇိကန္တိ ဘိတ္တိဝိစိတ္တ- တာယ စ---- အနေကလေခါယုတ္တံ။ ထေရ၊ ဋ္ဌ၊ ၁။ ၂၅၄။ သတရာဇိက (ဇာ၊ ၂။ ၁၆၆) န္တိ ပိဋ္ဌိပသေ ရာဇိသတေန သမန္နာဂတံ။ ဇာ၊ ဋ္ဌ၊ ၆။ ၆၅။

သတရာဇိစိတ္တိတ (တိ) [သတရာဇိ + စိတ္တိတ] အရာမက - များစွာ - သော- အရေး-အကြောင်း-တို့ဖြင့် ဆန်းကြယ်သော။ သတရာဇိစိတ္တိတာ (ဝိမာန၊ ၉၁) တိ အနေက- ဝဏ္ဏာဟိ အနေကသတာဟိ ရာဇီဟိ လေခါဟိ စိတ္တိတာ ဝိစိတ္တဘာဝံ ဂတာ။ ဝိမာန၊ ဋ္ဌ။ ၂၅၇။

သတလက္ခဏဓာရီ (တိ) [သတလက္ခဏ + ဓရ + ဏီ] (က) အရာမက-များစွာ-သော မှတ်ကြောင်း လက္ခဏာ-ကိုဆောင်-ရှိ-သော။ (ခ) အရာမက-များစွာ-သော မှတ်အပ်သော လက္ခဏာ-ကိုဆောင်-ရှိ-သော။ (က) (ခ) သတလက္ခဏဓာရိနော (ထေရ၊ ၄၂) တိ အနေကလက္ခဏဝတော။ လက္ခီယတိ ဧတေနာတိ လက္ခဏံ။ ---- အထ ဝါ လက္ခီယန္တီတိ လက္ခဏာနိ။ ထေရ၊ ဋ္ဌ၊ ၁။ ၂၇၁။

သတလိင်္ဂ (တိ) [သတ + လိင်္ဂ] အရာမက-များစွာ-သော သဒ္ဒပဝတ္တိ နိမိတ် ရှိသော။ သတလိင်္ဂဿ (ထေရ၊ ၄၂) တိ လိင်္ဂီယတိ ဂမေန္တီတိ လိင်္ဂါနိ၊ အတ္ထေသု သဒ္ဒဿ ပဝတ္တိနိမိတ္တာနိ၊ တာနိ ပန သတံ အနေကာနိ လိင်္ဂါနိ ဧတဿာတိ သတလိင်္ဂေါ။ အနေကတ္ထော ဟိ ဣဓ သတ-သဒ္ဒေါ၊ " သတံ သဟဿ "န္တိအာဒီသု ဝိယ န သင်္ချာဝိသေသတ္တော။ ထေရ၊ ဋ္ဌ၊ ၁။ ၂၇၀။

သတဝက် (ပု) [သတ + ဝက်။ သတ္တဝက်-ကြည့်။]သတဝက်မည်သောငါး၊ သတဝက်ငါး၊ ငါးရှဉ့်။ သိင်္ဂူ သဝက်ာ သံကုလာ၊ သတဝက်ာ စ ရောဟိတာ။ ဇာ၊ ၂။ ၁၀၉။ " သင်္ဂူ " တိ-အာဒိနိ တေသံ မစ္ဆာနံ နာမာနိ။ ဇာ၊ ဋ္ဌ၊ ၅။ ၄၃၃-၄။

သတဝင်္ကိက (တိ) [သတ + ဝင်္ကိက] သတဂုဏ (၂) အနက်ကြည့်။

သတဝတ္တုက (တိ) [သတ + ဝတ္ထု + က] ပယ်တစ်ရာရှိသော ယာမြေမှ ဖြစ်ပေါ်လာသော (အခွန်အထုတ်)။ သတကရီဝတ္ထုက-လည်းကြည့်။ သတဝတ္ထုကံ ပဉ္စသတဝတ္ထုကံ သဟဿဝတ္ထုကံ မဟာဗလိံ ရာဇာဝ ဂဏှာတိ။ မ၊ ဋ္ဌ၊ ၂။ ၂၄၉။ သံ၊ ဋ္ဌ၊ ၃။ ၂၃၇။ သတဝတ္ထုက (မ၊ ဋ္ဌ၊ ၂။ ၂၄၉။ သံ၊ ဋ္ဌ၊ ၃။ ၂၃၇) နှင့် သတကရီသဝတ္ထုကံ။ မ ၊ ဋီ၊ ၂။ ၂၇၂။ သံ၊ ဋီ၊ ၂။ ၅၀၀။

သတဝလိ (တိ) [သတ + ဝလိ] အောက်ပုဒ်ကြည့်။ တာလဝဏ္ဏံ သတဝလိံ ဂိဟိ ပါရုတပါရုတံ။ ဝိ၊ ၄။ ၂၈၈။

သတဝလိက (တိ) [သတဝလိ + က] များစွာသော-အတွန့်-အလိပ်-ရှိသော ဝတ်ခြင်း၊ အပတ်များစွာ ဝတ်ခြင်း၊ အချိုးစနစ်များစွာ ဝတ်ခြင်း (ရွှေဥမင်၊ သျှ)။ ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ဂိဟိနိဝတ္ထံ နိဝါသေန္တိ----တာလဝဏ္ဏကံ သတဝလိကံ။ ဝိ၊ ၄။ ၂၇၇။ သတဝလိကံ နာမ ဒီဃသာဋကံ အနေကက္ခတ္တုံ ဩဘဂ္ဂိတွာ ဩဝဋ္ဋိကံ ကရောန္တေန နိဝတ္ထံ၊ ဝါမဒက္ခိဏ-ပဿေသု ဝါ နိရန္တရံ ဝလိယော ဒဿေတွာ နိဝတ္ထံ။ ဝိ၊ ဋ္ဌ၊ ၄။ ၅၄။ သတံ ဝလိနော တေသ နိဝတ္ထဿာတိ သတဝလိကံ။ အနေကက္ခတ္တုန္တိ ဣမိနာ "သတဝလိက"န္တိ တ္တ္ထ သတ-သဒ္ဒဿ အနေကတ္ထဝါစကတံ ဒဿေတိ။ "ဝါမဒက္ခိဏ-ပဿေသု ဝါ" တိ ဣမိနာ ပုရိမနိဝတ္ထံ ကဋိတော ပဋ္ဌာယ ဟေဋ္ဌာ နိဝတ္ထံ နာမာတိ ဒဿေတိ။ ပါစိတ်၊ ယော၊ ၄၆၃။

သတဝါရ (ပု) [သတ + ဝါရ။ ဂတဝါရမ်-သံ။] တစ်ရာသော အကြိမ်၊ အကြိမ်တစ်ရာ။ ဩဝဒန္တော ပနေသ သတဝါရမ္ပိ တာဝ ဩဝဒတိ။ သံ၊ ဋ္ဌ၊ ၂။ ၂၃၇။ (-ဒီ၊ ဋ္ဌ၊ ၂။ ၇၆။ ဒီ၊ ဋ္ဌ၊ ၃။ ၉၂)။

သတဝါရဝိဟတ (တိ) [သတဝါရ + ဝိဟတ] အကြိမ်တစ်ရာ-ထောင်းထု-ကြိတ်-ဖတ်-အပ်သော။ သပ္ပိမဏ္ဍော ပက္ခိပိတွာ ဋ္ဌပိတဿ သတဝါရဝိဟတဿ တူလပိစုနော ဝါ ကပ္ပါသပိစုနော ဝါ။ ဒီ၊ ဋ္ဌ၊ ၂။ ၂၁၉။ သတဝါရဝိဟတဿာတိ သတက္ခတ္တုံ ဝိဟတဿ။ ဒီ၊ ဋီ၊ ၂။ ၁၉၈။

သတဝါရဝိဟတကပ္ပါသပဋလ (နု) [သတဝါရဝိဟတ + ကပ္ပါသ + ပဋလ] အကြိမ်တစ်ရာ-ထောင်းထု-ကြိတ်-ဖတ်-အပ်သော ဝါဂွမ်းလွှာ။ သပ္ပိမဏ္ဍေ ဩသာရေတွာ ဋ္ဌပိတံ သတဝါရဝိဟတကပ္ပါသပဋလံ ဝိယ မုဒုံ။ ဒီ၊ ဋ္ဌ၊ ၂။ ၃၇။ မ၊ ဋ္ဌ၊ ၃။ ၂၅၈။

သတဝိဟတ (တိ) [သတ + ဝိဟတ] သတဝါရဝိဟတ-ကြည့်။ သတဝိဟတဿ ကပ္ပါသပိစုနော ဝါ ကာယသမ္ဖဿော ဟောတိ။ မ၊ ဋ္ဌ၊ ၄။ ၁၆၁။ သတဝိဟတဿာတိ သတက္ခတ္တုံ ဝိဟတဿ။ သတဝိဟတဿာတိ စ ဣဒံ ကပ္ပါသပိစုဝသေန ဝုတ္တံ။ မ၊ ဋီ၊ ၃။ ၃၅၈။

သတဝိဟတကပ္ပါသ (ပု၊ နု) [သတဝိဟတ + ကပ္ပါသ] အကြိမ်တစ်ရာ - ထောင်းထု-

ကြိုတ်-ဖတ်-အပ်သော ဝါဂွမ်း။ သတဝိဟတ-ကပ္ပါသဿ ဝိယ သမ္ဗဿော ပါဒတလေသု မဏိကုဏ္ဍလာဝဋ္ဋဝဏ္ဏာနိ လောမာနိ ဇာယိံသု။ ထေရ၊ ဋ္ဌ၊ ၂။ ၂၃၀။

သတဝိဟတကပ္ပါသပိစုသမ္ဗဿသဒိသ (တိ) [သတဝိဟတကပ္ပါသ + ပိစု + သမ္ဗဿ + သဒိသ] အကြိမ်တစ်ရာ-ထောင်းထု-ကြိုတ်-ဖတ်-အပ်သော ဝါချည်,ဝါဂွမ်း၏ အတွေ့အထိနှင့်တူသော။ သာ တဿ ပုညာနုဘာဝေန သတဝိဟတကပ္ပါသပိစုသမ္ဗဿသဒိသာ အဟောသိ။ အံ၊ ဋ္ဌ၊ ၁။ ၃၂၅။

သတဝိဟတဂ္ဂဟဏ (နု) [သတဝိဟတ + ဂဟဏ] သတဝိဟတ-သဒ္ဒါ။ ပဋ္ဌမယောဗ္ဗနေ အတိ ဝိယ မုဒုဘာဝပ္ပတ္တဒဿနတ္ထံ သတဝိဟတဂ္ဂဟဏံ။ အံ၊ ဋီ၊ ၂။ ၉၇။

သတသတပတ္တ (နု) [သတ + သတ + ပတ္တ] တစ်ရာတစ်ရာသော-အရွက်-ရွက်ချပ်၊ ရွက်ချပ်တစ်ရာတစ်ရာ။ ဧကေကသ္မိံ ပဒုမပုပ္ဖေ သတသတပတ္တာနံ ဝသေန သတပတ္တေဟိ ပဒုမပုပ္ဖေဟိ ဆာဒိတံ။ အပ၊ ဋ္ဌ၊ ၂။ ၁၁။ (-၁၀၁)။

သတသဒ္ဒ (ပု) [သတ + သဒ္ဒ] သတ-သဒ္ဒါ။ အနေကတ္ထော ဟိ ဣဓ သတသဒ္ဒေါ။ ထေရ၊ ဋ္ဌ၊ ၁။ ၂၇၀။

သတသဒ္ဒါပေက္ခာ (ထီ) [သတသဒ္ဒ + အပေက္ခာ] သတသဒ္ဒါကို ငဲ့ခြင်း။ သတ-သဒ္ဒါပေက္ခာယ နပုံသကနိဒ္ဒေသော။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၃၆၈။

သတသဟဿ[၁] (နု) [သတ + သဟဿ။ သတ-ဒေါင့်ကွင်းကြည့်။ ဂတသဟဿ-သံ။] (၁) တစ်သိန်း=၁၀၀၀၀၀။ (ရဟန်းတစ်သိန်း, အနှစ်တစ်သိန်း, ကမ္ဘာတစ်သိန်း စသည်)။ (၂) အသိန်းမက - များလှစွာ - သော။ (၁) စတူဟိ သတသဟဿေဟိ သေဋ္ဌိ သေဋ္ဌိတ္တံ ကာရေန္တော။ အဘိ၊ ဣ။ ၆၁။ သတံ ဝါ သဟဿံ ဝါ သတသဟဿံ ဝါ အာဝဋ္ဋတိ။ ပဋ္ဌိသံ။ ၃၈၅။ ပရိဝုတော သတသဟဿေဟိ သန္တုစိတ္တေဟိ တာဒိဘိ။ အပ၊ ၁။ ၂၃။ သတသဟဿိတော ကပ္ပေ၊ ယံ ပုပ္ဖမဘိ-ရောပယိံ။ အပ၊ ၂။ ၃၆။ ကပ္ပေ စ သတသဟဿေ၊ စတုရော စ အသင်္ချိယေ။ ဗုဒ္ဓဝံ။ ၃၀၆။ သတသဟဿုပါဒါယာတိ သတသဟဿံ သံဝစ္ဆရံ အာဒိံ ကတွာ။ အပ၊ ဋ္ဌ၊ ၁။၃၁၆။ (-အပ၊ ၁။ ၄၂။ ၅၆၊ ၆၈။ မိလိန္ဒ။ ၂၂၆။ ဝိ၊ ဋ္ဌ၊ ၃။ ၃၇၆၊ ၃၉၆။ ဒီ၊ ဋ္ဌ၊ ၂။ ၈၁၊ ၂၂၇။ ဒီ၊ ဋ္ဌ၊ ၃။ ၅၁၊ ၆၁)။ (၂) သတ-သဟဿေပိ ယောဇနေ (ဗုဒ္ဓဝံ။ ၃၂၁) တိ အနေကသတသဟဿေပိ ယောဇနေ ဌိတံ။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၁၅၀။

သတသဟဿ[၂] (တိ) [သတသဟဿ + ဏ] (က) တစ်သိန်းသော လောကဓာတ်-လောကဓာတ် တစ်သိန်း - ၌ အရောင်အလင်းကို ဖြန့်ခြင်းငှာ စွမ်းနိုင်သော (ပြဟ္မာ)။ (ခ) တစ်သိန်းသော လောကဓာတ်-လောကဓာတ်တစ်သိန်း - ကို အစိုးရသော (ပြဟ္မာ)။ (က)(ခ) သတသဟဿဗြဟ္မုနော သဟဗျတံ ဥပပဇ္ဇေယျ။ မ၊ ၃။ ၁၄၃-၄။ သတသဟဿောတိ လောကဓာတုသတသဟဿမှိ အာလောက-ဖရဏဗြဟ္မာ။ မ၊ ဋ္ဌ၊ ၄။ ၁၀၄။ လောကဓာတူနံ သတသဟဿံ အတ္တနော ဝသေ ဝတ္တနတော သတသဟဿော။ တဿ ပန တတ္ထ ဩဘာသကရဏံ ပါကဋန္တိ အာဟ " အာလောကဖရဏဗြဟ္မာ "တိ။ အယမေဝ

နယော ဟေဋ္ဌာ " သဟဿော ဖြဟွာ " တိ အာဒီသုပိ။ မ၊ ဋီ၊ ၃။ ၃၁၈။

သတသဟဿ² (တိ) [သတသဟဿ + ပရိမာဏ။ နောက်ပုဒ်ကျေ။] တစ်သိန်း အတိုင်း - အရှည် - ပမာဏ - ရှိသော။ သတသဟဿာ ဘိက္ခူ အာကာသံ ပက္ခန္ဒိံသု။ အံ၊ ဋ္ဌ၊ ၁။ ၁၉၉။ သတသဟဿာတိ သတသဟဿပရိမာဏာ။ သတသဟဿံ ပရိမာဏံ ဧတေသန္တိ သတသဟဿာ ဥတ္တရပဒလောပေန။ အံ၊ ဋီ၊ ၁။ ၁၆၉။

သတသဟဿဥဋ္ဌာနက (တိ) [သတသဟဿ + ဥဋ္ဌာန + က] အခွန် တစ်သိန်း ထွက်သော။ အနုသံဝစ္ဆရံ သတသဟဿဥဋ္ဌာနကံ ဂါမဥ္စ မဟာသက္ကာရဥ္စ ဒတွာ။ ဝိ၊ ဋ္ဌ၊ ၃။ ၃၉၈။

သတသဟဿကပ္ပ (ပု) [သတသဟဿ + ကပ္ပ] တစ်သိန်းသော ကမ္ဘာ၊ ကမ္ဘာတစ်သိန်း။ သာ ထေရီ သာဝတ္ထိယံ သေဋ္ဌိဓီတာ သတသဟဿကပ္ပေ အဘိနီဟာရသမ္ပန္နာ။ ဝိ၊ ဋ္ဌ၊ ၁။ ၂၃၇။ သတသဟဿကပ္ပေ အနုဿရန္တိ။ ဝိသုဒ္ဓိ၊ ၂။ ၄၁။

သတသဟဿကပ္ပမတ္ထက (နှ) [သတသဟဿကပ္ပ + မတ္ထက] ကမ္ဘာ တစ်သိန်းထက်၊ ကမ္ဘာတစ်သိန်း၏ အထက်။ ဣတော သတသဟဿကပ္ပမတ္ထကေ အဋ္ဌိသရော နာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတိ။ မ၊ ဋ္ဌ၊ ၁။ ၉၅။

သတသဟဿကပ္ပပမာဏ (တိ) [သတသဟဿကပ္ပ + ပမာဏ] ကမ္ဘာ တစ်သိန်း-အတိုင်းအရှည်-ပမာဏ-ရှိသော။ သတသဟဿကပ္ပပမာဏေ အဒ္ဓါနေ ကတော မိတ္တသန္ထဝေါ အဇ္ဇ ဘိဇ္ဇတိ။ အံ၊ ဋ္ဌ၊ ၁။ ၁၄၁။

သတသဟဿကပ္ပပရိယောသာန (နှ) [သတသဟဿကပ္ပ + ပရိယောသာန] ကမ္ဘာ တစ်သိန်း၏ အဆုံး။ အနာဂတေ သတသဟဿကပ္ပပရိယောသာနေ ဂေါတမော နာမ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇိဿတိ။ အံ၊ ဋ္ဌ၊ ၁။ ၁၀၈။

သတသဟဿကပ္ပါဓိက (တိ) [သတသဟဿကပ္ပ + အဓိက] ကမ္ဘာ တစ်သိန်း အလွန်ရှိသော။ သတသဟဿ-ကပ္ပါဓိကာနိ စတ္တာရိ အသင်္ချေယျာနိ။ ဒီ၊ ဋ္ဌ၊ ၃။ ၁၀၅။

သတသဟဿကပ္ပါဝသာန (နှ) [သတသဟဿကပ္ပ + အဝသာန] သတသဟဿကပ္ပပရိယောသာန - ကြည့်။ အနာဂတေ သတသဟဿကပ္ပါဝသာနေ ဂေါတမော နာမ ဗုဒ္ဓေါ ဥပ္ပဇ္ဇိဿတိ။ အံ၊ ဋ္ဌ၊ ၁။ ၁၂၉။

သတသဟဿကဟာပဏ (နှ) [သတသဟဿ + ကဟာပဏ] တစ်သိန်းသော အသပြာ၊ အသပြာတစ်သိန်း။ သော သတသသဟဿကဟာပဏေ သတ-သဟဿဂ္ဃနကဥ္စ ဘဏ္ဍံ ဒတွာ။ ဝိ၊ ဋ္ဌ၊ ၄။ ၆၂။

သတသဟဿကောဋိ (ထီ) [သတသဟဿ + ကောဋိ] ကုဋေတစ်သိန်း။ ဧဝံ သတံ သတသဟဿကောဋိယော ပကောဋိ နာမ ဟောတိ။ သံ၊ ဋ္ဌ၊ ၁။ ၂၀၀။ အံ၊ ဋ္ဌ၊ ၃။ ၃၂၉။ (-ဓာန်၊ ဋီ၊ ၄၇၄-၆)။

သတသဟဿကောဋ္ဌိပကောဋ္ဌိ (ထီ) [သတသဟဿ + ကောဋ္ဌိ + ပကောဋ္ဌိ] ကောဋ္ဌိပကောဋ္ဌိ တစ်သိန်း၊ ကုဋေပကုဋေ တစ်သိန်း။ (တစ်ကုဋေပကုဋေ မှာ ပကုဋေ သိန်းတစ်ရာရှိ၏)။ သတံ သတသဟဿ-ကောဋ္ဌိပကောဋ္ဌိယော နဟုတံ။ သံ၊ ဋ္ဌ၊ ၁။ ၂၀၀-၁။ အံ၊ ဋ္ဌ၊ ၃။ ၃၂၉။ (-မာန်။ ၄၇၄-၆)။

သတသဟဿဒီဏာသဝ (ပု) [သတသဟဿ + ဒီဏာသဝ] တစ်သိန်းသော ရဟန္တာ၊ ရဟန္တာ တစ်သိန်း။ မဟိဒ္ဓိကာ တေ ဓီရာ သတသဟဿဒီဏာသဝါ။ အပ၊ ဋ္ဌ၊ ၁။ ၃၅၀။

သတသဟဿဒီဏာသဝပရိဝါရ (တိ) [သတသဟဿဒီဏာသဝ + ပရိဝါရ] ရဟန္တာတစ်သိန်း အခြံအရံ ရှိသော။ သတသဟဿဒီဏာသဝပရိဝါရာ အာဂန္တွာ သတ္ထာရံ ဝန္ဒိတွာ။ အံ၊ ဋ္ဌ၊ ၁။ ၁၁၈။ (-အပ၊ ဋ္ဌ၊ ၁။ ၂၃၀)။

သတသဟဿဂုဏ (တိ) [သတသဟဿ + ဂုဏ] (၁) တစ်သိန်းသော-အကျိုး-အကျိုးဆက် - အာနိသင် - ရှိသော။ (၂) အဆ တစ်သိန်းရှိသော (အဆ တစ်သိန်း မကသော။ မြန်မာပြန်)။ (ပု) (၃) အဆ - အကြိမ်-တစ်သိန်း။ (၁) ပုထုဇ္ဇနသီလဝန္တေ ဒါနံ ဒတွာ သတသဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ မ၊ ၃။ ၂၉၈။ (၂) အညေန ပန ဒွါရေန သတသဟဿဂုဏမ္ပိ ရညော ဥပါယနံ ဥပေတိ။ မိလိန္ဒ။ ၁၅၇။ (ပု) (၃) အမ္ဘော ဖြာဟ္မဏ မဒ္ဒိတော မေ ---- သတသဟဿဂုဏေန သဗ္ဗညုတဉာဏမေဝ ပိယတရံ။ စရိယာ၊ ဋ္ဌ။ ၉၇။ (-မ၊ ဋ္ဌ၊ ၃။ ၇၇။ ဇာ၊ ဋ္ဌ၊ ၁။ ၁၇၅။ ဇာ၊ ဋ္ဌ၊ ၄။ ၂၁၅)။

သတသဟဿဂ္ဃနက (တိ) [သတသဟဿ + အဂ္ဃနက] အဖိုးတစ်သိန်း ထိုက်တန်သော။ ရာဇာ ထေရံ နာဂသေနံ သတသဟဿဂ္ဃန-ကေန ကမ္ဗလေန အစ္ဆာဒေတွာ။ မိလိန္ဒ။ ၉၅။ (-ဝိ၊ ဋ္ဌ၊ ၁။ ၃၇၂-၈။ သံ၊ ဋ္ဌ၊ ၁။ ၁၅၀)။

သတသဟဿဂ္ဃနကဘဏ္ဍ (န) [သတသဟဿဂ္ဃနက + ဘဏ္ဍ] အဖိုးတစ်သိန်း ထိုက်တန်သော-ဥစ္စာ-ဘဏ္ဍာ။ သတသဟဿဂ္ဃကဘဏ္ဍံ မယှံ ဟတ္ထေ နတ္ထိ။ ဇာ၊ ဋ္ဌ၊ ၁။ ၁၂၈။

သတသဟဿဂ္ဃနိက (တိ) [သတသဟဿ + အဂ္ဃနိက] သတသဟဿဂ္ဃနက - ကြည့်။ သတသဟဿဂ္ဃနိကာယ သုဝဏ္ဏပါတိယာ နိရုဒကပါယာသဿ ပူရေတွာ။ ဒီ၊ ဋ္ဌ၊ ၂။ ၆၇။

သတသဟဿဂ္ဃနိကကမ္ဗလပရိက္ခေပ (တိ) [သတသဟဿဂ္ဃနိက + ကမ္ဗလ + ပရိက္ခေပ] အဖိုးတစ်သိန်း ထိုက်သော ကမ္ဗလာတို့ဖြင့် ဝန်းရံအပ်သော။ ခန္ဓေ ပနဿ သတသဟဿဂ္ဃနိကကမ္ဗလပရိက္ခေပေါ ဝိယ ကေသရဘာရော ဟောတိ။ သံ၊ ဋ္ဌ၊ ၂။ ၂၆၁။ အံ၊ ဋ္ဌ၊ ၂။ ၂၉၁။

သတသဟဿဂ္ဃနိကပဏ္ဍုကမ္ဗလဝါဏိဇ (ပု) [သတသဟဿဂ္ဃနိက + ပဏ္ဍု + ကမ္ဗလ + ဝါဏိဇ] အဖိုးတစ်သိန်း ထိုက်တန်သော ဖျော့တော့သော အဆင်းရှိသည့် ကမ္ဗလာကို ရောင်းသော ကုန်သည်။ ယထာ ဟိ သတသဟဿဂ္ဃနိကပဏ္ဍုကမ္ဗလဝါဏိဇေန ကမ္ဗလံ ဂဏှထာတိ ဥဂ္ဃောသိတေပိ။ ဒီ၊ ဋ္ဌ၊ ၂။ ၃၄၃။

သတသဟဿဂ္ဃနိကရတ္တကမ္ဗလပရိစ္စာဂ (ပု)

[သတသဟဿဃ္ဃနိက + ရတ္တ + ကမ္ဗလ + ပရိစ္စာဂ] အဖိုးတစ်သိန်း ထိုက်တန်သော-နီမြန်းသည့် ကမ္ဗလာ - ကမ္ဗလာနီ-ကို-စွန့်ကြဲ - ပေးလှူ - ခြင်း။ ပစ္စေကဗုဒ္ဓဿ သတသဟဿဃ္ဃနိကရတ္တကမ္ဗလပရိစ္စာဂေန သုဝဏ္ဏဝဏ္ဏော---- အဟောသိ။ အပ၊ ဋ၊ ၂။ ၁၉၉။

သတသဟဿဃ္ဃဘဏ္ဍာ (န) [သတသဟဿ + အဃ္ဃ + ဘဏ္ဍာ] သတသဟဿဃ္ဃနကဘဏ္ဍာ-ကြည့်။ ဗာလဝါဏိဇော သတသဟဿဃ္ဃဘဏ္ဍံ ဒတွာ။ ဇာ၊ ဋ၊ ၅။ ၄၉၄။

သတသဟဿဒဒမာန (တိ) [သတသဟဿ+ ဒဒမာန] တစ်သိန်းသော အသပြာ-အသပြာ တစ်သိန်း-ကို ပေးသော၊ သူ။ တာတာ အနနုစ္ဆဝိကံ ရညာ ကတံ----တုမှာကံ သတ-သဟဿဒဒမာနေန။ အပ၊ ဋ၊ ၂။ ၂၂၃-၄။

သတသဟဿဒါန (န) [သတသဟဿ + ဒါန] တစ်သိန်းသောအလှူ တစ်သိန်းသော ဥစ္စာကို-ပေးလှူ-အလှူပေး-ခြင်း။ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ သတသဟဿဒါနံ ဒတွာ။ သံ၊ ဋ၊ ၁။ ၁၃၆။

သတသဟဿနဟုတ (န) [သတသဟဿ + နဟုတ] နဟုတတစ်သိန်း (တစ် နဟုတ-မှာ ကုဋေပကုဋေ သိန်းတစ်ရာ ရှိ၏)။ သတံ သတသဟဿနဟုတာနိ နိန္နဟုတံ။ သံ၊ ဋ၊၁။ ၂၀၁။ အံ၊ ဋ၊ ၃။ ၃၂၉။(-ဓာန်၊ ဋီ။ ၄၇၄-၆)။

သတသဟဿနိန္နဟုတ (န) [သတသဟဿ + နိန္နဟုတ] နိန္နဟုတ တစ်သိန်း၊ (တစ် နိန္နဟုတ-မှာ နဟုတ သိန်း တစ်ရာ ရှိ၏)။ သတံ သတသဟဿ-နိန္နဟုတာနိ ဧကံ အဗ္ဗုဒံ။ သံ၊ ဋ၊ ၁။ ၂၀၁။ အံ၊ ဋ၊ ၃။ ၃၂၉။ (-ဓာန်၊ ဋီ၊ ၄၇၄-၆)။

သတသဟဿနိယျုဟ (ပု) [သတသဟဿ + နိယျုဟ] နန်းဦး ပြာသာဒ်ဆောင် တစ်သိန်း၊ တစ်သိန်းသော နန်းဦး ပြာသာဒ်ဆောင်။ သတသဟဿနိယျုဟာ၊ ဗျမှေ ပါတုဘဝိံသု မေ။ အပ၊ ၁။ ၃၁၂။ အပ၊ ၂။ ၈၄။

သတသဟဿနိရဗ္ဗုဒ (န) [သတသဟဿ + နိရဗ္ဗုဒ] နိရဗ္ဗုဒတစ်သိန်း။ (တစ် နိရဗ္ဗုဒ-မှာ အဗ္ဗုဒနှစ်ဆယ်ရှိ၏။ သံ၊ ဋ၊ ၁။ ၂၀၁။ အံ၊ ဋ၊ ၃။ ၃၂၉။ တစ်နိရဗ္ဗုဒ-မှာ အဗ္ဗုဒသိန်းတစ်ရာ ရှိ၏။ ဓာန်။ ၄၇၇)။ သတံ သဟဿာနံ နိရဗ္ဗုဒါနန္တိ နိရဗ္ဗုဒဂဏနာယ သတသဟဿ-နိရဗ္ဗုဒါနံ။ သံ၊ ဋ၊ ၁။ ၁၉၂။ (-ဓာန်၊ ဋီ။ ၄၇၄-၆)။

သတသဟဿပကောဋိ (ထီ) [သတသဟဿ + ပကောဋိ] ပကောဋိ တစ်သိန်း။(တစ် ပကောဋိ-မှာ ကုဋေတစ်သိန်း ရှိ၏)။ သတံ သတသဟဿပကောဋိယော ကောဋိပကောဋိ နာမ။ သံ၊ ဋ၊ ၁။ ၂၀၀။ အံ၊ ဋ၊ ၃။ ၃၂၉။ (-ဓာန်၊ ဋီ။ ၄၇၄-၆)။

သတသဟဿပရိစ္စာဂ (ပု) [သတသဟဿ + ပရိစ္စာဂ] တစ်သိန်း သော ဥစ္စာကို-စွန့်-စွန့်ကြဲ-ခြင်း။ ယောဇနေ ယောဇနေ သတသဟဿပရိစ္စာဂေန ဝိဟာရေ ပတိဋ္ဌာပေတွာ။ အံ၊ ဋ၊ ၁။ ၁၇၅။ (-အပ၊ ဋ၊ ၁။ ၈၁)။

သတသဟဿပရိမာဏ (တိ) [သတသဟဿ + ပရိမာဏ] တစ်သိန်း အတိုင်းအရှည်ရှိ သော။ သော ဟိ သတသဟဿပရိမာဏော နယစရိယာဒိ-ပကာရဏံ။ ဒီ၊ ဋီ၊ ၁။ ၂၉၁။ (-အံ၊ ဋီ၊ ၁၊ ၁၆၉)။

သတသဟာဿပလ္လင်္က (ပု) [သတသဟာဿ + ပလ္လင်္က] ရွှေပလ္လင် တစ်သိန်း။ သတသဟာဿပလ္လင်္ကံ၊ သောဝဏ္ဏံ ဂေါနကတ္ထတံ။ အပ၊ ၁။ ၁၀၆။

သတသဟာဿဖြဟ္မပရိဝါရ (တိ) [သတသဟာဿ + ဗြဟ္မ + ပရိဝါရ] ဗြဟ္မာ တစ်သိန်း အခြံအရံ ရှိသော။ မဟာဗြဟ္မာ သတသဟာဿဗြဟ္မပရိဝါရော အာဂတော။ ဒီ၊ ဋ္ဌ၊ ၂။ ၂၈၆။

သတသဟာဿဘာဂ (ပု) [သတသဟာဿ + ဘာဂ] တစ်သိန်းသော-အဘို့-အစု၊ အဘို့-အစု-တစ်သိန်း။ သတဘာဂ (၂) ကြည့်။

သတသဟာဿဘိက္ခုပရိဝါရ (တိ) [သတသဟာဿ + ဘိက္ခု + ပရိဝါရ] ရဟန်းတစ်သိန်း အခြံအရံ ရှိသော။ ဘဂဝါ သတသဟာဿဘိက္ခုပရိဝါရော----ဝသမာနော အာဂမာသိ။ ဒီ၊ ဋ္ဌ၊ ၂။ ၈၁။ သံ၊ ဋ္ဌ၊ ၂။ ၈၅။

သတသဟာဿဘိက္ခုပရိဝုတ (တိ) [သတသဟာဿ + ဘိက္ခု + ပရိဝုတ] တစ်သိန်းသော ရဟန်း ခြံရံအပ်သော၊ ရဟန်း တစ်သိန်း ခြံရံအပ်သော။ သော---- သတသဟာဿဘိက္ခုပရိဝုတဿ ဘဂဝတော သတ္ထာဟံ မဟာဒါနံ ဒတွာ။ အပ၊ ဋ္ဌ၊ ၂။ ၂၀။

သတသဟာဿမတ္တ (တိ) [သတသဟာဿ + မတ္တာ] တစ်သိန်း အတိုင်းအရှည် ရှိသော။ အနုပဗ္ဗဉ္စ ပဗ္ဗဇိတွာ သတသဟာဿမတ္တာ အဟေသုံ။ သံ၊ ဋ္ဌ၊ ၃။ ၁၈၀။

သတသဟာဿမတ္တက (န) [သတသဟာဿ + မတ္တက] (ကမ္ဘာ) တစ်သိန်းထက်၊ (ကမ္ဘာ) တစ်သိန်း၏ အထက်။ ကပ္ပေ ကိရ သတသဟာဿမတ္တကေ ကပ္ပေ မဒုမုတ္တရော နာမ သတ္ထာ လောကေ ဥပ္ပဇ္ဇတိ။ အံ၊ ဋ္ဌ၊ ၁။ ၂၂၄။

သတသဟာဿဝဿ (န) [သတသဟာဿ + ဝဿ] နှစ်-အနှစ်-တစ်သိန်း။ သတသဟာဿ-ဝဿာနိ၊ အာယု တဿ မဟေသိနော။ ဗုဒ္ဓဝံ။ ၃၂၃။

သတသဟာဿဝိဿဇ္ဇန (ထီ၊ န) [သတသဟာဿ + ဝိဿဇ္ဇန] (ဥစ္စာ) တစ်သိန်းကို စွန့်လွှတ်ခြင်း။ ရာဇာ ---- အနုပေါသထံ သတသဟာဿဝိဿဇ္ဇနာဒိနာ သမ္မာပဋိပတ္တိံ ပဋိပဇ္ဇတိ။ မ၊ ဋီ၊ ၃။ ၃၅၅။

သတသဟာဿသံဝစ္ဆရ (ပု၊ န) [သတသဟာဿ + သံဝစ္ဆရ] သတသဟာဿ-ဝဿ-ကြည့်။ သတသဟာဿသံဝစ္ဆရံ အာဒိံ ကတွာ။ အပ၊ ဋ္ဌ၊ ၁။ ၃၁၆။

သတသဟာဿသဉ်္ဇ (တိ) [သတသဟာဿ + သင်္ချာ + အ] တစ်သိန်းအရေအတွက်ရှိသော။ ဒီဃာသဝဘိက္ခုယောဝ သတသဟာဿသင်္ချာ အဟေသုံ။ ဝိ၊ ဋ္ဌ၊ ၁။ ၃၇။ (-အပ၊ ဋ္ဌ၊ ၁။ ၃၅၂)။

သတသဟာဿဟတ္ထိ (ပု) [သတသဟာဿ + ဟတ္ထိ] တစ်သိန်းသော ဆင်ပြောင်ကြီး၊ ဆင်ပြောင်ကြီးတစ်သိန်း။ နာဂသတသဟာဿာနိတိ သတသဟာဿဟတ္ထိနော။ အပ၊ ဋ္ဌ၊ ၁။ ၃၂၅။

သတသဟာဿာတိက္ကန္တ (တိ) [သတသဟာဿ + အတိက္ကန္တ] (ကမ္ဘာ) တစ်သိန်းကိုလွန်သော။ သတသဟာဿာတိက္ကန္တေ၊ ကပ္ပေ ဟေဿတိ ဘဒ္ဒကော။ အပ၊ ၂။ ၂၈၂။

သတသဟာဿာဓိက (တိ) [သတသဟာဿ + အဓိက] (ကမ္ဘာ) တစ်သိန်း အလွန် ရှိ

သော။ ရညော သတသဟဿာဓိကာနိ ဒွေ အသင်္ချေယျာနိ ပူရိတပါရမီ ပစ္စေကဗုဒ္ဓံ ဒိသွာ။ သံ၊ ဋ္ဌ၊ ၁။ ၃၁၉။ (-သံ၊ ဋီ၊ ၁။ ၃၅။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၂၅၉)။

သတသဟဿိမ (တိ) [သတသဟဿ + မ။ မောဂ်၊ ၄။ ၅၃။ သတိမ-လည်းကြည့်။ အ-ကို ဣ-ပြု။ နိရုတ္တိ။ ၅၁၀။] တစ်သိန်း-တို့၏ ပြည့်ကြောင်း -မြောက် - ဖြစ်သော (ကမ္ဘာ)။ ဣတော ကိရ သတသဟဿိမေ ကပ္ပေ ပဒုမုတ္တရော နာမ သတ္ထာ လောကေ ဥပ္ပဇ္ဇိ။ ဒီ၊ ဋ္ဌ၊ ၂။ ၇၈။ (-မ၊ ဋ္ဌ၊ ၄။ ၁၅၀။ သံ၊ ဋ္ဌ၊ ၂။ ၈၆။ သံ၊ ဋီ၊ ၂။ ၁၂၇)။

သတသဟဿိ (သီ) လောကဓာတု (ထီ) [သတသဟဿိ + လောကဓာတု] တစ်သိန်းသော လောကဓာတ်၊ လောကဓာတ် တစ်သိန်း။ သတသဟဿော ဘိက္ခဝေ ဗြဟ္မာ သတသဟဿိလောကဓာတုံ ဖရိတွာ အဓိမုစ္စိတွာ ဝိဟရတိ။ မ၊ ၃။ ၁၄၃။

သတသဟဿီ (ထီ) [သတသဟဿ + ဤ။ ကစ္စည်း။ ၂၃၈။ နိရုတ္တိ။ ၇၁။] (၁) တစ်သိန်း။ (၂) အရာမက အထောင်မကသော။ (၁) ဒွိန္နံ သတသဟဿီန (ဗုဒ္ဓဝံ။ ၃၃၉) န္တိ ဒွိန္နံ သတသဟဿာနံ။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၂၁၄။ (၂) နေကာ သတသဟဿိယော၊ ဂါဝေါ ယညေ အဃာတယိ။ သုတ္တနိ။ ၃၂၄။ ---- ပုင်္ဂဝေန သဟ အနေကသတသဟဿာ ဂါဝေါ မာရေသိ။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၅၈။

သတသဟဿုဋ္ဌာန (တိ) [သတသဟဿ + ဥဋ္ဌာန] (အခွန်) တစ်သိန်းထွက်သော (ရွာ)။ သတသဟဿုဋ္ဌာနော ကာသိဂါမော နာမ ဓီတု ဒိန္နော။ သံ၊ ဋ္ဌ၊ ၁။ ၁၄၁။

သတသဟဿုဋ္ဌာနက (တိ) [သတသဟဿုဋ္ဌာန + က] အောက်ပုဒ် ကြည့်။ သတသဟဿုဋ္ဌာနကံ ဇေဋ္ဌဂါမံ ဒတွာ။ မ၊ ဋ္ဌ၊ ၃။ ၂၁၄။ (-အဘိ၊ ဋ္ဌ၊ ၂။ ၂၄၅)။

သတသဟဿုဋ္ဌာနကဂါမ (ပု) [သတသဟဿုဋ္ဌာနက + ဂါမ] အခွန် တစ်သိန်းထွက်သော ရွာ။ ဂါမဝရောပိ သတသဟဿုဋ္ဌာနကဂါမောဝ။ သံ၊ ဋ္ဌ၊ ၁။ ၁၅၀။

သတသာခ (တိ) [သတ + သာခါ။ ဂတဂါခ-သံ။] အရာမက, များစွာသော အခက် အလက် ရှိသော။ သတသာခေါ နိဂြောဓရုက္ခော သုဝဏ္ဏဝဏ္ဏော အဟောသိ။ သံ၊ ဋ္ဌ၊ ၂။ ၁၈၂။ အံ၊ ဋ္ဌ၊ ၁။ ၁၄၂။ သတသာခေါတိ ဗဟုသာခေါ အနေကသာခေါ။ သံ၊ ဋီ၊ ၂။ ၁၇၆။ အံ၊ ဋီ၊ ၁။ ၁၅၃။

သတသိခရ (တိ) [သတ + သိခရ] အရာမက, များစွာသော အထွတ် ရှိသော။ သတက္ကကူတိ သတသိခရော၊ အနေက-ကူဋောတိ အတ္ထော။ သံ၊ ဋ္ဌ၊ ၁။ ၁၅၂။ အံ၊ ဋီ၊ ၃။ ၁၅။

သတသိပ္ပ (တိ) [သတ + သိပ္ပ] အရာမက , များစွာသော အတတ်ပညာရှိသော၊ သူ။ သတသိပ္ပေါ (ဇာ၊ ၂။ ၆၈) တိ---- အတ္တနော ဗလေနေဝ နိပ္ဖန္နအနေကသတသိပ္ပေါ။ ဇာ၊ ဋ္ဌ၊ ၅။ ၃၁၈။

သတသောဓိတသမ္ဗတ (တိ) [သတ + သောဓိတ + သမ္ဗတ] အကြိမ်များစွာ သုတ်သင်အပ်ပြီး၍ဟု သမုတ်အပ်သော။ ဗဟူသု ပေါတ္ထကေသု သတသောဓိတသမ္ဗတေ စ ပုရာဏပေါတ္ထကေ အယမေဝ ပါဌက္ကမော

ဒိဿတိ။ သာရတ္ထ၊ ၂။ ၃၃၇။

သတဟတ္ထ (တိ) [သတ + ဟတ္ထ။ ဂတဟသ္တ - သံ။ လက် ၁၀၀ (တစ်ရာ) ရှိသော။] (၁) အတောင် တစ်ရာရှိသော။ (ပု)(၂) အတောင်တစ်ရာ။(၁) သတဟတ္ထောပိ ဝဍ္ဎတိ။ မိလိန္ဒ။ ၃၅၉။ ယထာ ပညာသဟတ္ထတာယ ဝါ သတဟတ္ထတာယ ဝါ သတက္ခန္ဓသာခေါ နိဂြောဓော---- ဟောတိ။ ဒီ၊ ဋ္ဌ၊ ၂။ ၄၀။ မ၊ ဋ္ဌ၊ ၃။ ၂၆၁။ (ပု) (၂) အောက်ပုဒ်ကြည့်။

သတဟတ္ထသမုဂ္ဂတ (တိ) [သတဟတ္ထ + သမုဂ္ဂတ] အတောင်တစ်ရာ မြင့်သော၊ အတောင်တစ်ရာ အစောက်မြင့်သော။ အဂ္ဂိယံ သုကတံ ကတွာ၊ သတဟတ္ထသမုဂ္ဂတံ။ အပ၊ ၁။ ၃၇။ သတဟတ္ထံ ဥဂ္ဂတံ ဥဗ္ဗိဒ္ဓံ---- အဂ္ဂိယံ သုကတံ။ အပ၊ ဋ္ဌ၊ ၁။ ၂၉၈။

သတဟတ္ထုဗ္ဗေဓ (တိ) [သတဟတ္ထ + ဥဗ္ဗေဓ] အတောင်-တစ်ရာ-အစောက်-အမြင့်-ရှိသော။ ပုရိသော သတဟတ္ထုဗ္ဗေဓေ စမ္ပကရုက္ခေ နိသေဇ္ဇံ ဗန္ဓိတွာ အဘိရုဟိတွာ။ ဒီ၊ ဋ္ဌ၊ ၂။ ၂၂၈။ သံ၊ ဋ္ဌ၊ ၂။ ၂၉၈။

သတာဓိပတေယျ (တိ) [သတိ + အာဓိပတေယျ။ သတိ အာဓိပတေယျာ ဧတ္ထာတိ သတာဓိပတေယျံ။ အံ၊ ဋ္ဌ၊ ၂။ ၃၉၄။] သတိ- ဟူသော- လွှင်-အကြီးအမှူး -အကြီးအကဲ-ရှိသော။ သိက္ခာနိသံသမိဒံ ဘိက္ခဝေ ဗြဟ္မစရိယံ ဝုဿတိ ---- သတာဓိပတေယျံ။ အံ၊ ၁။ ၅၆၅။ သတိ အာဓိပတေယျာ ဧတ္ထာတိ သတာဓိပတေယျံ။ အံ၊ ဋ္ဌ၊ ၂။ ၃၉၄။ သတာဓိပတေယျာ (ဣတိဝုတ်။ ၂၂၂) တိ ဇေဋ္ဌကကရဏဋ္ဌေန သတိ အဓိပတေယျံ (အာဓိပတေယျံ ?) ဧတေသန္တိ သတာဓိပတေယျာ အဓိပတိ ဧဝ အဓိပတေယျန္တိ (အာဓိပတေယျန္တိ ?) ကတွာ။ ဣတိဝုတ်၊ ဋ္ဌ။ ၁၆၃။ (-အံ၊ ၃။ ၁၅၃။ အံ၊ ဋ္ဌ၊ ၃။ ၂၅၃)။

သတာနိသံသ (တိ) [သတ + အာနိသံသ] တစ်ရာသော - အကျိုး - အကျိုးဆက် - အာနိသင် -ရှိသော။ သတဂုဏ-ကြည့်။

သတာနုပတိတ (တိ) [သတိ + အနုပတိတ] (က) သတိသည် အစဉ်လိုက်အပ်သော။ (ခ) သတိသို့ အစဉ်လိုက်သော။ (ဂ) အစဉ်လိုက် - ကျရောက် - သော သတိရှိသော။ ရာဂါနုပတိတ-လည်းကြည့်။ (က) (ခ) (ဂ) သဗ္ဗံ စိတ္တံ ဝိစာရာနုပတိတံ---- သတာနုပတိတံ။ အဘိ၊ က။ ၃၀၃။

သတာနုသာရိ (တိ) [သတိ + အနု + သရ + ဏီ] (က) သတိ-ပုဗ္ဗေနိဝါသာနုဿတိ-သို့ အစဉ်လိုက်သော။ (ခ) သတိ-ပုဗ္ဗေနိဝါသာနုဿတိ-နှင့်ယှဉ်သော။ (ဂ) ရှေး၌ နေဘူးသော ခန္ဓာကို အစဉ်-လျှောက်၍ အောက်မေ့ခြင်း သတိနှင့်ယှဉ်သော။ (က) (ခ) (ဂ) တထာဂတဿ သတာနုသာရိ ဉာဏံ ဟောတိ။ ဒီ၊ ၃။ ၁၁၁။ သတာနုသာရီတိ ပုဗ္ဗေနိဝါသာနုဿတိသမ္ပယုတ္တကံ။ ဒီ၊ ဋ္ဌ၊ ၃။ ၉၇။ သတိံ အနုဿရတီတိ သတာနုသာရိ၊ သတိယာနုဝတ္တနဝသေန ပဝတ္တဉာဏံ။ ဒီ၊ ဋီ၊ ၃။ ၉၄။

သတာနုသာရိဉာဏ (နု) [သတာနုသာရိ + ဉာဏ] သတာနုသာရိဉာဏ်-- (က) သတိ-ပုဗ္ဗေနိဝါသာနုဿတိ-သို့ အစဉ်လိုက်သော ဉာဏ်။ (ခ) သတိ-ပုဗ္ဗေနိဝါသာနုဿတိ-နှင့်ယှဉ်သော ဉာဏ်။ (ဂ) ရှေး၌ နေဘူးသော

ခန္ဓာကို အစဉ်-လျှောက်၍ အောက်မေ့ခြင်း သတိနှင့်ယှဉ်သော ဉာဏ်။ (က) (ခ) (ဂ) သတာနုသာရီဉာဏံ ဟောတိ(စူဠနိ။ ၁၆၄)တိ ပုဗ္ဗေနိဝါသာနုဿတိသမ္ပယုတ္တဉာဏံ ဟောတိ။ စူဠနိ၊ ဋ္ဌ။ ၄၈။

သတာနုသာရိဝိညာဏ (န) [သတာနုသာရီ + ဝိညာဏ] သတိသို့ အစဉ်လိုက်သော-စိတ်-ဝိညာဏ်။ တဿ မယှံ အင်္ဂဝေဿန သတာနုသာရိဝိညာဏံ အဟောသိ။ မ၊ ၁။ ၃၁၃။ သတာနုသာရိဝိညာဏန္တိ---- ဇော် ဒွေ ဝါရေ ဥပ္ပန္နသတိယာ အနန္တံ ဥပ္ပန္နဝိညာဏံ သတာနုသာရိဝိညာဏံ နာမ။ မ၊ ဋ္ဌ၊ ၂။ ၁၉၂။ သတိယာ အနုဿရဏဝိညာဏံ သတာနု-သာရိဝိညာဏံ။ မ၊ ဋီ၊ ၂။ ၂၁၅။

သတာနုန် (တိ) [သတ + အနုန] အရာ-တစ်ရာ-ဖြင့် မဟုတ်လျော့သော။ မမ ပဋ္ဌ သတာနုနာ၊ သိဿာ သဗ္ဗေ မမာနုဂါ။ အပ၊ ၂။ ၁၃၆။

သတာပ (တိ) [သဟ + တာပ] ပူပန်ခြင်း-ရှိ-နှင့် တကွဖြစ်သော။ အပ္ပိယေ သတ္တေ တေသံ သတာပတော။ ဒီ၊ ဋီ၊ ၂။ ၂၅၇။

သတာရ (တိ) [သဟ + တာရာ + အ] အောက်ပုဒ်ကြည့်။ သတာရာ စန္ဒသူရာ စ၊ လဋ္ဌိတာ ကနကာ မာယာ။ အပ၊ ၂။ ၂၁၉။ ထေရီ၊ ဋ္ဌ။ ၁၆၀။

သတာရက (တိ) [သဟ + တာရကာ + အ] နက္ခတ်, ကြယ်, တာရာနှင့် တကွဖြစ်သော။ အဘိဘောန္တိ န တဿာ'ဘာ၊ စန္ဒသူရာ သတာရကာ။ အပ၊ ၁။ ၈၀။ အပ၊ ၂။ ၁၈၁။ ထေရ၊ ဋ္ဌ၊ ၁။ ၃၉၆။

သတာရက္ခ (တိ) [သတိ + အာရက္ခ] (၁) သတိဟူသော အစောင့်အရှောက် ရှိသော (စိတ်)။ (ပု) (၂) သတိဟူသောအစောင့်အရှောက်။ (၁) သတာရက္ခေန စေတသာ (ဒီ၊ ၃။ ၂၅၈။ အံ၊ ၃။ ၂၈၀) တိ ခီဏာသဝဿ ဟိ တီသု ဒွါရေသု သဗ္ဗကာလေ သတိ အာရက္ခကိစ္စံ သာဓေတိ။ ဒီ၊ ဋ္ဌ၊ ၃။ ၂၃၄။ အံ၊ ဋ္ဌ၊ ၃။ ၂၉၂။ (ပု) (၂) သတာရက္ခေန ဧကာရက္ခာ။ ဝဇိရ။ ၄၁၅။ (-မူလဋီ၊ ၂။ ၇၄)။

သတာရမ္မဏ[၁] (န) [သတိ + အာရမ္မဏ] သတိတည်းဟူသော အာရုံ။ ဝီရိယာရမ္မဏေ ဉာဏံ။ သတာရမ္မဏေ ဉာဏံ။ အဘိ၊ က။ ၂၃၅။

သတာရမ္မဏ[၂] (တိ) [သတ + အာရမ္မဏ] အရာသော ကိုယ်လျှင် အာရုံရှိသော။ အမိဋ္ဌာနစိတ္တမ္ပိ တထေဝ သတာရမ္မဏံ ဝါ သဟဿာရမ္မဏံ ဝါ။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၃၀၈။ ဝိသုဒ္ဓိ၊ ၂။ ၁၅။

သတာရဟ (တိ) [သတ + အရဟ] အရာမက - အဖိုးများစွာ - ထိုက်တန်သော။ သုဏောမ ဂါထာယော သတာရဟာယော။ ဇာ၊ ၂။ ၁၃၆။ စတဿော သတာရဟာ ဂါထာ သုတွာ ဓနံ တေ ဒဿာမိ။ ဇာ၊ ဋ္ဌ၊ ၅။ ၂၆။

သတာရဟဂါထာ (ထီ) [သတာရဟာ + ဂါထာ] သတာရဟဂါထာ၊ အရာမက-အဖိုးများစွာ-ထိုက်တန်သော ဂါထာ။ ကေကာယ သတံ သတံ မဟာရာဇ တေနေဝ သတာရဟ-ဂါထာ နာမ ဇာတာတိ။ စရိယာ၊ ဋ္ဌ။ ၂၄၅။ (-ဇာ၊ ဋ္ဌ၊ ၄။ ၁၈၇။ ဇာ၊ ဋ္ဌ၊ ၅။ ၂၄၊ ၅၃၂)။

သတာလီသ (တိ) [သတ + တာလီသ] ၄၀ - လေးဆယ်နှင့် တကွဖြစ်သော။ ဂါထာသတံ သတာလီသံ၊ စတဿော စ တဒုတ္တရိ။ အပ၊ ၁။ ၁၁၄။

သတာဝရိကဠီရ (ပု) [သတာဝရိ + ကဠီရ] ကြံ့ညွတ်- ကညွတ် - ရှဉ့်မတက် - ညှောက်၊ ကြံ့ညွတ်-ကညွတ်-ရှဉ့်မတက်-မှ ထွက်သော အညှောက်။ သာသပကဠီရော သတာဝရိ-ကဠီရော။ ဝိ၊ ဋ္ဌ၊ ၃။ ၁၀၀။ ဝိ၊ သင်္ဂဟ။ ၉၆။

သတာဝရိ (ထီ) [သတ + အာ + ဝရ + အ + ဤ။ သတံ ရောဂေ အာဝရတီတိ သတာဝရီ။ ဝရ အာဝရဏိစ္ဆာသု။ ဓာန်၊ ဋီ။ ၅၈၅။ ဂတာဝရီ-သံ။ (=သတမူလီ။ သယရီ၊ သယာဝရီ။ ပြာ။)] ကြံ့ညွတ်-ကညွတ်-ရှဉ့်မတက်-ပင်။ သတာဝရိကဠီရ - ကြည့်။ သတမူလီ သတာဝရီ။ ဓာန်။ ၅၈၅။ ဓာန်၊ ဋီ။

သတာသနသဟဿ (န) [သတ + အာသန + သဟဿ] နေရာ တစ်သိန်း၊ သတာသနသဟဿာနိ၊ ဆတ္တစ္ဆာယာယ ပညပိ။ အပ၊ ၁။ ၃၅၆။

သတိ[၁] (ထီ) [သရ + တိ။ ရူ။ ၆၃၂။ သရန္တိ ဧတာယ, သယံ ဝါ သရတိ, သရဏမတ္တမေဝ ဝါ ဧသာတိ သတိ။ အဘိ၊ ဋ္ဌ၊ ၁။ ၁၆၄။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၈၁။ မဟာနိ၊ ဋ္ဌ။ ၃၈။ (-သုတ္တနိ၊ ဋ္ဌ၊ ၁။ ၁၃၂။ နီတိ၊ ဓာတု။ ၁၄၉)။ သံ - သပတိ။ ဓမ္မသတ် ကျမ်းကိုလည်း ဟောသည်။ ကောဋ္ဌုဘ။ သင်္က၊ သတိ-ပြာ၊ အဒ္ဓမာဂဓီ။] (၁) သတိ-- (က) အောက်မေ့-အမှတ်ရ-တတ်သော တရား။ (ခ) အောက်မေ့-အမှတ်ရ-ကြောင်း တရား။ (ဂ) အောက်မေ့-အမှတ်ရ-ခြင်း။ (၂)(က) ကာယဂတာသတိ (မိမိ၏ ဆံ အစရှိသော ရူပကာယ၌ဖြစ်သော သတိ)။ (ခ) ပုဗ္ဗေနိဝါသာနုဿတိ (ရှေးဘဝ ခန္ဓာအစဉ်ကို အောက်မေ့ သိနိုင်သော အဘိညာဉ်)။ (ဂ) မြတ်စွာဘုရား ပါဠိတော်ကို သင်ယူပြီး ဆောင်ထားသော သတိ။ (ဃ) ပုဒ်-အရာ-အထောင်-ကို မှတ်ယူခြင်း၌ စွမ်းနိုင်သော သတိ။ (င) အာရုံကို သိမ်းဆည်းတတ်သော သတိ။ (စ) အာရုံသို့ ကပ်၍ တည်တတ်သောသတိ။ (ဆ) ၆-ပါးသော သတတဝိဟာရနှင့် ယှဉ်သော သတိ။ (ဇ) ကြာမြင့်စွာ ပြုအပ်ပြီးသော အမှုစသည်တို့ကို အောက်မေ့ခြင်း သတိ။ (ဈ) အသုဘ သဘောရှိသော ခန္ဓာကိုယ်၌ " အသုဘ " ဟူ၍ ဖြစ်သော သတိ။ (ည) ကာယာနုပဿနာ - ကို သိမ်းဆည်း တတ်သော သတိ။ (ဋ) ဝိပဿနာနှင့် ယှဉ်သော သတိ။ (ဌ) မဂ်နှင့် ယှဉ်သော သတိ။ (ဍ) ဝိပဿနာ, မဂ်တို့နှင့် ယှဉ်သော သတိ။ (ဎ) ပစ္စဝေက္ခဏာနှင့် ယှဉ်သော သတိ။ (၃) အဖန်ဖန် အောက်မေ့ - အမှတ်ရ-တတ်သော သတိ။ (၄) (က) သတိပဋ္ဌာန် ၄-ပါး။ (ခ) အာရုံဖြစ်သော သတိပဋ္ဌာန်။ (၅) သတိပဋ္ဌာနဘာဝနာ, ဝိပဿနာဘာဝနာ-တို့၏အစွမ်းဖြင့် ဖြစ်သောသတိ။ (၆) ကမ္မဋ္ဌာန်းကို ကောင်းစွာ မှတ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သောသတိ။ (၇) ထင်ခြင်း၊ အာရုံ၌ ကပ်၍ တည်ခြင်း။ (၈) သတိဟူသော ကြိုး။ (၉) နှစ်သက်ခြင်း။ (၁၀) သတိ ပြန့်ပြောသော-ပုဂ္ဂိုလ်-ရဟန်း။ (၁၁) သတိသုတ်။ (၁၂) သတိပဋ္ဌာနသံယုတ်။ (၁၃) သတိပဋ္ဌာန-ကထာ။ (၁) သတိ-- (က) အောက်မေ့-အမှတ်ရ-တတ်သောတရား။ (ခ) အောက်မေ့-အမှတ်ရ-ကြောင်း တရား။ (ဂ) အောက်မေ့-အမှတ်ရ-ခြင်း။ ယာ တသ္မိံ သမယေ သတိ အနုဿတိ ပဋိဿတိ သတိ သရဏတာ---- သမ္မာသတိ။ အဘိ၊ ၁။ ၁၉။ ဥပဋ္ဌိတာ သတိ အသမ္မုဋ္ဌာ။ ဝိ၊ ၁။ ၄။ မ၊ ၁။ ၂၆။ တေသံ အတိဝေလံ ဟဿခိဍ္ဍာရတိဓမ္မသမာပန္နာနံ ဝိဟရတံ သတိ သမ္မုဿတိ။ ဒီ၊ ၁။ ၁၈။ ရူပံ

ဒိသွာ သတိ မုဋ္ဌာ။ သံ၊ ၂။ ၂၉၆။ (-သံ၊ ၁။ ၃၅၁။ အံ၊ ၂။ ၂၇၁။ အဘိ၊ ဝိ။ ၂၅၉။ အဘိ၊ က။ ၁၂၁-၃။ ပဋိသံ။ ၂၂၊ ၁၇၀။ ထေရ။ ၂၃၀။ အပ၊ ၁။ ၃၆၃။ မဟာနိ။ ၈။ စူဠနိ။ ၂၃။ မိလိန္ဒ။ ၃၂၊ ၈၂-၃။ဒီ၊ ဋ္ဌ၊ ၁။ ၁၀၄။အဘိ၊ ဋ္ဌ၊ ၁။ ၉၅၊ ၁၃၉၊ ၁၇၅၊ ၁၉၁၊ ၂၁၉။အဘိ၊ ဋ္ဌ၊ ၃။ ၁၅၈)။

" သတိ၏ လက္ခဏာစသည် "

သတိသည်-- ဗူးတောင်းသည် ရေ၌ မငုတ်မနစ် မျောသွား၏သို့ အာရုံကို မျော၍ သွားစိမ့်သောငှာ မပေးမူ၍ ကျောက်ဖျာကဲ့သို့ မလှုပ်မရှား အာရုံကိုထားခြင်း လက္ခဏာ ရှိ၏။ (ဝါ) စီးပွားမဲ့ကို ဆောင်တတ်သော ဒုစရိုက်တရားကိုပယ်၍ စီးပွါးကိုဆောင်တတ် သော သုစရိုက်တရားကို ချီးပင့်ခြင်းလက္ခဏာ ရှိ၏။ မေ့လျော့ခြင်းကို ဖျက်ဆီးခြင်း ကိစ္စရှိ၏၊ စိတ်ကို စောင့်ရှောက်တတ်သော တရားဟု ဉာဏ်အားရှေးရှု ထင်တတ်၏။ (ဝါ) တပါးသို့ မသွားမူ၍ စိတ်၏အာရုံ၌ ရှေးရှုသည်ဖြစ်၍ ဖြစ်ကြောင်းတရားဟု ဉာဏ်အား ရှေးရှု ထင် တတ်၏၊ မြဲမြံသော သညာလျှင် နီးစွာသော အကြောင်းရှိ၏။ (ဝါ) သတိ၏အာရုံဖြစ်သော ကာယ စသော သတိပဋ္ဌာန်လျှင် နီးစွာသော အကြောင်းရှိ၏။ (အဘိ၊ ဋ္ဌ၊ ၁။ ၁၆၄-၅)။

(၂) (က) ကာယဂတာသတိ (မိမိ၏ ဆံ အစရှိသော ရူပကာယ၌ဖြစ်သော သတိ)။ သတိ (ဒီ၊ ၂။ ၁၁၇။ ဒီ၊ ဋ္ဌ၊ ၂။ ၁၇၄) တိ ဝါ ကာယဂတာသတိ ဥပဋ္ဌာပေတဗ္ဗာ။ ဒီ၊ ဋီ၊ ၂။ ၁၇၉။(ခ) ပုဗ္ဗေနိဝါသာနုဿတိ (ရှေးဘဝခန္ဓာ အစဉ်ကို အောက်မေ့သိနိုင်သော အဘိညာဉ်)။ သတာနုသာရီ, သတာနုသာရိဉာဏ-ပုဒ်တို့ ကြည့်။ (ဂ) မြတ်စွာဘုရား ပါဠိတော်ကို သင်ယူပြီး ဆောင်ထားသော သတိ။ သတိ (ဝိ၊ ဋ္ဌ၊ ၁။ ၇၇) တိ ဗုဒ္ဓဝစနံ ဥဂ္ဂဟေတွာ ဓာရဏကသတိ။ သာရတ္ထ၊ ၁။ ၁၈၉။ (-အံ၊ ဋ္ဌ၊ ၁။ ၂၂၃)။ (ဃ) ပုဒ်-အရာ-အထောင်-ကို မှတ်ယူခြင်းငှာ စွမ်းနိုင်သောသတိ။ သတိယာ (မ၊ ၁။ ၁၁၇) တိအာဒီသု ပဒသတမ္ပိ ပဒသဟဿမ္ပိ ဝဒန္တဿေဝ ဂဟဏသမတ္ထတာ သတိ နာမ။ မ၊ ဋ္ဌ၊ ၁။ ၃၅၆။ (င) အာရုံကို သိမ်းဆည်းတတ်သော သတိ။ သတိ (သံ၊ ၂။ ၃၁၇) တိ အာရမ္မဏပရိဂ္ဂဟိတသသတိ။ သံ၊ ဋ္ဌ၊ ၃။ ၃၅။ (စ) အာရုံသို့ ကပ်၍ တည်တတ် သော သတိ။ ဥပဋ္ဌာန် သတိ(ပဋိသံ။၁၇၅)တိ တံ အာရမ္မဏံ ဥပေစ္စ တိဋ္ဌတီတိ သတိ ဥပဋ္ဌာန် နာမ။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၀၇။ (ဆ) ၆-ပါးသော သတတဝိဟာရနှင့်ယှဉ်သော သတိ။ သတိမာ (သုတ္တနိ။ ၃၅၄။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၁၄၂) ကြည့်။ (ဇ) ကြာမြင့်စွာ ပြုအပ်ပြီး သော အမှုစသည်တို့ကို အောက်မေ့ခြင်း သတိ။ သတိမာ (အပ၊ ၁။ ၁၄။ အပ၊ ဋ္ဌ၊ ၁။ ၂၁၈) ကြည့်။ (ဈ) အသုဘ သဘောရှိသော ခန္ဓာကိုယ်၌ "အသုဘ"ဟူ၍ ဖြစ်သော သတိ။ သတိ မုဋ္ဌာ (ထေရ။ ၂၄၁) တိ အသုဘသဘာဝေ ကာယေ "အသုဘ"န္တေဝ ပဝတ္တနသတိ မုဋ္ဌာ။ ထေရ၊ ဋ္ဌ၊ ၁။ ၂၅၅။ (ည) ကာယာနုပဿနာ ကို သိမ်းဆည်းတတ်သော သတိ။ သတိမာ (အံ၊ ၁။ ၄၀။ အဘိ၊ ဝိ။ ၂၀၁။ ပဋိသံ။ ၄၀။ အံ၊ ဋ္ဌ၊ ၁။ ၃၈၂။ အဘိ၊ ဋ္ဌ၊ ၂။ ၂၀၉။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၁၆၁) တို့ကြည့်။ (ဋ) ဝိပဿနာနှင့် ယှဉ်သော သတိ။ သတိ တေသံ နိဝါရဏ (သုတ္တနိ။ ၄၃၄) န္တိ ဝိပဿနာယုတ္တာ----သတိ တေသံ သောတာနံ နိဝါရဏံ။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၃၀၁။ (-နေတ္တိ။ ၁၃။ နေတ္တိ၊ ဋ္ဌ။ ၆၇)။ (ဌ) မဂ်နှင့်ယှဉ်သော သတိ။ သတိ အာရက္ခ- သာရထိ (သံ၊ ၃။ ၅) တိ မဂ္ဂသမ္ပယုတ္တာ သတိ အာရက္ခသာရထိ။ သံ၊ ဋ္ဌ၊ ၃။ ၁၅၈။ (-သံ၊ ၃။

၁၉၂။ သံ၊ ၄၊ ၃။ ၂၇၈)။ (၃) ဝိပဿနာ, မဂ်တို့နှင့်ယှဉ်သော သတိ။ ဟိရီ ဩဿာ မနော ယောတ္တံ၊ သတိ မေ ဖာလပါဇနံ။ သုတ္တနိ။ ၂၉၁။ သရတိ ဧတာယ စိရကတာဒိမတ္တံ ပုဂ္ဂလော, သယံ ဝါ သရတီတိ သတိ၊ ---- ယထာ ဟိ ဗြာဟ္မဏဿ ဖာလပါဇနံ၊ ဧဝံ ဘဂဝတော ဝိပဿနာယုတ္တာ မဂ္ဂယုတ္တာ စ သတိ။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၁၃၂။ (ပ) ပစ္စဝေက္ခဏာ နှင့်ယှဉ်သော သတိ။ သတိ ဥပဋ္ဌိတာ (ထေရီ။ ၄၂၃) တိ ပစ္စဝေက္ခဏာယုတ္တာ သတိ သဗ္ဗကာလံ ဥပဋ္ဌိတာ။ ထေရီ၊ ဋ္ဌ။ ၂၆၄။ (-ဝိ၊ ဋ္ဌ၊ ၂။ ၂၇၂။ ဝိ၊ သင်္ဂဟ။ ၆၈။ ဝိသုဒ္ဓိ၊ ၁။ ၄၁။ ဝဇိရ။ ၂၆၁၊ ၄၈၁။ သာရတ္ထ၊ ၂။ ၄၁၉။ ဝိမတိ၊ ၁။ ၃၃၇။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၇၂)။

(၃) အဖန်ဖန် အောက်မေ့-အမှတ်ရ-တတ်သော သတိ။ ဒသသု အနုဿတီသု ပုနပ္ပုနံ ဥပ္ပဇ္ဇနတော သတိယေဝ အနုဿတိ။ ဝိသုဒ္ဓိ၊ ၁။ ၁၉၁။ “ အနု အနု သတိ အနုဿတိ ” တိ ဣမမတ္တံ ဒဿေတုံ “ ပုနပ္ပုနံ ဥပ္ပဇ္ဇနတော ” တိ ဝုတ္တံ န ဓွေ အနု-သဒ္ဒယောဂေန သတိ-သဒ္ဒေါ အတ္ထန္တရဝါစကောတိ ဒဿေတုံ “သတိယေဝ အနုဿတိ ” တိ ဝုတ္တံ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၂၁၈။ (၄) (က) သတိပဋ္ဌာန် ၄-ပါး။ သတိမာ (ဣတိဝုတ်။ ၂၁၄။ ဣတိဝုတ်၊ ဋ္ဌ။ ၁၀၁) ကြည့်။ (ခ) အာရုံဖြစ်သော သတိပဋ္ဌာန်။ သတိစရိယာ (ပဋိသံ။ ၂၁၅။ စူဠနိ။ ၂၃၂။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၃၉။ စူဠနိ၊ ဋ္ဌ။ ၉၁။) ကြည့်။ (၅) သတိပဋ္ဌာနဘာဝနာ, ဝိပဿနာ-ဘာဝနာ-တို့၏ အစွမ်းဖြင့်ဖြစ်သော သတိ။ သတိ ဥပဋ္ဌပေတွာန (ထေရီ။ ၃၉၉) တိ သတိပဋ္ဌာနဘာဝနာဝသေန ကာယာဒီသု အသုဘာဒုက္ခာနိစ္စာနတ္တဝသေန သတိံ သုဋ္ဌု ဥပဋ္ဌိတံ ကတွာ။ ထေရ၊ ဋ္ဌ။ ၁၇၀။ (၆) ကမ္မဋ္ဌာန်းကို ကောင်းစွာမှတ်ခြင်း၏အစွမ်းဖြင့် ဖြစ်သော သတိ။ သတိယာ (ဝိ၊ ဋ္ဌ၊ ၂။ ၁၂။ ဝိသုဒ္ဓိ၊ ၁။ ၂၆၁) တိ သမ္မဒေဝ ကမ္မဋ္ဌာန-သလ္လက္ခဏဝသပ္ပဝတ္တာယ သတိယာ။ သာရတ္ထ၊ ၂။ ၁၈၆။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၃၁၅။ (၇)ထင်ခြင်း၊ အာရုံ၌ကပ်၍တည်ခြင်း။ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ (ဝိ၊ ၁။ ၈၉။ ဒီ၊ ၁။ ၆၇။ မ၊ ၁။ ၂၃၉။ အဘိ၊ ဝိ။ ၂၆၁) တိ---- သတီတိ ဥပဋ္ဌာနဋ္ဌော။ ---- တတြာယံ သင်္ခေပေါ “ ပရိဂ္ဂဟိတနိယျာနံ သတိံ ကတွာ ” တိ။ ဝိ၊ ဋ္ဌ၊ ၂။ ၁၃။ ဒီ၊ ဋ္ဌ၊ ၁။ ၁၈၉။ မ၊ ဋ္ဌ၊ ၂။ ၁၂၀။ အဘိ၊ ဋ္ဌ၊ ၂။ ၃၅၂။ ပရိဂ္ဂဟိတံ နိယျာနဘူတံ ဥပဋ္ဌာနံ ကတွာတိ အတ္ထော။ မူလဋီ၊ ၂။ ၁၈၃။ (-သီ၊ ဋီ၊ သစ်၊ ၂။ ၁၂၄-၅)။ အဿာသဝသေန ဥပဋ္ဌာနံ သတိ၊ ပဿာသဝသေန ဥပဋ္ဌာနံ သတိ။ ပဋိသံ။ ၁၇၀။ ဝိ၊ ဋ္ဌ၊ ၂။ ၉။ ဥပဋ္ဌာနံ သတီတိ အဿမ္ဗုဿနတာယ တမေဝ အဿာသံ (ပဿာသဥ္စ) ဥပဂန္တွာ ဌာနံ သတိ နာမာတိ အတ္ထော။ ပဋိသံ၊ ဋ္ဌ၊၂။ ၈၀။ သာရတ္ထ၊၂။ ၁၈၂။ (-ဝိမတိ၊ ၁။ ၂၀၉)။ (၈) သတိဟူသော ကြိုး။ သတိယာ တံ နိဗန္ဓိဿ (ထေရ။ ၂၇၉) န္တိ ဂေါစရဇ္ဈတ္တတော ဗဟိ ဂန္တုံ အဒေန္တော သတိယောတ္တေန ကမ္မဋ္ဌာနထမ္ဘေ စိတ္တကာလိ တံ နိဗန္ဓိဿာမိ နိယမေဿာမိ။ ထေရ၊ ဋ္ဌ၊ ၂။ ၆၆။ (၉) နှစ်သက်ခြင်း။ သတိ (ပဋိသံ။ ၃၅) တိ နိကန္တိ။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၁၃၀။ (-ပဋိသံ၊ ဋ္ဌ၊ ၁။ ၅၇။ ပဋိသံ၊ ဂဏ္ဌိ။ ၈၆)။ (၁၀) သတိ ပြန့်ပြောသော-ပုဂ္ဂိုလ်-ရဟန်း။ သတိဝိနယ (ဝဇိရ။ ၅၁၅။ သာရတ္ထ၊ ၃။ ၃၇၅။ ပါစိတ်၊ ယော။ ၄၃၉) ကြည့်။ (၁၁) သတိသုတ်။ သတိ စ သမ္ပဇညဥ္စ၊ အပ္ပမာဒေန ဥဒ္ဒိသ။ သံ၊ ၁။ ၃၅၁။ (၁၂) သတိပဋ္ဌာနသံယုတ်။

မဂ္ဂဗောဇ္ဈင်္ဂ သတိယာ၊ ကတ္တြိယံ သမ္ပယုတ္တာနံ။ သံ၊ ၃။ ၄၁၅။ (၁၃) သတိပဋ္ဌာနကထာ။ သတိ (ပဋိသံ၊ ဋ္ဌ၊ ၂။ ၃၂၂) တိ သတိပဋ္ဌာနကထာ။ ပဋိသံ၊ ဂဏ္ဌိ။ ၃၉၇။

သတိ၂ (တိ) [သန္တ + သ္မိံ။ သန္တ၁ -မှ။ သံ-သတ် + က္တ။ တိလိင်တ္တေ စ ကေတ္တေ၊ ဗဟုတ္တေပိ စ ဒိဿတိ။ သတ္တမျန္တော သတိ-သဒ္ဒေါ၊ ဝိပလ္လာသေ ဗဟုမှိ သော။ နီတိ၊ ပဒ။ ၂၃၈။] (၁) ဖြစ်-ရှိ-သော်။ (၂) ဖြစ်-ရှိ-ကုန်သော။ (၁) ဇာတိယာ ခေါ် သတိ ဇရာမရဏံ ဟောတိ၊ ဇာတိပစ္စယာ ဇရာမရဏံ။ ဒီ၊ ၂။ ၂၆။ သံ၊ ၁။ ၂၄၆-၈။ သတိ (ပဋိသံ၊ ဋ္ဌ၊ ၁။ ၂၆၀) တိ သန္တေ။ ပဋိသံ၊ ဂဏ္ဌိ။ ၁၈၆။ သတိယာ ပစ္စာသာယာတိ---- ဇေ၀ံ ဝိဇ္ဇမာနာယ စီဝရာသာယ။ ကင်္ခါ။ ၁၆၂-၃။ ဓမ္မေ သတိ ဖြာဟ္မဏာ ဝုတ္တိရေသာ။ သုတ္တနိ။ ၂၉၂။ အာဇီဝပါရိသုဒ္ဓိဓမ္မေ ဝါ ---- သတိ သံဝိဇ္ဇမာနေ။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၁၃၇။ (-ဝိ၊ ၂။ ၃၅၁၊ ၃၈၃။ ဝိ၊ ၃။ ၂၉၅။ ဝိ၊ ဋ္ဌ၊ ၃။ ၂၀၁-၁၀။ ဝိ၊ ဋ္ဌ၊ ၄။ ၅၆)။ (၂) သင်္ခါရေသု ခေါ် သတိ ဝိညာဏံ ဟောတိ။ သံ၊ ၁။ ၂၄၈။ နီတိ၊ ပဒ။ ၂၃၅။ တေသု ပန သတိ ဝဋ္ဋုန္တိဿ ဒုက္ကဋံ။ ဝိ၊ ဋ္ဌ၊ ၃။ ၃၆၇။ သတိ သန္တေသူတိ ယောဇနာ။ ပါစိတ်၊ ယော။ ၃၃၇။ သတိ (ဝိ၊ ဋ္ဌ၊ ၄။ ၁၅၁) တိ သန္တေသု။ ပါစိတ်၊ ယော။ ၅၅၇။

သတိ၃ (ထီ) [သန္တ + ဤ။ သတီ=သန္တီ-မှ။ နီတိ၊ ပဒ။ ၂၃၇။] (အို) တင့်တယ်-မြင့်မြတ်-သော မိန်းမ။ သတီ (ဇာ၊ ၁။ ၃၅၉) တိ သတိ သောဘဏော ဥတ္တမေတိ အာလပနေမေတံ။ ဇာ၊ ဋ္ဌ၊ ၅။ ၈။

သတိအဝိဇဟာန (နု) [သတိ + အဝိဇဟာန] သတိတရားကို မစွန့်လွှတ်ခြင်း။ အပ္ပမတ္တော ကမ္မဋ္ဌာနေ သတိအဝိဇဟာနေန။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၁၄၁။

သတိအဝိပ္ပဝါသ (ပု) [သတိ + အဝိပ္ပဝါသ] သတိနှင့်- မကင်း- မကွာ- မကွဲကွာ- ခြင်း။ အပ္ပမာဒေန သမ္ပာဒေထာတိ သတိအဝိပ္ပ-ဝါသေန သဗ္ဗကိစ္စာနိ သမ္ပာဒေယျာထ။ ဒီ၊ ဋ္ဌ၊ ၂။ ၁၈၅။ (-ဒီ၊ ဋ္ဌ၊ ၃။ ၇၁။ သံ၊ ဋ္ဌ၊ ၁။ ၂၀၄၊ ၃၀၃။ က္ကတိဝုတ်၊ ဋ္ဌ။ ၁၆၅)။

သတိအဝိပ္ပဝါသလက္ခဏ (တိ) [သတိအဝိပ္ပဝါသ + လက္ခဏ] သတိနှင့်-မကင်း - မကွာ - ခြင်း လက္ခဏာ ရှိသော။ သတိအဝိပ္ပဝါသလက္ခဏော ဟိ အပ္ပမာဒေါတိ။ သံ၊ ဋီ၊ ၁။ ၃၂၆။

သတိအာဒိဓမ္မသာမဂ္ဂီ (ထီ) [သတိ + အာဒိ + ဓမ္မ + သာမဂ္ဂီ] သတိ အစရှိသော တရားတို့၏ ညီညွတ်ခြင်း။ ဗောဓိသမ္ဘာရတာယ သတိအာဒိဓမ္မသာမဂ္ဂိယာ, တံသမင်္ဂီနော ဝါ ဗောဓိသမ္ဘာရဿ အရိယပုဂ္ဂလဿ အင်္ဂါတိ ဗောဇ္ဈင်္ဂါ။ ထေရ၊ ဋ္ဌ၊ ၁။ ၃၆၂။

သတိအာဒိပဒ (နု) [သတိ + အာဒိ + ပဒ] သတိ အစရှိသော ပုဒ်။ အာဒိပဒါနန္တိ သတိအာဒိပဒါနံ။ အံ၊ ဋီ၊ ၁။ ၂၄၈။

သတိအာဒိဘေဒ (တိ) [သတိ + အာဒိ + ဘေဒ] သတိ အစရှိသော အပြားရှိသော။ အနေကေသံ ဥပဒ္ဒဝါနံ ပဋိပက္ခဘူတာ သတိအာဒိဘေဒါ ဓမ္မသာမဂ္ဂီ။ က္ကတိဝုတ်၊ ဋ္ဌ။ ၁၂၄။

သတိအာဒိသဟာယဝန္တု (တိ) [သတိ + အာဒိ + သဟာယ + ဝန္တု။ ထီ-၌ --ဝတီ။] သတိစသည် အပေါင်းအဖော်ရှိသော။ ယတ္ထ စ သတိအာဒိသဟာယဝတော သမာဓိဿ

အတ္တနော ကိစ္စကရဏံ။ မူလဋီ၊ ၁။ ၁၄၄။

သတိအာယတန (န) [သတိ + အာယတန] သတိ (ကာယဂတာသတိ) တည်းဟူသော အကြောင်း။ တတြ တတြေဝ သက္ခိဘဗ္ဗတံ ပါပုဏိဿသိ သတိ သတိအာယတနေ။ မ၊ ၂။ ၁၆၂-၄။ သတိ သတိအာယတနေတိ သတိ သတိကာရဏေ။ ကိဥ္စေတ္ထ ကာရဏံ ? အဘိညာ ဝါ အဘိညာပါဒကဇ္ဈာနံ ဝါ အဝသာနေ ပန အရဟတ္တံ ဝါ အရဟတ္တဿ ဝိပဿနာ ဝါတိ ဝေဒိတဗ္ဗံ။ မ၊ ဌ၊ ၃။ ၁၄၁။ အဘိညာ ဝါ ကာရဏန္တိ ယံ ဟိ တံ တတြ တတြ သက္ခိဘဗ္ဗတာသင်္ခါတံ ဣဒ္ဓိဝိဓပစ္စနုဘဝနာဒိ၊ တဿ အဘိညာ ကာရဏံ။ အထ ဣဒ္ဓိဝိဓပစ္စနုဘဝနာဒိ အဘိညာ၊ ဧဝံ သတိ အဘိညာပါဒကဇ္ဈာနံ ကာရဏံ။ အဝသာနေ ဆဠာဘိညာယ ပန အရဟတ္တံ။ -----သာဓာရဏဝသေန နံ ဒဿေန္တော " အရဟတ္တဿ ဝိပဿနာ ဝါ " တိ အာဟ။ မ၊ ဋီ၊ ၃။ ၉၆-၇။ ယဿ ကဿစိ ဘိက္ခဝေ ကာယဂတာသတိ ဘာဝိတာ ဗဟုလီကတာ၊ ... သော ယဿ ယဿ အဘိညာသစ္ဆိကရဏီယဿ ဓမ္မဿ စိတ္တံ အဘိနိန္နာမေတိ အဘိညာသစ္ဆိကိရိယာယ၊ တတြ တတြေဝ သက္ခိဘဗ္ဗတံ ပါပုဏာတိ သတိ သတိအာယတနေ။ မ၊ ၃။ ၁၃၈။ အဘိညာသစ္ဆိကရဏီ ယဿာတိ အဘိညာယ သစ္ဆိကာတဗ္ဗဿ။ သက္ခိဘဗ္ဗတံ ပါပုဏာတီတိ ပစ္စက္ခဘာဝံ ပါပုဏာတိ။ သတိ သတိအာယတနေတိ သတိ သတိကာရဏေ။ ကိံ ပနေတ္ထ ကာရဏန္တိ အဘိညာဝ ကာရဏံ။ မ၊ ဌ၊ ၄။ ၁၀၃။ အဘိညာယာတိ ဣဒ္ဓိဝိဓာဒိအဘိညာယ။ သစ္ဆိကာတဗ္ဗဿာတိ ပစ္စက္ခတော ကာတဗ္ဗဿ အဓိဋ္ဌာနဝိကုဗ္ဗနာဒိဓမ္မဿ။ အဘိညာဝ ကာရဏန္တိ အာဟ "သစ္ဆိကိရိယာပေက္ခာယ၊ အဘိညာကာရဏာဿ ပန သိဒ္ဓိယာ ပါကဋ္ဌာ"တိ။ မ၊ ဋီ၊ ၃။ ၃၁၆။ သတိ သတိအာယတနေ (အံ၊ ၁။ ၂၅၆-၈) တိ ပုဗ္ဗဟေတု သင်္ခါတေ စေဝ ဣဒါနိ စ ပဋိလဒ္ဓဗ္ဗေ အဘိညာပါဒကဇ္ဈာနာဒိဘေဒေ စ သတိ သတိကာရဏေ။ အံ၊ ဌ၊ ၂။ ၂၂၈။ အဘိညာပါဒကဇ္ဈာနာဒိဘေဒေတိ ဧတ္ထ အဘိညာပါဒါ စ အဘိညာပါဒကဇ္ဈာနဥ္စ အဘိညာပါဒကဇ္ဈာနာနိ။ အာဒိ-သဒ္ဒေန အရဟတ္တဥ္စ အရဟတ္တဿ ဝိပဿနာ စ သင်္ဂဟိတာတိ ဒဋ္ဌဗ္ဗံ။ ----ဣမသ္မိံ ဟိ သုတ္တေ အရဟတ္တဖလဝသေန ဆဠာဘိညာ ဝုတ္တာ။ အံ၊ ဋီ၊ ၂။ ၂၀၀။(-အံ၊ ၂။ ၁၄-၆၊ ၂၃-၄၊ ၃၇၂-၃။ အံ၊ ဌ၊ ၃။ ၆၊ ၇၊ ၁၃၈။ အံ၊ ဋီ၊ ၃။ ၁၄၃)။ သတိ သတိအာယတနေ (ဒီ၊ ဌ၊ ၁။ ၁၁၅)တိ သတိသင်္ခါတေ ကာရဏေ ဝိဇ္ဇမာနေ။ သီ၊ ဋီ၊ သစ်၊ ၁။ ၄၁၆။ သတိအာယတနေ (အဘိ၊ ဌ၊ ၁။ ၁၈၅) တိ သတိသင်္ခါတကာရဏေ ဝိဇ္ဇမာနေ။ အဠသာ၊ ယော။ ၁၀၄။ သတိ သတိအာယတနေ(ဝိသုဒ္ဓိ၊ ၁။ ၂၄၀)တိ တသ္မိံ တသ္မိံ ပုဗ္ဗဟေတုအာဒိကေ ကာရဏေ သတိ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၃၀၄။ (-ဝိသုဒ္ဓိ၊ ၁။ ၃၆၉။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၄၆၀)။

(သတိ သတိအာယတနေ-၌ နောက် သတိ-ဟူသောပုဒ်နှင့် အာယတနေ-ကား ဝါကျမဟုတ်၊ သမာသ်ပုဒ်သာ။ အံ၊ ၂။ ၁၄-၆၊ ၂၃-၄၊ ၃၇၂-၃-တို့၌ ဝါကျရှိ၍ ကျန်ပါဠိ, အဋ္ဌကထာတို့၌ သမာသ်သာရှိသည်။

" သတိသတိအာယတနေ--၌
အနက်မြန်မာ ပြန်ဆိုပုံ "

သတိအာယတနေ၊ သတိတည်းဟူသော

အကြောင်းသည်။ ဝါ၊ ကာယဂတာသတိ တည်းဟူသော အကြောင်းသည်။ သတိ၊ ရှိသော်-ဟု အနက်ပြန်ဆိုရမည်။ သီ၊ ဋီ၊ သစ်၊ ၁။ ၄၁၆။ အင္ဂုသာ၊ ယော။ ၁၀၄။ အဘိ၊ ဋ္ဌ၊ ၁။ စံထား၊ ဂဏ္ဌိ။ ၃၃၃။ သီလက္ခန်၊ ဂဏ္ဌိ။ ၂၉၀။ အံ၊ ၁။ သျှ၊ ဗား။ မ၊ ၂။ သျှ။ ဆဠ္ဌ။ ၁၅၉-၆၀။ မ၊ ၂။ မြန်မာပြန်။ ၁၇၄-တို့နှင့် ကာယဂတာသတိ (မ၊ ၃။ ၁၃၁) ၌ ကာယပရိဂ္ဂါဟိကမ္ပိ ကာယာရမ္မဏမ္ပိ သတိ။ ကာယပရိဂ္ဂါဟိကန္တိ ဝုတ္တေ သမထော ကထိတော ဟောတိ၊ ကာယာရမ္မဏန္တိ ဝုတ္တေ ဝိပဿနာ။ ဥဘယေန သမထဝိပဿနာ ကထိတာ ဟောန္တိ။ မ၊ ဋ္ဌ၊ ၄။ ၁၀၂။ အဿာသပဿာသကာယေ ဂတာ ပဝတ္တာတိ ကာယဂတာ၊ တံ ကာယဂတာသတိံ။ သတိသီသေန တံသဟဂတေ ဘာဝနာဓမ္မေ ဝဒတိ အဿာသပဿာသကာယာဒိကေ တံတံကောဋ္ဌာသေ သမထဝတ္ထုဘာဝေန ပရိဂ္ဂဟေတွာ သတိယာ ပရိဂ္ဂဟိတတ္တာ၊ တထာ ပရိဂ္ဂဟိတေ ဝါ တေ အာရဗ္ဘ အနိစ္စာဒိမနသိကာရဝသေန ပဝတ္တာ ကာယာရမ္မဏာ သတိ သတိဘာဝေန ဝတွာ ဧကေဓျ ဒဿေန္တော " ကာယပရိဂ္ဂါဟိက " န္တိအာဒိမာဟ။ မ၊ ဋီ၊ ၃။ ၁၁၅-တို့ကိုထောက်။ ဒီ၊ ဋ္ဌ၊ ၁။ သျှ။ နေရင်း။ ဒီ၊ ဋ္ဌ၊ ၁။ သျှ၊ သစ်၊ ပခုက္ကူ။ ဒီ၊ ဋ္ဌ၊ ၁။ ဘာသာဋီ။ မ၊ ဋ္ဌ၊ ၃။ သျှ။ မိုးထိ။ အဘိ၊ ဋ္ဌ၊ ၁။ သျှ။ ပြည်။ အဘိ၊ ဋ္ဌ၊ ၁။ ဘာသာဋီ။ အဘိ၊ ဋ္ဌ၊ ၁။ မင်းခင်း၊ ဂဏ္ဌိ။ ဝိသုဒ္ဓိ၊ သျှ။ ပြည်။ ဝိသုဒ္ဓိ၊ ဋီ၊ သျှ။ အံ၊ သျှ။ သစ်-တို့၌ ကား ဆရာတို့ အနက်မြန်မာ အမျိုးမျိုး ပြန်ဆိုတော်မူကြသည်။ ဆင်ခြင်ရန်။)

သတိအာရက္ခ (တိ) [သတိ + အာရက္ခ] (၁) သတိဟူသော အစောင့်အရှောက်ရှိသော။ (ပု) (၂) သတိဟူသော အစောင့်အရှောက်။ (၁) ဘဂဝါ စ သတိအာရက္ခေန စေတသာ သမန္နာဂတော။ နေတ္တိ။ ၈၇။ (ပု) (၂) ကေန တေ သံဝုတနိဝါရိတာ၊ သတိအာရက္ခေန။ နေတ္တိ။ ၁၃။ (-ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၅၀-၁။ နေတ္တိ၊ ဝိ။ ၂၄၅)။

သတိဥပနိဗန္ဓနာ (ထီ) [သတိ + ဥပနိဗန္ဓနာ] (က) (သမ္မယုတ်တရားတို့ကို) ကပ်၍ ဖွဲ့ချီတတ်သော သတိ။(ခ) အကြောင်းနိမိတ်ဖြစ်သော ဝင်သက်, ထွက်သက်ကို ဖွဲ့ကြောင်းဖြစ်သော သတိ။ (က) (ခ) သတိဥပနိဗန္ဓနာယ နိမိတ္တဘူတံ အဿာသပဿာသာနံ ဖုသနဋ္ဌာနံ။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၁၂။ သတိဥပနိဗန္ဓနာယာတိ ဥပနိဗန္ဓနသတိယာ၊ သာ ဟိ သမ္ပယုတ္တေ ဓမ္မေ ဥပနိဗန္ဓတီတိ ဥပနိဗန္ဓနာ။ တဿာ နိမိတ္တမ္ပိ ဥပနိဗန္ဓိယတိ တောယာတိ ဥပနိဗန္ဓနာ။ ပဋိသံ၊ ဂဏ္ဌိ။ ၂၇၇။

သတိဥပ္ပဒ္ဒနပဉှ (တိ) [သတိ + ဥပ္ပဒ္ဒန + ပဉှ] သတိဥပ္ပဒ္ဒနပဉှာ၊ သတိဖြစ်ကြောင်းကို မေးမြန်းခြင်း။ သတိဖြစ်ကြောင်းကို မေးမြန်းသည့် ပြဿနာ။ ခုဒ္ဒကနိကာယ၊ မိလိန္ဒပဉှပါဠိ၊ ၂-မိလိန္ဒပဉှ၊ ၇-ဝဂ်၊ ၁-ပဉှ။ မိလိန္ဒ။ ၈၄-၆။

သတိဥပ္ပါဒန (နု) [သတိ + ဥပ္ပါဒန] သတိကို ဖြစ်စေခြင်း။ သတိဥပ္ပါဒနမတ္တမေဝ ကာတဗ္ဗံ ဟောတိ။ မ၊ ဋ္ဌ၊ ၁။ ၃၈၈။

သတိဥပ္ပါဒေတု (ပု) [သတိ + ဥပ္ပါဒေတု] သတိကို ဖြစ်စေတတ်သော၊ သူ။ မောဟေတာ ဟောတိ န သတိဥပ္ပါဒေတာ။ ဝိ၊ ဋ္ဌ၊ ၄။ ၂၂၂။

သတိက (တိ) [သတိ + က္က။ ဂတိက-သံ။] တစ်ရာ-တစ်ရာ အတိုင်းအရှည်- ရှိသော။

သဗ္ဗပါလိဖုဋ္ဌေသု ဝိယ ယောဇနသတိကော ပါရိစ္ဆတ္တကော။ ဥဒါန၊ ဋ္ဌ။ ၃၇၂။

သတိကရဏ (န) [သတိ + ကရဏ] သတိ - ပြု - ထား - ခြင်း။ သတိကို ဖြစ်စေခြင်း။ ထေရနဝမဇ္ဈိမာနံ သတိကရဏတ္ထံ အာယသ္မတော ပုဏ္ဏာသ ဝုဏ် ဘာသတိ။ မ၊ ဋ္ဌ၊ ၂။ ၆၀။ (-ဝိ၊ ဋ္ဌ၊ ၄။ ၁၀၃။ ဝိ၊ သင်္ဂဟ။ ၂၇၈)။

သတိကရဏီယ (တိ) [သတိ + ကရဏီယ] (၁)သတိဖြစ်စေခြင်းမျှ ပြုအပ်သော။(၂)သတိဖြင့် ပြုအပ်သော။ (၁) သတိကရဏီယမေဝ ဟောတိ (မ၊ ၁။ ၁၆၄) တိ တော ဂါဝေါတိ သတိဥပ္ပါဒနမတ္တမေဝ ကာတဗ္ဗံ။ မ၊ ဋ္ဌ၊ ၁။ ၃၈၈။ (၂) သတိကရဏီယာနံ ဓမ္မာ (မဟာနိ။ ၂၆၉) န္တိ သတိယာ ကာတဗ္ဗာနံ ဓမ္မာနံ။ မဟာနိ၊ ဋ္ဌ။ ၄၃။

သတိကဝါဋ (န) [သတိ + ကဝါဋ] သတိတည်းဟူသော တံခါးရွက်၊ တံခါးရွက်နှင့်တူသော သတိ။ တဿ စက္ခုန္ဒြိယဿ သတိကဝါဋေန ပိဒဟနတ္ထာယ န ပဋိပဇ္ဇတိ။ အဘိ၊ ဋ္ဌ၊ ၁။ ၄၂၈။ (-အံ၊ ဋ္ဌ၊ ၃။ ၁၂၇။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၆၂။ ဝိသုဒ္ဓိ၊ ၁။ ၂၁။ ဣတိဝုတ်၊ ဋ္ဌ။ ၄၀၊ ၉၆)။

သတိကာရဏ (န) [သတိ + ကာရဏ] သတိ (ကာယဂတာသတိ) တည်းဟူသော အကြောင်း။ သတိအာယတန-ကြည့်။

သတိကိစ္စ (န) [သတိ + ကိစ္စ] သတိသည် ပြုအပ်သော ကိစ္စ၊ သတိ၏- ကိစ္စ- ပြုဘွယ် ကိစ္စ။ ပစ္စယဝေက္ခဏေ ဝိဇ္ဇမာနာယပိ သတိယာ သတိကိစ္စံ ကာတုံ အသမတ္ထတာယ ဧဝံ ဝုတ္တံ။ မ၊ ဋီ၊ ၁။ ၂၁၆။ အံ၊ ဋီ၊ ၂။ ၄၀။ (-မ၊ ဋီ၊ ၃။ ၁၆။ အံ၊ ဋီ၊ ၃။ ၅)။

သတိကိစ္စာဘာဝ (ပု) [သတိကိစ္စ + အဘာဝ] သတိ၏ ပြုဘွယ်ကိစ္စ မရှိခြင်း။ ဒုဗ္ဗလာယ သတိယာ သတိကိစ္စာဘာဝတောတိ ဧတမတ္ထံ ဒီပေတုံ " အသမ္မောသာ "တိ ဝုတ္တံ။ မ၊ ဋ္ဌ၊ ၁။ ၁၂၁။

သတိကိရိယာ (ထီ) [သတိ + ကိရိယာ] သတိ၏ ပြုဘွယ်ကိစ္စ၊ သတိသည် ပြုအပ်သော ကိစ္စ။ သဗ္ဗဒါ သတိကိရိယာယ တံ သုညတာဒဿနံ သမ္ပဇ္ဇတိ။ နေတ္တိ၊ ဋ္ဌ။ ၄၅။

သတိဂတ္တ (ပု) [သတိ + ဂတ္တ] သတိတည်းဟူသော ကိုယ်ဝန်။ သတိယာ အလ္လီယတိ ဘဇတိ ဥပဂစ္ဆတိ၊ သတိဂတ္တံ ဂဏှာပေတိ။ ခုဒ္ဒက၊ ဋ္ဌ။ ၅၆။

သတိဂေါစရ (ပု) [သတိ + ဂေါစရ] သတိ၏ ကျက်စားရာ အာရုံ။ သတိပဋ္ဌာနာတိ တယော သတိပဋ္ဌာနာ သတိဂေါစရာပိ, ----သတ္တူနော ပဋိယာနုနယဝီတိဝတ္တတာပိ, သတိပိ။ ဒီ၊ ဋ္ဌ၊ ၂။ ၃၄၃။ မ၊ ဋ္ဌ၊ ၁။ ၂၄၂-၃။ အဘိ၊ ဋ္ဌ၊ ၂။ ၂၀၄။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၃၁၂။

သတိဂ္ဂဟဏ (န) [သတိ + ဂဟဏ] သတိ-သဒ္ဒါ။ တသ္မာ တံ ပဋိသေဓေတုံ ပုန သတိဂ္ဂဟဏံ ကတံ။ အဘိ၊ ဋ္ဌ၊ ၁။ ၁၉၁။ မဟာနိ၊ ဋ္ဌ။ ၄၄။

သတိစရိယာ (ထီ) [သတိ + စရိယာ] သတိစရိယာ၊ (အာရုံဖြစ်သော) သတိပဋ္ဌာန် ၄-ပါးတို့၌ ဖြစ်ခြင်း။ ဣရိယာပထစရိယာ, အာယတနစရိယာ, သတိစရိယာ ----- သတိစရိယာတိ စတူသု သတိပဋ္ဌာနေသု။ ပဋိသံ။ ၂၁၅၊ ၄၀၀။ စူဠနိ၊ ၂၃၂။ သတိပဋ္ဌာနေသူတိ အာရမ္မဏသတိပဋ္ဌာနေသု။ သတိပဋ္ဌာနေသုပိ ဝုစ္စမာနေသု သတိတော

အနုညာနိ ဝေါဟာရဝသေန အညာနိ ဝိယ ကတွာ ဝုတ္တံ။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၃၉။ စူဠနိ၊ ဋ္ဌ။ ၉၁။ (-သုတ္တနိ၊ ဋ္ဌ၊ ၁။ ၅၇။ အပ၊ ဋ္ဌ၊ ၁။ ၁၆၉။ စရိယာ၊ ဋ္ဌ။ ၁၇)။

သတိဇနက (တိ) [သတိ + ဇနက] (သီတင်းသုံးဘော်တို့ကို) အောက်မေ့-အမှတ်ရ-ခြင်း(သတိ)ကို ဖြစ်စေတတ်သော (တရား)။ အယံ မေတ္တာကာယကမ္မသင်္ခါတော ဓမ္မော သရိတဗ္ဗော သတိဇနကော။ ဝိ၊ ဋ္ဌ၊ ၄။ ၁၅၃။ သတိဇနကောတိ သပြဟ္ပတာရိန္နံ သတိဇနကော။ ပါစိတ်၊ ယော။ ၅၆၀။

သတိဇနန (န) [သတိ + ဇနန] သတိကို ဖြစ်စေခြင်း၊ သတိရစေခြင်း။ ကိမတ္ထံ ပန ဘဂဝါ ဓမ္မံ ဒေသေန္တော ပဌမံ ဘိက္ခူ အာမန္တေသိ---- သတိဇနနတ္ထံ။ မ၊ ဋ္ဌ၊ ၁။ ၁၅။ သံ၊ ဋ္ဌ၊ ၂။ ၂။ အံ၊ ဋ္ဌ၊ ၄။ ၁၄။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၃၀။ ဣတိဝုတ်၊ ဋ္ဌ၊ ၃၅။ (-သံ၊ ဋီ၊ ၁။ ၁၃၁)။

သတိဇေဋ္ဌက (တိ) [သတိ + ဇေဋ္ဌက] သတိလျှင်-အကြီးအမှူး-အကြီးအကဲ-ရှိသော။ သတာဓိပတေယျ (အံ၊ ဋ္ဌ၊ ၃။ ၂၅၃) ကြည့်။

သတိဉာဏပ္ပဝတ္တနေ (တိ) [သတိ + ဉာဏ + ပဝတ္တန] သတိနှင့် ဉာဏ်တို့ကို ပွင့်လင်း စေတတ်သော (တရား)။ ယေ ကေစိ မေ သုတာ ဓမ္မာ၊ သတိဉာဏပ္ပဝတ္တနာ။ အပ၊ ၁။ ၃၆၂။

သတိဋ္ဌ (တိ) [သတိမန္တု + ဣဋ္ဌ] သတိရှိသူတို့တွင် အထူးသဖြင့် သတိရှိသော၊ သူ။ ဝိသေသန သတိမာတိ သတိယော၊ သတိဋ္ဌော။ ရူ။ ၃၉၇။ သတိယော၊ သတိဋ္ဌော။ နီတိ၊ သုတ္တ။ ၅၁၈။ သတိမန္တာနံ အတိသယေန သတိမာတိ သတိယော သတိဋ္ဌော။ နိရုတ္တိ။ ၅၅၅။

သတိဏ (န) [သဟ + တိဏ။ သဟ-သဒ္ဒါ သကာလျ - သဗ္ဗတ္ထ = အလုံးစုံ အနက်ဟော သည်။] မြက်နှင့်တကွ-အလုံးစုံ-အားလုံး။ တိဏေန သဟ သကလံ သတိဏံ၊ တိဏေန သဒ္ဓိံ သကလံ ဝတ္ထုံ အဗ္ဗောဟာရတီတိ အတ္ထော သဟ-သဒ္ဒသ သာဒေသော။ နိရုတ္တိ။ ၃၃၈။ (-၂၁၉-နှာ)။

သတိဏကဋ္ဌောဒက (တိ) [သဟ + တိဏ + ကဋ္ဌ + ဥဒက] မြက်, ထင်း, ရေ တို့နှင့်-တကွဖြစ်-ပြည့်စုံ-သော။ ဗြာဟ္မဏော ပေါက္ခရသာတိ ဥက္ကဋ္ဌံ အဇ္ဈာဝသတိ သတ္တုဿဒံ သတိဏကဋ္ဌောဒကံ (ပ) ဗြဟ္မဒေယျံ။ ဒီ၊ ၁။ ၈၂။ ယသ္မာ ပနေတံ နဂရံ ဗဟိ အာဝိဇ္ဈိတွာ ဇာတေန ဟတ္ထိအဿာဒီနံ ယာသတိဏေန စေဝ ဂေဟစ္ဆာဒနတိဏေန စ သမ္ပန္နံ။ တထာ ဒါရုကဋ္ဌေဟိ စေဝ ဂေဟသမ္ဘာရကဋ္ဌေဟိ စ။ ---- တဠာကာနိ ဥဒကဿ နိစ္စဘရိတာနေဝ ဟောန္တိ။ တသ္မာ " သတိဏကဋ္ဌောဒက " န္တိ ဝုတ္တံ။ ဒီ၊ ဋ္ဌ၊ ၁။ ၂၁၈။

သတိဒုဗ္ဗလျဒီပန (န) [သတိ + ဒုဗ္ဗလျ + ဒီပန] သတိ၏ အားနည်းသည်၏အဖြစ်ကို ပြခြင်း။ ပညာပနေတ္ထ သတိဒုဗ္ဗလျဒီပနတ္ထံ ဝုတ္တာ။ မ၊ ဋ္ဌ၊ ၁။ ၁၂၁။ (-မ၊ ဋီ၊ ၁။ ၂၁၆)။

သတိဒေါဝါရိက (တိ) [သတိ + ဒေါဝါရိက] (၁) သတိဟူသော-တံခါးစောင့်-တံခါးမှူး-ရှိသော။ (ပု) (၂) တိဟူသော-တံခါးစောင့်-တံခါးမှူး။ (၁) သတိဒေါဝါရိကော ဘိက္ခဝေ အရိယသာဝကော အကုသလံ ပဇဟတိ။ အံ၊ ၂။ ၄၈၁။ (-ပေဋကော။ ၂၂၅။ မိလိန္ဒ။ ၃၁၆)။ (ပု) (၂) ယောဂိနာ ယောဂါဝစရေန အဇ္ဈတ္တရာနံ ဗာဟိရာနံ ကိလေသာနံ

အာရက္ခာယ သတိဒေါဝါရိကော ဌပေတဗ္ဗော။ မိလိန္ဒ၊ ၃၇၅။

သတိဒွါရ (န) [သတိ + ဒွါရ] သတိဟူသော တံခါး၊ သတိတံခါး။ ဇဝမေဝ ဇဝနေ ဒုဿီလျာဒီသု ဥပ္ပန္နေသု တသ္မိံ အသံဝရေ သတိဒွါရမ္ပိ အဂုတ္တံ ဟောတိ။ က္ကတိဝုတ်၊ ၅။ ၉၃။

သတိနိမိတ္တ (န) [သတိ + နိမိတ္တ] သတိ၏-အကြောင်း-အာရုံ။ သတိနိမိတ္တာနံ ဓမ္မာနံ အသမ္မုဋ္ဌတ္တာ (မဟာနိ။ ၂၆၉) တိ သတိယာ ကာရဏာနံ ကာယာဒိအာရမ္မဏာနံ အနဋ္ဌဘာဝေန။ မဟာနိ၊ ၅။ ၄၃။

သတိနေပက္က (န) [သတိ + နေပက္က• နိပက + ဏျ] (၁) သတိပညာ၊ သတိနှင့် (ရင့်ကျက်သည်၏ အဖြစ် • ရင့်ကျက်ခြင်းဟူသော) ပညာ။ (၂) သတိ၏-ရင့်ကျက်-ထက်မျက်-သန့်ရှင်း-ရဲရင့်-ခြင်း။ (၁) သတိနေပက္ကေတိပ္ပစ္စန္နော ဟောတိ။ ဒီ၊ ၃။ ၂၀၉။ သတိ-နေပက္ကေတိ သတိယဥ္စေဝ နေပက္ကဘာဝေစ။ ဒီ၊ ဋ၊ ၃။ ၂၂၃။ သတိယဥ္စေဝ နေပက္က-ဘာဝေ စာတိ သတောကာရိတာယ စေဝ သမ္ပဇာနကာရိတာယစ။ သတိသမ္ပဇည-ဗလေနေဝ ဝီရိယာရမ္ဘော ကတ္တုတိ။ ဒီ၊ ဋီ၊ ၃။ ၂၅၉။ သတိနေပက္ကေနာ (သံ၊ ၃။ ၁၇၃) တိ ဧတ္ထ နိပကဿ ဘာဝေါ နေပက္ကံ၊ ပညာယေတံ နာမံ။ သံ၊ ဋ၊ ၃။ ၂၆၅။ နေပက္ကံ ဝုစ္စတိ ပညာတိ အာဟ " ပညာယေတံ နာမ " န္တိ။ သံ၊ ဋီ၊ ၂။ ၄၈၈။ (-အံ၊ ၂။ ၉၊ ၄၀၇။ အဘိ၊ ဝိ။ ၄၆၇။ အံ၊ ဋ၊ ၃။ ၄၊ ၁၅၁။ အဘိ၊ ဋ၊ ၂။ ၂၉၇။ ပဋိသံ၊ ဋ၊ ၁။ ၆၈။ အံ၊ ဋီ၊ ၃။ ၅။ ပဋိသံ၊ ဂဏ္ဌိ။ ၉၂)။ (၂) သတိနေပက္ကေနာ (မ၊ ၂။ ၁၉) တိ သတိယာ နေပက္ကေန တိက္ခဝိသဒသူရဘာဝေန။ အဋ္ဌကထာယံ ပန နေပက္ကံ နာမ ပညာတိ အဓိပ္ပါယေန " သတိယာ စ နိပကဘာဝေန စာ " တိ အတ္ထော ဝုတ္တော။ ဧဝံ သတိ အညော နိဒ္ဒိဋ္ဌော နာမ ဟောတိ။ မ၊ ဋီ၊ ၃။ ၁၅။ (-သံ၊ ၃။ ၁၇၃။ အံ၊ ၂။ ၉။ သံ၊ ဋီ၊ ၂။ ၄၈၀။ အံ၊ ဋီ၊ ၃။ ၅)။

သတိန္ဒြိယ (ပု) [သတိ + ဣန္ဒြိယ] သတိန္ဒြေ၊ သတိဟူသော ဣန္ဒြေ-- (က) သတိဟူသော (မိမိနှင့် စပ်သော တရားတို့ကို) အစိုးရသည့် သဘောတရား။ (ခ) သတိ ဟူသော (မိမိနှင့်စပ်သော တရားတို့၏)-အကြီးအမှူး-ဦးစီးခေါင်းဆောင်။ (ဂ) သတိဟူသော (အာရုံသို့ ကပ်၍တည်ခြင်း လက္ခဏာ၌) မိမိအစိုးရသည်၏အဖြစ်ကို ပြုစေတတ်သော သဘော တရား။ သဒ္ဓိန္ဒြိယံ ဝီရိယိန္ဒြိယံ သတိန္ဒြိယံ သမာဓိန္ဒြိယံ ပညိန္ဒြိယံ။ မ၊ ၂။ ၁၄၄-၅။ သံ၊ ၃။ ၁၇၀။ အံ၊ ၂။ ၂၄၅။ အဘိ၊ ပု။ ၁၀၂။ သတိန္ဒြိယံ ဟောတိ၊ သမာဓိန္ဒြိယံ ဟောတိ။ အဘိ၊ ဓ။ ၁၇။ သရန္တိ တေနာ, သယံ ဝါ သရတိ, သရဏမတ္တမေဝ ဝါ သောတိ သတိ။ သာဝ မုဋ္ဌဿစ္စဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ၊ ဥပဋ္ဌာနလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။ သတိ ဧဝ ဣန္ဒြိယံ သတိန္ဒြိယံ။ အဘိ၊ ဋ၊ ၁။ ၁၆၄။ (-သံ၊ ၃။ ၁၇၃-၅။ အံ၊ ၁။ ၄၄၊ ၃၀၁။ အဘိ၊ က။ ၁၂ ၁၂၁၊ ၁၈၇၊ ၄၂၆။ ပဋိသံ။ ၉၊ ၁၇၊ ၁၇၈၊ ၁၉၈၊ ၂၁၄၊ ၂၈၀၊ ၃၄၃၊ ၃၉၉။ အဘိ၊ ဋ၊ ၂။ ၁၁၈။ ပဋိသံ၊ ဋ၊ ၁။ ၁၉၃။ ပဋိသံ၊ ဋ၊ ၂။ ၁၃၈)။

သတိန္ဒြိယနိဒ္ဒေသ (ပု) [သတိန္ဒြိယ + နိဒ္ဒေသ] သတိန္ဒြိယနိဒ္ဒေသ၊ သတိန္ဒြေကို အကျယ်ပြ-ရာ-ကြောင်း-ဖြစ်သည့် စကား။

အဘိဓမ္မပိဋက၊ ဓမ္မသင်္ဂဏီပါဠိ၊ ၁-ကဏ္ဍ၊ အဘိ၊ ၄၊ ၁၉။

သတိန္ဒြိယပရိဘာဝိတ (တိ) [သတိန္ဒြိယ + ပရိဘာဝိတ] သတိန္ဒြေဖြင့် ထုံအပ်သော။ သတိန္ဒြိယပရိဘာဝိတာ ဟောတိ မေတ္တာ-စေတောဝိမုတ္တိ။ ပဋိသံ။ ၃၁၆။

သတိန္ဒြိယသမာယောဂ (ပု) [သတိန္ဒြိယ + သမာယောဂ] သတိန္ဒြေနှင့်ယှဉ်ခြင်း။ မုဒုစိတ္တံ သတိန္ဒြိယသမာယောဂေန။ ဝိဇိရ၊ ၄၀၉။

သတိန္ဒြိယသမုဒယ (ပု) [သတိန္ဒြိယ + သမုဒယ] သတိန္ဒြေ၏ ဖြစ်ပေါ်ခြင်း။ ဥပဋ္ဌာနဋ္ဌေန အာဝဇ္ဇနသမုဒယာ သတိန္ဒြိယ-သမုဒယော။ သံ၊ ၄၊ ၃။ ၂၆၄။

သတိန္ဒြိယာဓိက (တိ) [သတိန္ဒြိယ + အဓိက] သတိန္ဒြေ လွန်ကဲသော။ သတိန္ဒြိယေန သတိန္ဒြိယာဓိကေန အရိယမဂ္ဂေန ----- ဝဋ္ဋဒုက္ခတော နိယျာတိ။ နေတ္တိ၊ ဝိ။ ၆၈။

သတိန္ဒြိယာဓိဋ္ဌာန (တိ) [သတိန္ဒြိယ + အဓိဋ္ဌာန] သတိန္ဒြေဟူသော တည်ရာရှိသော (သုတ်)။ သတိန္ဒြိယာဓိဋ္ဌာနံ သမာဓိန္ဒြိယာဓိဋ္ဌာနံ ပညိန္ဒြိယာဓိဋ္ဌာနံ။ ပေဋကော။ ၂၀၉။

သတိန္ဒြုက (တိ) [သဟ + တိန္ဒုက] တိန္ဒုကဇာတ်နှင့်တကွဖြစ်သော။ သကဋ္ဌာယ သတိန္ဒုကပက်ံ ပုန၊ သတဓမ္မသုဒ္ဒကေန ဒဿာတိ။ ဇာ၊ ၁။ ၄၆။

သတိပစ္စယ (တိ) [သတိ + ပစ္စယ] သတိလျှင် အကြောင်းရှိသော။ ဘေသဇ္ဇသ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ သတိပစ္စယတာ ဝဋ္ဋတိ။ ဝိ၊ ၄၊ ၂။ ၂၇၂။ ဝိ၊ သင်္ဂဟ။ ၆၈။ (-ဝဇိရ။ ၂၆၁၊ ၄၈၁။ သာရတ္ထ၊ ၂။ ၄၁၉)။

သတိပစ္စယဝစန (န) [သတိပစ္စယ + ဝစန] သတိပစ္စယသဒ္ဒါ၊ သတိ-သဒ္ဒါ၊ ပစ္စယ-သဒ္ဒါ။ န ဝုတ္တံ “သတိပစ္စယေ”တိ။ တသ္မာ သတိပစ္စယဝစနံ ကတ္ထစိ ဟောတိ၊ ကတ္ထစိ န ဟောတိ။ ဝဇိရ။ ၂၆၂။

သတိပစ္စုပဋ္ဌာန (န) [သတိ + ပစ္စုပဋ္ဌာန] အောက်ပုဒ်ကြည့်။

သတိပစ္စုပဋ္ဌာပန (န) [သတိ + ပစ္စုပဋ္ဌာပန] သတိကို - ရှေးရှု - ဖြစ်ပေါ် - ထင်-စေခြင်း။ ဘဂဝါ အမ္ဗပါလိဒဿနေန သတိပစ္စုပဋ္ဌာနတ္ထံ ---- သတိပဋ္ဌာနဒေသနံ အာရဘိ။ ဒီ၊ ၄၊ ၂။ ၁၃၅။ (-ဒီ၊ ဋီ၊ ၂။ ၁၄၃)။

သတိပညာဝိပ္ပဝါသ (ပု) [သတိ + ပညာ + ဝိပ္ပဝါသ] သတိ၊ ပညာတို့၏-ကွေကွင်း-ကင်းကွာ - ခြင်း။ မောမူဟော ဟောတိ သတိပညာဝိပ္ပဝါသတော။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၄၀၈။

သတိပညာဝေပုလ္လ (န) [သတိပညာ + ဝေပုလ္လ] သတိ၊ ပညာတို့၏ ပြန့်ပြော-သည်၏အဖြစ် - ခြင်း။ သတိပညာဝေပုလ္လံ ပကာသေန္တော ဝိယ သတိသမ္ပဇညံ သုပဋ္ဌိတံ ကတွာ။ ဥဒါန၊ ၄။ ၃၃၄။

သတိပညာဝေပုလ္လပ္ပတ္တိ (ထီ) [သတိပညာဝေပုလ္လ + ပတ္တိ] သတိ၊ ပညာ ပြန့်ပြောသည်၏ အဖြစ်သို့ ရောက်ခြင်း။ သတိပညာဝေပုလ္လပ္ပတ္တိယာ သဗ္ဗတ္ထ သတိသမ္ပဇညသမာယောဂတော န ဗာဓတိ။ ဥဒါန၊ ၄။ ၂၄၅။ (-ထေရ၊ ၄၊ ၁။ ၁၄၁။ သံ၊ ဋီ၊ ၁။ ၁၄၀)။

သတိပညာသံဝရ (ပု) [သတိပညာ + သံဝရ] သတိ၊ ပညာ ဟူသော-ပိတ်ပင်-တားမြစ်-တတ်သော တရား၊ (အကုသိုလ်ကို)

ပိတ်ပင်-တားမြစ်-တတ်သော သတိ, ပညာ၊ ဝီရိယသံဝရ-လည်းကြည့်။ သတိပညာသံဝရေဟိ ---- ဒေါမနဿသမ္ပယုတ္တံ ကောဓံ ဝိနေတိ။ သုတ္တနိ၊ ဋ၊ ၁။ ၉။

သတိပ (ပွ) ဋ္ဌိပက္ခ (တိ) [သတိ + ပဋ္ဌိပက္ခ] သတိ၏ ဆန့်ကျင်ဘက်ဖြစ်သော။ သတိပဋ္ဌိပက္ခာနံ ဓမ္မာနံ ဟတတ္တာ သတော။ မဟာနိ။ ၂၆၉။ (-ပဋ္ဌိသံ၊ ဋ၊ ၁။ ၈၉။ မူလဋ္ဌီ၊ ၁။ ၇၉၊ ၁၂၀။ အနုဋ္ဌီ၊ ၁။ ၁၇၇)။

သတိပဋ္ဌိပက္ခာကုသလဓမ္မ (ပု) [သတိပဋ္ဌိပက္ခ + အကုသလ + ဓမ္မ] သတိ၏ ဆန့်ကျင်ဘက် ဖြစ်သော အကုသိုလ်တရား။ မုဋ္ဌဿစ္စာဒီနံ သတိပဋ္ဌိပက္ခာကုသလဓမ္မာဒိ-ဘာဝတော သိယာ ပဋ္စဒ္ဒါရေ ဉပ္ပတ္တိ။ အနုဋ္ဌီ၊ ၁။ ၂၀၀။ ဝိသုဒ္ဓိ၊ ဋ္ဌီ၊ ၁။ ၄၉။

သတိပဋ္ဌိပက္ခာဒိလက္ခဏ (တိ) [သတိပဋ္ဌိပက္ခ + အာဒိ + လက္ခဏ] သတိ၏ ဆန့်ကျင်ဘက် စသည့် လက္ခဏာ ရှိသော။ မုဋ္ဌဿစ္စာဒီနံ ဟိ သတိပဋ္ဌိပက္ခာဒိလက္ခဏာနံ အကုသလဓမ္မာနံ သိယာ ပဋ္စဒ္ဒါရေ ဉပ္ပတ္တိ။ မ၊ ဋ္ဌီ၊ ၁။ ၁၆၅။

သတိပဋ္ဌိလာဘ (ပု) [သတိ + ပဋ္ဌိလာဘ] သတိကို - ရ - ဖြစ်စေ -ခြင်း။ သတိပဋ္ဌိလာဘတ္တာယာ (မ၊ ဋ၊ ၃။ ၁၉၅) တိ သမ္မာပဋ္ဌိပတ္တိယာ ဉဇ္ဇလနေ ပါကဋ္ဌကရသတိ-ပဋ္ဌိလာဘာယ။ မ၊ ဋ္ဌီ၊ ၃။ ၁၇၇။

သတိပဋ္ဌိလာဘိက (တိ) [သတိပဋ္ဌိလာဘ + ဣက] သတိကို ရခြင်းရှိသော။ ယဋ္ဌိကာရ-သုတ္တေ သတိပဋ္ဌိလာဘိကံ ပုဗ္ဗေနိဝါသပ္ပဋ္ဌိ-သံယုတ္တကထံ။ မ၊ ဋ၊ ၂။ ၅၉။ (-မ၊ ဋ္ဌီ၊ ၂။ ၁၁၇)။

သတိပဋ္ဌိသရဏ (တိ) [သတိ + ပဋ္ဌိသရဏ] သတိ-လျှင်-ဟူသော-လည်းလျောင်း-မှီခို-အားထား-ရာရှိသော။ ကိံ ကာရဏာ? စိတ္တဉ္စိ သတိပဋ္ဌိသရဏံ။ ဒီ၊ ဋ၊ ၂။ ၃၇၈။ သံ၊ ဋ၊ ၃။ ၁၉၅။ အံ၊ ဋ၊ ၁။ ၃၉၂။

သတိပဋ္ဌာန (ပု၊ န) [သတိ + ပဋ္ဌာန။ သမ္ပတ္တုပဋ္ဌာန။ သက္ကတပိဋ္ဌက။] သတိပဋ္ဌာန်-- (၁) သတိ၏တည်ရာ အာရုံ။ (၂) သတိ၏-ပြဋ္ဌာန်း-မြတ်-သော တည်ရာ အာရုံ။ (၃) သတိသည်-အားထုတ်၍ တည်-ဖြစ်-စေအပ်သော (ချစ်ခင်း, မုန်းခြင်းကို လွန်သည်၏ အဖြစ်)။ (၄) လွန်စွာ-ကပ်၍-တည်တတ်သော သတိ (သက်ဝင်-ပြေးဝင်-ပြန့်နှံ့-၍ ဖြစ်တတ်သော သတိ)။ (၅) အောက်မေ့-သက်ဝင်၍တည်-ခြင်း(-သတိ)(၆)သတိပဋ္ဌာန သုတ်။ သတိပဋ္ဌာန်-- (၁) သတိ၏တည်ရာ အာရုံ။ (၂) သတိ၏-ပြဋ္ဌာန်း-မြတ်-သော တည်ရာ အာရုံ။ စတုန္နံ ဘိက္ခဝေ သတိပဋ္ဌာနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ဒေသေဿာမိ။ တံ သုဏာထ။ ---- ကာယဿ သမုဒယော (သံ၊ ၃။ ၁၆၁) တိအာဒီသု ဟိ သတိဂေါစရော သတိပဋ္ဌာနန္တိ ဝုစ္စတိ။ ---- တဿတ္တော ပတိဋ္ဌာတိ အသ္မိန္တိ ပဋ္ဌာနံ။ ကာ ပတိဋ္ဌာတိ? သတိ။ သတိယာ ပဋ္ဌာနံ သတိပဋ္ဌာနံ၊ ပဓာနံ ဋ္ဌာနန္တိ ဝါ ပဋ္ဌာနံ၊ သတိယာ ပဋ္ဌာနံ သတိပဋ္ဌာနံ ဟတ္ထိဋ္ဌာနအဿဋ္ဌာနာဒီနိ ဝိယ။ ဒီ၊ ဋ၊ ၂။ ၃၄၄။ မ၊ ဋ၊ ၁။ ၂၄၃။ သံ၊ ဋ၊ ၃။ ၂၁၄။ အဘိ၊ ဋ၊ ၂။ ၂၀၄။ ပဋ္ဌိသံ၊ ဋ၊ ၂။ ၃၁၂။ မဟာနိ၊ ဋ၊ ၄၀။(-ပဋ္ဌိသံ၊ ဋ၊ ၁။ ၉၀-၁။ ဒီ၊ ဋ္ဌီ၊ ၂။ ၂၈၆။ မ၊ ဋ္ဌီ၊ ၁။ ၃၃၆-၇။ မူလဋ္ဌီ၊ ၂။ ၁၄၄။ -၅။ ပဋ္ဌိသံ၊ ဂဏ္ဌိ။ ၃၀၁။ မဏိမဉ္ဇူ၊ ၂။ ၂၇၇)။ (၃) သတိသည်-အားထုတ်၍ တည်-ဖြစ်-စေ

အပ်သော (ချစ်ခင်း, မုန်းခြင်းကို လွှန်သည်၏ အဖြစ်)။ တယော သတိပဋ္ဌာနာ ယဒရိယော သေဝတိ၊ ယဒရိယော သေဝမာနော သတ္ထာ ဂဏာမနုသာသိတုံ အရဟတီ(မ၊ ၃။ ၂၆၃)တိ ဧတ္ထ တိဓာ ပဋိပန္နေသု သာဝကေသု သတ္ထုနော ပဋိယာနုနယဝီတိဝတ္တတာ " သတိပဋ္ဌာန "န္တိ ဝုတ္တာ။ တသဒ္ဒော ပဋ္ဌပေတဗ္ဗတော ပဋ္ဌာနံ၊ ပဝတ္တယိတဗ္ဗတောတိ အတ္ထော။ ကေန ပဋ္ဌပေတဗ္ဗတောတိ ? သတိယာ။ သတိယာ ပဋ္ဌာနံ သတိပဋ္ဌာနံ။ ဒီ၊ ဋ္ဌ၊ ၂။ ၃၄၄။ မ၊ ဋ္ဌ၊ ၁။ ၂၄၃။ သံ၊ ဋ္ဌ၊ ၃။ ၂၁၄။ အဘိ၊ ဋ္ဌ၊ ၂။ ၂၀၄။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၃၁၂-၃။ မဟာနိ၊ ဋ္ဌ။ ၄၀။ (-အဘိ၊ က။ ၁၂၁-၃။ အဘိ၊ ဋ္ဌ၊ ၃။ ၁၅၈။ ဒီ၊ ဋ္ဌ၊ ၂။ ၂၈၇။ မ၊ ဋီ၊ ၁။ ၃၃၈။ သံ၊ ဋီ၊ ၂။ ၄၅၂။ မူလဋီ၊ ၂။ ၁၄၅။ မဏိမဉ္ဇူ၊ ၂။ ၂၇၇-၈)။ (၄) လွှန်စွာ-ကပ်၍-တည်တတ်သော သတိ (သက်ဝင်-ပြေးဝင်-ပြန့်နှံ့-၍ ဖြစ်တတ်သော သတိ)။ (၅) အောက်မေ့-သက်ဝင်၍ တည်-ခြင်း(=သတိ)။ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ သမ္ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ (မ၊ ၃။ ၁၂၄) တိအာဒီသု ပန သတိယေဝ " သတိပဋ္ဌာန "န္တိ ဝုစ္စတိ။ တသဒ္ဒော-- ပဋ္ဌာတီတိ ပဋ္ဌာနံ၊ ဥပဋ္ဌာတိ ဩက္ကန္ဒိတွာ ပက္ခန္ဒိတွာ ပဋ္ဌရိတွာ ပဝတ္တတီတိ အတ္ထော။ သတိယေဝ သတိပဋ္ဌာနံ။ အထ ဝါ သရဏဋ္ဌေန သတိ၊ ဥပဋ္ဌာနဋ္ဌေန ပဋ္ဌာနံ။ ဣတိ သတိ စ သာ ပဋ္ဌာနဉ္စာတိပိ သတိပဋ္ဌာနံ။ ဣဒမိဓာဓိပ္ပေတံ။ ဒီ၊ ဋ္ဌ၊ ၂။ ၃၄၄။ မ၊ ဋ္ဌ၊ ၁။ ၂၄၃။ သံ၊ ဋ္ဌ၊ ၃။ ၂၁၄-၅။ အဘိ၊ ဋ္ဌ၊ ၂။ ၂၀၄။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၃၁၃။ မဟာနိ၊ ဋ္ဌ။ ၄၀။ (-အဘိ၊ က။ ၃၂၁-၃။ နေတ္တိ။ ၉၉။ အဘိ၊ ဋ္ဌ၊ ၃။ ၁၅၈။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၂၇၀။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၂၃။ ဝိသုဒ္ဓိ၊ ၂။ ၃၁၉။ မဟာနိ၊ ဋ္ဌ။ ၅၅။ နေတ္တိ၊ ဋ္ဌ။ ၂၀၄။ ဒီ၊ ဋီ၊ ၂။ ၂၈၇-၈။ မ၊ ဋီ၊ ၁။ ၃၃၈။ သံ၊ ဋီ၊ ၂။ ၄၅၂။ မူလဋီ၊ ၂။ ၁၄၅။ ဝိဘာဝိနီ။ ၂၂၆။ မဏိမဉ္ဇူ၊ ၂။ ၂၇၆-၇)။ (၆) သတိပဋ္ဌာနသုတ်။ သတိပဋ္ဌာနေ (ပဋိသံ။ ၁၉၈) တိ သတိပဋ္ဌာနာဓိကာရဏေ သုတ္တန္တေ။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၃၂။ မဇ္ဈိမနိကာယေ သတိပဋ္ဌာနံ, သာရောပမံ ---- အာနေဉ္ဇ-သပ္ပါယန္တိ အညာနိပိ သုတ္တာနိ ဒေသေတိ။ ဒီ၊ ဋ္ဌ၊ ၂။ ၃၃၄။ (သတိပဋ္ဌာန် တို့သည်-- (၁) ကာယာနုပဿနာ သတိပဋ္ဌာန်။ (၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်။ (၃) စိတ္တာ-နုပဿနာ သတိပဋ္ဌာန်။ (၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်-ဟူ၍ ၄-ပါးအပြား ရှိကုန်၏။ ယင်းတို့၏ အကျယ်ကို ဆိုင်ရာပုဒ်များကို ကြည့်။ ဒီ၊ ၂။ ၂၃၁။ မ၊ ၁။ ၇၀။ မ၊ ၂။ ၂။ သံ၊ ၃။ ၆၇။ ပဋိသံ။ ၃၃၅။ အဘိ၊ ဝိ။ ၂၀၀-၁၃။ သင်္ဂဟ။ ၁၂၃)။

သတိပဋ္ဌာနအာဋ္ဌက (ပုန) | သတိပဋ္ဌာန + အာဋ္ဌက | သတိပဋ္ဌာန်ဟူသော ကျည်။ (သျ) သတိပဋ္ဌာန် တည်းဟူသော- ကျင်း-ချည်တိုင် (မြန်မာပြန်)။ ဧဝမေဝ ခေါ မဟာရာဇ ယောဂိနာ ယောဂါဝစရေန ဣမဿ ကာယေ သတိပဋ္ဌာနအာဋ္ဌကံ ပရိဟရိတဗ္ဗံ ဝက်ဇိမှ-ကုဋိလစိတ္တဿ ဥဇုကရဏာယ။ မိလိန္ဒ။ ၄၀၅။

သတိပဋ္ဌာနကထာ (ထီ) | သတိပဋ္ဌာန + ကထာ | သတိပဋ္ဌာနကထာ၊ သတိပဋ္ဌာန်ကို ဆို - ရာ - ကြောင်း - ဖြစ်သော စကား။ သတိပဋ္ဌာနကထံ သမ္မပ္ပဓာနကထံ ----- နိဗ္ဗာနကထံ ကထေတိ။ မဟာနိ။ ၁၆၉။သေသာ သတိပဋ္ဌာနကထာ ဟေဋ္ဌာ ဝိတ္ထာရိတာဝ။ မ၊ ဋ္ဌ၊ ၃။ ၄။ (-ဒီ၊ ၂။ ၂၃၁-၅၂။ မ၊ ၁။ ၇၀၊ ၉၁။ အဘိ၊ က။ ၁၂၁-၄။ ပဋိသံ။ ၄၀၆-၉။

မဟာနိ။ ၇။ ဒီ၊ ဋ္ဌ၊ ၂။ ၃၃၄-၉၅။ မ၊ ဋ္ဌ၊ ၁။ ၂၃၀၊ ၃၀၆။ အဘိ၊ ဋ္ဌ၊ ၃။ ၁၅၈-၉။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၃၁၂-၄။ မဟာနိ၊ ဋ္ဌ။ ၃၇၊ ၄၃။ ဒီ၊ ဋီ၊ ၂။ ၂၇၈၊ ၃၄၉။ မ၊ ဋီ၊ ၁။ ၃၂၇-၉၄)။

သတိပဋ္ဌာနကုသလ (တိ) [သတိပဋ္ဌာန + ကုသလ] သတိပဋ္ဌာန်၌-လိမ္မာ-ကျွမ်းကျင်-သော၊ သူ။ သတိပဋ္ဌာနကုသလာ၊ ဇောဗျွင်-ဘာဝနာရတာ။ အပ၊ ၁။ ၂၉။ မိလိန္ဒ။ ၃၂၅။ (-အပ၊ ၂။ ၁၉၄။ ထေရီ၊ ဋ္ဌ။ ၄၄)။

သတိပဋ္ဌာနခေတ္တ (န) [သတိပဋ္ဌာန + ခေတ္တ] သတိပဋ္ဌာန်ဟူသော လယ်၊ လယ်နှင့်တူသော သတိပဋ္ဌာန်။ သတိပဋ္ဌာနခေတ္တမှိ၊ ဒိပ္ပမေဝ ဝိရုဟတိ။ မိလိန္ဒ။ ၃၅၈။

သတိပဋ္ဌာနခေတ္တဝရ (ပု၊ န) [သတိပဋ္ဌာနခေတ္တ + ဝရ] သတိပဋ္ဌာန် ဟူသော မြတ်သော လယ်၊ (ကောင်းမြတ်သော လယ်နှင့်တူသော မြတ်သော သတိပဋ္ဌာန်တရား)။ သတိပဋ္ဌာနခေတ္တဝရေ ခိတ္တံ ဒိပ္ပမေဝ ဝိရုဟတိ။ မိလိန္ဒ။ ၃၅၈။

သတိပဋ္ဌာနဂိဝ (တိ) [သတိပဋ္ဌာန + ဂီဝါ] သတိပဋ္ဌာန်ဟူသော လည်ပင်း ရှိသော။ သတိပဋ္ဌာနဂီဝေါ သော၊ သဗ္ဗါဟတ္ထော မဟာမုနိ။ ထေရ။ ၃၅၃။ တတ္ထ ဂုဏရာသိတော ဥတ္တမင်္ဂဘူတာယ ပညာယ အဓိဋ္ဌာနဘာဝတော သတိပဋ္ဌာနံ ဂီဝါ ဧတဿာတိ သတိပဋ္ဌာနဂီဝေါ။ ထေရ၊ ဋ္ဌ၊ ၂။ ၄၅၆။

သတိပဋ္ဌာနဂေါစရ (တိ) [သတိပဋ္ဌာန + ဂေါစရ] သတိပဋ္ဌာန်လျှင် ကျက်စားရာ အာရုံရှိသော၊ သတိပဋ္ဌာန်၌ တည်သော စိတ်ရှိသော၊ သူ။ သတိပဋ္ဌာနဂေါစရော (ထေရ။ ၂၄၁) တိ ကာယာနုပဿနာဒယော သတိပဋ္ဌာနာ ဂေါစရော ပဝတ္တိဋ္ဌာနံ ဧတဿာတိ သတိပဋ္ဌာနဂေါစရော၊ စတူသု သတိပဋ္ဌာနေသု ပတိဋ္ဌိတစိတ္တောတိ အတ္ထော။ ထေရ၊ ဋ္ဌ၊ ၁။ ၂၅၉။

သတိပဋ္ဌာနဂ္ဂဟဏ (န) [သတိပဋ္ဌာန + ဂဟဏ] သတိပဋ္ဌာန-သဒ္ဒါ။ တေ ပန သတိပဋ္ဌာနဂ္ဂဟဏေနေဝ ဂဟိတာ တဒဝိနာ-ဘာဝတော။ ဒီ၊ ဋီ၊ ၂။ ၂၇၉။ မ၊ ဋီ၊ ၁။ ၃၃၀။

သတိပဋ္ဌာနစတုက္က (န) [သတိပဋ္ဌာန + စတုက္က] သတိပဋ္ဌာန် ၄-ပါး-ခု-အပေါင်း။ တတ္ထ " သတိပဋ္ဌာနစတုက္ကံ ပုဗ္ဗေ ဝိတ္ထာရိတမေဝ။ ဒီ၊ ဋ္ဌ၊ ၃။ ၁၈၈။

သတိပဋ္ဌာနဒေသနာ (ထီ) [သတိပဋ္ဌာန + ဒေသနာ] သတိပဋ္ဌာန်ဒေသနာ။ သတိပဋ္ဌာ-ပဋ္ဌာန-ကြည့်။

သတိပဋ္ဌာနဒွယ (န) [သတိပဋ္ဌာန + ဒွယ] သတိပဋ္ဌာန် ၂-ပါး-ခု-အပေါင်း။ ပုရိမေန ပဋိပဒါဒွယေန ပုရိမံ သတိပဋ္ဌာနဒွယံ ယောဇိတံ။ နေတ္တိ၊ ဋီ။ ၁၁၅။

သတိပဋ္ဌာနဓန (န) [သတိပဋ္ဌာန + ဓန] သတိပဋ္ဌာန်ဟူသောဥစ္စာ။ သဒ္ဓါဓနံ သီလဓနံ ---- ပညာဓနံ သတိပဋ္ဌာနဓနံ (ပ) နိဗ္ဗာနဓနံ။ စူဠနိ။ ၁၀၂၊ ၁၃၂၊ ၁၇၂။

သတိပဋ္ဌာနဝီရ (တိ) [သတိပဋ္ဌာန + ဝီရ] (လေးပါးသော) သတိပဋ္ဌာန်တို့၌ ဉာဏ်ကို ဖြစ်စေ တတ်သော၊ သူ။ အပိ စ ခန္ဓဝီရာ ဓာတုဝီရာ အာယတနဝီရာ ပဋိစ္စသမုပ္ပါဒဝီရာ သတိပဋ္ဌာနဝီရာ ---- ။ မဟာနိ။ ၃၄။ ခန္ဓဝီရာတိ ပဉ္စသု ခန္ဓေသု ဉာဏံ ပဝတ္တေန္တီတိ

ခန္ဓမိရာ။ ----သေသေသုပိ ကမ္မိနာ နယေန အတ္တော နေတဗ္ဗော။ မဟာနိ၊ ဋ္ဌ။ ၁၃၅။

သတိပဋ္ဌာနပ (ပ္ပ) ဋိသံယုတ္တ (တိ) [သတိပဋ္ဌာန + ပဋိသံယုတ္တ] သတိပဋ္ဌာန်နှင့် စပ်ယှဉ်သော။ အန္တိမသော ဒါသကမ္မကရ-ပရိဇနာပိ သတိပဋ္ဌာနပ (ပ္ပ) ဋိသံယုတ္တမေဝ ကထံ ကထေန္တိ။ ဒီ၊ ဋ္ဌ၊ ၂။ ၃၃၄။ မ၊ ဋ္ဌ၊ ၁။ ၂၃၃။

သတိပဋ္ဌာနပဒေသ (ပု) [သတိပဋ္ဌာန + ပဒေသ] သတိပဋ္ဌာန်၏အစိတ်၊ သတိပဋ္ဌာန် တစ်စိတ် တစ်ဒေသ။ ဒသဝိဓော ဟိ ပဒေသော နာမ ခန္ဓပဒေသော----သတိပဋ္ဌာန-ပဒေသော ဈာနပဒေသော နာမပဒေသော ဓမ္မပဒေသော။ အဘိ၊ ဋ္ဌ၊ ၁။ ၃၁။

သတိပဋ္ဌာနပရာယဏ (တိ) [သတိပဋ္ဌာန + ပရာယဏ] သတိပဋ္ဌာန် တရားလျှင် လည်းလျောင်းရာ ရှိသော၊ သတိ ပဋ္ဌာန် ဘာဝနာ၌ မွေ့လျော်သော၊ သူ။ သတိပဋ္ဌာနပရာယဏော(သံ၊ ဋ္ဌ၊ ၁။ ၂၀၂)တိ သတိပဋ္ဌာနဘာဝနာရတော။ သံ၊ ဋီ၊ ၁။ ၂၄၉။

သတိပဋ္ဌာနပရိဂ္ဂဟဏတ္ထ (ပု) [သတိပဋ္ဌာန + ပရိဂ္ဂဟဏ + အတ္ထ] သတိပဋ္ဌာန်ကို သိမ်းဆည်းခြင်း အကျိုး။ သတိပဋ္ဌာနပရိဂ္ဂဟဏတ္ထာယ စဿ အဘိနဝေါ နယော ဥဒပါဒိ။ မ၊ ဋ္ဌ၊ ၃။ ၈။

သတိပဋ္ဌာနပရိဂ္ဂါဟက (တိ) [သတိပဋ္ဌာန + ပရိဂ္ဂါဟက။ ထီ-၌ --ပရိဂ္ဂါဟိကာ။] သတိပဋ္ဌာန်ကို သိမ်းဆည်း တတ်သော။ သတိပဋ္ဌာနပရိဂ္ဂါဟိကာယ ပန ပညာယ သမန္နာဂတတ္တာ မဟာပညောတိ ဝတ္တုံ ဝဋ္ဋတိ။ မ၊ ဋ္ဌ၊ ၃။ ၇။

သတိပဋ္ဌာနပရိစ္ဆေဒ (ပု) [သတိပဋ္ဌာန + ပရိစ္ဆေဒ] သတိပဋ္ဌာန်၏ အပိုင်းအခြား။ တေ "န တတော ဟေဋ္ဌာ, န ဥဒ္ဓ"န္တိ သတိပဋ္ဌာနပရိစ္ဆေဒံ ဒီပေတိ။ သံ၊ ဋ္ဌ၊ ၃။ ၂၁၄။

သတိပဋ္ဌာနပါရိပူရိ (ထီ) [သတိပဋ္ဌာန + ပါရိပူရိ] သတိပဋ္ဌာန်၏ ပြည့်စုံ လုံလောက်ခြင်း။ အာနုဘာဝဝိဇာနနတ္ထန္တိ သတိ-ပဋ္ဌာနပါရိပူရိအာဒိကဿ အာနုဘာဝဿ ဇာနနတ္ထံ။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၄၈၉။

